မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၃ ရက်　၂၀၁၉ ခုနှစ်၊ ဇွန် ၅ ရက်၊ ဗုဒ္ဓဟူးနေ့　အတွဲ (၅၈)၊ အမှတ် (၂၄၈)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံ Charles University ၌ “ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ” ခေါင်းစဉ်ဖြင့် ဟောပြော

ပရာ့ဂ် (ချက်) ဇွန် ၄

ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် ပရာ့ဂ်မြို့ရှိ Charles University သို့ ရောက်ရှိရာ ပါမောက္ခချုပ် Dr. Tomas Zima နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ပါမောက္ခချုပ်က Charles University အတွင်း လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှု အတွေ့အကြုံနှင့်ပတ်သက်သည့် ဟောပြောပို့ချမှု အစီအစဉ်ကို ကျင်းပရာ ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ကျောင်းသား ကျောင်းသူများအား “ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ” ခေါင်းစဉ်ဖြင့် ဟောပြောပို့ချသည်။

ထိုသို့ ဟောပြောပို့ချရာတွင် မြန်မာနိုင်ငံနှင့် ချက်ကိုဆလိုဗေးကီးယားနိုင်ငံတို့အကြား ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရန် စတင်သည့်ကာလမှာ တစ်နှစ်သာ ကွာခြားသော်လည်း ချက်ကိုဆလိုဗေးကီးယားနိုင်ငံတွင် သွေးထွက်သံယိုမှုမရှိဘဲ နူးညံ့သိမ်မွေ့စွာ ကူးပြောင်းနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်က ပြုပြင်ပြောင်းလဲရန် ပြည်သူများ၏ ဆန္ဒဖော်ထုတ်မှုများသည် ချက်သမ္မတနိုင်ငံ၏ ကတ္တီပါတော်လှန်ရေးကဲ့သို့ နူးညံ့သိမ်မွေ့မှုမရှိခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှ စတင်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အများစုအနိုင်ရရှိကာ အစိုးရဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီမိုကရေစီစံနှုန်းများဖြင့် ကိုက်ညီမှုမရှိသည့်အတွက် ပြင်ဆင်ရေးဆွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ❑

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့ရှိ Charles University ၌ “ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ” ခေါင်းစဉ်ဖြင့် ဟောပြောပို့ချစဉ်။

သတင်းစဉ်

မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံတို့သည် တူညီသော ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကြောင့် နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်မှုများ ရှိကြသည့် နိုင်ငံများ ဖြစ်

KBZ BANK

(6) CONSECUTIVE YEARS

‘BANK OF THE YEAR IN MYANMAR 2018’

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

သန့်စင်သည့်လေ

အနောက်ကမ္ဘာတွင် စက်မှုတော်လှန်ရေးမှအစပြုကာ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ တစ်ဟုန်ထိုးမြင့်မားလာခြင်းနှင့်အတူ သဘာဝလောကကြီးကို လူသားတို့ အန်တုလာနိုင်ချိန်မှစ၍ မိမိတို့နေထိုင်ရာ ကမ္ဘာကြီးမှာ တစ်နေ့တခြား ယိုယွင်းထိခိုက်လာသည်။ သဘာဝပတ်ဝန်းကျင်များ ပျက်စီးလာသည်။ ညစ်ညမ်းလာသည်။ အဆိပ်သင့်လာသည်။

ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုများ တူးဖော်မှု၊ သစ်တောများအား ခုတ်ထွင်ရှင်းလင်းမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာမှု၊ မြစ်ချောင်းများကိုပိတ်ဆို့ကာ ရေလှောင်တမံများ တည်ဆောက်မှု၊ မြို့ရွာ အိမ်ခြေတိုက်တာများ၊ လမ်းတံတားများ တိုးချဲ့တည်ဆောက်မှု၊ စက်မှုလက်မှုလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ အကြီးအကျယ်တိုးတက်လာမှု၊ အလွန်အကျွံ ငါးဖမ်းမှု စသည်စသည်ဖြင့် လူသားတို့၏ စားဝတ်နေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်သမျှအားလုံးတို့က လူသားတို့နေထိုင်ရာ သဘာဝပတ်ဝန်းကျင်ကို အနည်းနှင့်အများဆိုသလို ထိခိုက်ပျက်စီးစေသည်။ တစ်နည်းအားဖြင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝပတ်ဝန်းကျင်တို့ကို ပေးဆပ်လိုက်ရခြင်းပင်ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုတို့နှင့်အတူ ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ အသံညစ်ညမ်းမှု၊ အလင်းရောင်ညစ်ညမ်းမှု၊ မြင်ကွင်းရှုပ်ထွေးညစ်ညမ်းမှု စသည်ဖြင့် ညစ်ညမ်းမှုများစွာတို့က လူသားတို့၏ ပတ်ဝန်းကျင်၌ ပေါ်ပေါက်လာပြီး လူသားတို့၏အသက်အန္တရာယ်ကို ထိခိုက်စေသည့် အန္တရာယ်အမှတ်ထိ ရောက်ရှိလာခဲ့ရာ ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် လူသားတိုင်းမှာ တာဝန်ရှိလာသည်။

လူသားကမ္ဘာ၏ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို လူတိုင်းကသတိပြုရေး၊ ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် နှိုးဆော်တိုက်တွန်းသည့်အနေဖြင့် ၁၉၇၄ ခုနှစ်မှစ၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို နှစ်စဉ် ဇွန်လ ၅ ရက်နေ့တိုင်းတွင် ကုလသမဂ္ဂ၏ ကမကထ ပြုမှုဖြင့် ကမ္ဘာ့နိုင်ငံများတွင် ကျင်းပလျက်ရှိရာ ယခုနှစ်အတွက်မူ "သန့်စင်သောလေရှူရှိုက်ဖို့၊ လေထုညစ်ညမ်းမှု တိုက်ဖျက်စို့" ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

သန့်စင်သောလေသည် လူသားတို့၏ အသက်ရှင်သန်ရေး၊ ကျန်းမာရေးအတွက် အရေးကြီးဆုံးလိုအပ်ချက်ပင် ဖြစ်သည်။ သန့်စင်သောလေနှင့် ပတ်သက်၍ တစ်ခုတည်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကမ္ဘာလုံးဆိုင်ရာ စံချိန်စံညွှန်းဟူ၍ မရှိပေ။ သို့ရာတွင် အနံ့အသက်၊ အခိုးအငွေ့၊ အမှုန်အမွှား၊ ဓာတ်ငွေ့များ စသည်တို့ကင်းစင်သည့် သဘာဝလေသည် သာမန်အားဖြင့် သန့်စင်သည့်လေဟု ဆိုနိုင်သည်။ ကမ္ဘာ့လူသားဦးရေ၏ ၉၂ ရာခိုင်နှုန်းမှာ သန့်ရှင်းလတ်ဆတ်သည့် သဘာဝလေကို ရှူခွင့်မရကြဟု ဆိုသည်။ သန့်ရှင်းသောလေကို ရှူခွင့်မရသည့်အခါ ကျန်းမာရေးဆိုင်ရာ ပြဿနာများ စွဲကပ်လာကြသည်။ လေဖြတ်၊ သွေးတိုး၊ နှလုံး စသည့်ရောဂါများ၊ အဆုတ်ကင်ဆာ၊ လေပြွန်ရောင်၊ အသက်ရှူကျပ်ခြင်း တို့အပါအဝင် ရောဂါအမျိုးအမည်များစွာတို့ လေမသန့်မှုကြောင့် ခံစားကြရသည်။

လေမသန့်ခြင်းကြောင့်ဟုဆိုကာ အသက်မရှူဘဲနေ၍မရ။ မိမိတို့ရှူသောလေ သန့်ရှင်းရေးအတွက် လူတိုင်းမှာတာဝန်ရှိသည်။ အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်ရေး၊ အခိုးအငွေ့၊ အနံ့အသက်၊ အမှုန်အမွှားများ ထွက်ပေါ်လွင့်ပျံ့မှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရေး၊ ရေဆင်းမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ သစ်ပင်များရှင်သန်ကြီးထွားအောင် စိုက်ပျိုးပြုစုရေး စသည့်လုပ်ငန်းစဉ်များကို မိမိတစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ စုပေါင်းအင်အားဖြင့် လည်းကောင်း လက်တွေ့ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့ပတ်ဝန်းကျင်မှ လေထုကို သန့်စင်အောင် ဖန်တီးနိုင်ကြပါစေကြောင်း။ ။

ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့

ရန်ကုန် ဇွန် ၄

အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ သား၊ သမီး ကျောင်းသား ကျောင်းသူများအား ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအသုံးအဆောင် စာအုပ်၊ စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပညာသင်စရိတ်ထောက်ပံ့ပေးအပ်မှု ရှင်းလင်းပြောကြားကာ တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူကြိုကျောင်းသား ကျောင်းသူစုစုပေါင်း ၂၇ ဦးတို့အတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ဉာဏ်လင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. Kristian Schmidt နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ညှိနှိုင်းတွေ့ဆုံခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. Kristian Schmidt အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ (EU EOM) ၏ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဥရောပသမဂ္ဂအနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆောင်ရွက်နိုင်မည့် အစီအစဉ်၊ ဥရောပသမဂ္ဂရွေးကောက်ပွဲနောက်ဆက်တွဲလေ့လာရေးအဖွဲ့ (EU Election Follow-up Mission, EU-EFM) ၏ တွေ့ရှိချက်အစီရင်ခံစာပါ အချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြံပြုချက်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဧရာဝတီမြစ်ဝှမ်း ဘက်စုံသုံးရေယာဉ်ကို အပြီးသတ်စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်နေ

ရန်ကုန် ဇွန် ၄

ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုမည့် ဘက်စုံသုံးရေယာဉ်ကို တည်ဆောက်ပြီးစီး၍ သင်္ဘောတွင်တပ်ဆင်ထားသော စနစ်များအား အပြီးသတ်စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း- AMECC Joint Venture Company Limited မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ဧရာဝတီမြစ်ဝှမ်းဘက်စုံသုံးရေယာဉ်ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းအပ်နှံတည်ဆောက်စေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သင်္ဘောတည်ဆောက်ရေးကုမ္ပဏီအနေဖြင့် တင်ဒါအောင်မြင်ခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် ဧပြီ ၆ ရက်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် ဘက်စုံသုံးရန်အတွက် မြန်မာ့သင်္ဘောကျင်းအနေဖြင့် ပထမဆုံးဆောက်လုပ်သော သင်္ဘောဖြစ်ပြီး သင်္ဘော၏အမည်ကို BH 101 ဟူ၍ အမည်ပေးထားကြောင်း သိရသည်။ အဆိုပါသင်္ဘောနှင့် ပတ်သက်၍ Myanma Shipyards - AMECC Joint Venture Company Limited မှ အထွေထွေမန်နေဂျာ (စက်မှု/စီမံ)ဦးကျော်ကျော်က "ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေကြောင်းပြဖော်ယာတွေကို ဝန်ဆောင်မှုပေးမယ့် သင်္ဘောအမျိုးအစား ဖြစ်ပါတယ်။ ဒီသင်္ဘောက ရေကြောင်းပြဖော်ယာတွေကို ဝန်ဆောင်မှုပေးမယ့်အပြင် မြစ်တစ်ဖက်ကမ်းနဲ့တစ်ဖက်ကမ်းကို ဖယ်ရီအနေနဲ့လည်း သုံးလို့ရမယ်။ မြစ်ကြောင်းတစ်လျှောက်မှာ မီးလောင်မှုတွေ ဖြစ်လာမယ်ဆိုရင်လည်း မီးငြိမ်းသတ်ဖို့လည်း သုံးလို့ရမယ်။ ကူးတို့ရေယာဉ်အဖြစ်လည်း သုံးလို့ရတယ်။ ထရပ်ကားတွေလည်း ပို့ဆောင်ပေးလို့ရပါတယ်။ ဒါကြောင့် ဘက်စုံသုံးလို့ခေါ်တာပါ" ဟု ရှင်းပြသည်။

သင်္ဘောအလျားမှာ ၂၆ ဒသမ ၂ မီတာ၊ အကျယ် ၉ ဒသမ ၁ မီတာ၊ အမြင့်မှာ ၁ ဒသမ ၉ မီတာ ရှိကြောင်း သိရသည်။ သင်္ဘောကို ဂျပန်နိုင်ငံ ယာမာမှ ထုတ်လုပ်သော မြင်းကောင်ရေ ၅၀၀ အားရှိ ပင်မအင်ဂျင်နှစ်လုံး တပ်ဆင်ထားပြီး အင်ဂျင်စက်များ၊ ကရိန်းများ၊ မီးသတ်စက်များ၊ ဟိုက်ဒရောလစ်စနစ်များ၊ ရေကြောင်းလမ်းပြစနစ်များ စသော ဘက်စုံအသုံးပြုနိုင်ရန် စက်များတပ်ဆင်ထားသည်။ တစ်နာရီလျှင် ရေမိုင် ၁၀ မိုင်အထိမောင်းနှင်နိုင်ပြီး ရေတိမ်တွင် အလွယ်တကူမောင်းနှင်သွားလာနိုင်ရန်နှင့် ပန်ကာဝင်ရိုးစနစ်မှာ အတင်အချပြုလုပ်နိုင်ရန်အတွက် အရှင်တပ်ဆင်ထားကြောင်း သိရသည်။ ထို့ပြင် ဆွဲသင်္ဘောအနေဖြင့်လည်း အသုံးပြုနိုင်စေရန် တည်ဆောက်ထားသည်ဟု သိရသည်။

သင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်း ခြောက်ဦး လိုက်ပါအမှုထမ်းနိုင်ပြီး တာဝန်ထမ်းဆောင်မည့် ရေယာဉ်ဝန်ထမ်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံရေးဆိုင်ရာပစ္စည်းများလည်း ပါဝင်ကြောင်း သိရသည်။ သင်္ဘောမှာ နိုင်ငံတကာအသိအမှတ်ပြု Class NK အဖွဲ့အစည်း၏ စစ်ဆေးမှုဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်္ဘော တည်ဆောက်ရေးအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ သန်း ကုန်ကျကြောင်း သိရသည်။ သင်္ဘောကို ပုံမှန်စစ်ဆေးမှုများ၊ ပြင်ဆင်မှုများ ပြုလုပ်သုံးစွဲလျှင် ၂၅ နှစ်ခန့် သက်တမ်းအထိ သုံးစွဲသွားနိုင်မည်ဖြစ်သည်။ ယခုအခါ သင်္ဘော၌ တပ်ဆင်ထားသောစနစ်များကို အပြီးသတ်စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်လျက်ရှိပြီး လာမည့် ဇူလိုင်လလယ်ခန့်တွင် သင်္ဘောတည်ဆောက်ရန် လုပ်ငန်းအပ်နှံသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနထံ လွှဲပြောင်းပေးအပ်ဖြစ်မည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဟူ၍ ၂၀၁၅ ခုနှစ် မတိုင်မီက အစိုးရလက်အောက်တွင် ရပ်တည်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် သင်္ဘောကျင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပီယက်နမ်ကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းခဲ့ကြောင်း သိရသည်။ ထိုအချိန်မှစ၍ Myanma Shipyards - AMECC Joint Venture Company Limited အဖြစ် အမည်ပြောင်းလဲလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

ဓာတ်ပုံ - ထိန်လင်း

ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုမည့် ဘက်စုံသုံးရေယာဉ်ကို တွေ့ရစဉ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံတွင် လာရောက်ပညာသင်ကြားနေကြသည့် မြန်မာကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

အလားတူ ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရန်အတွက် (၂၁)ရာစု ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲ လုပ်ငန်းစဉ်များကို ကျင်းပလျက်ရှိကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရတာဝန်ယူခဲ့ပြီးနောက် အစိုးရ အနေဖြင့် ဆက်ခံတာဝန်ယူဖြေရှင်းနေရသည့် အခက်အခဲမှာ ရခိုင်အရေးကိစ္စဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းပါးဆုံး ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်က အသိုက်အဝန်းနှစ်ရပ်အကြား ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံတကာက အာရုံစိုက်လာကြကြောင်း၊ ပြဿနာ၏ အခြေခံ အရင်းအမြစ်ကို အလေးထားပြီးဖြေရှင်းနိုင်ရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ယင်းဒေသတွင်ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်မှုကို ထိခိုက်စေမည့် ကိစ္စရပ်များအား အကောင်းဆုံးကိုင်တွယ်ဖြေရှင်းနိုင်ရန် ဒေါက်တာ ကိုဖီအာနန် ခေါင်းဆောင်သည့် ကော်မရှင်ထံမှလည်း အကြံပြုချက် တောင်းခံခဲ့ကြောင်း။

ဆုတံဆိပ်ကို ဂုဏ်ပြုပေးအပ်

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ARSA အကြမ်းဖက်အဖွဲ့အစည်းမှ နယ်စပ်ဒေသရှိ ရဲစခန်းများအား ဝင်ရောက်တိုက်ခိုက်မှုနှင့် တပ်မတော်၏ ပြန်လည်တုံ့ပြန်မှုများမှ ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ဖြစ်ရပ်များကြောင့် ရခိုင်ပြည်နယ်သည် နိုင်ငံတကာ၏ အာရုံစိုက်ရာ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ကိစ္စရပ်ဖြစ်လာခဲ့ကြောင်း၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့် ရခိုင်အရေးကိစ္စတို့မှာ မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအချို့သာ ဖြစ်သော်လည်း နိုင်ငံတကာက အာရုံစိုက်ပြီး အလေးပေးဖော်ပြခံနေရကြောင်း၊ သို့ရာတွင် အသွင်ကူးပြောင်းမှုမှ မြန်မာပြည်သူများ ရရှိလိုသည့် ရာစုနှစ်ဝက်ကျော်ကြာ မျှော်လင့်ချက်များနှင့် လိုအင်ဆန္ဒများကိုမူ အလေးထားမှု စိတ်ဝင်စားမှုအလွန်နည်းပါးကြကြောင်း၊ ပြည်သူများ၏ အဓိကလိုအပ်ချက်များမှာ ရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်ရေး၊ ကောင်းမွန်သည့် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးတို့ ဖြစ်ကြောင်း၊ ယင်းအခြေခံလိုအပ်ချက်များမှာ နိုင်ငံတကာမှ စိတ်ဝင်စားမှုကို မရရှိသည့် သာမန်ကိစ္စရပ်များသာ ဖြစ်သော်လည်း မြန်မာနိုင်ငံ အတွက်မူ အရေးကြီးသည့်ကိစ္စရပ်များဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံတို့သည် တူညီသော ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကြောင့် နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုများရှိကြသည့် နိုင်ငံများဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား Charles University ပါမောက္ခချုပ်က Historical Medal Charles University ဆုတံဆိပ်ကို ဂုဏ်ပြုပေးအပ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား Charles University ပါမောက္ခချုပ်က Historical Medal Charles University ဆုတံဆိပ်ကို ဂုဏ်ပြုပေးအပ်စဉ်။
သတင်းစဉ်

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Charles University ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး မြန်မာနိုင်ငံမှ ချက်သမ္မတနိုင်ငံတွင် လာရောက်ပညာသင်ကြားနေကြသည့် မြန်မာကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ပထမဆုံးဖွင့်လှစ်သည့် တက္ကသိုလ်ဖြစ်

Charles University ကို ၁၃၄၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဥရောပအလယ်ပိုင်းတွင် ပထမဆုံးဖွင့်လှစ်သည့် တက္ကသိုလ်ဖြစ်ကြောင်း သိရသည်။

ညစာစားပွဲတက်ရောက်

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချက်သမ္မတနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Jan Hornik က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

လက်မှတ်ရေးထိုး

ညစာစားပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အထက်လွှတ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

နံနက်စာစားပွဲတက်ရောက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Tomas Petricek က တည်ခင်းဧည့်ခံသည့် အလုပ်သဘောနံနက်စာစားပွဲသို့ တက်ရောက်သည်။

စာမျက်နှာ ၄ သို့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ချက်သမ္မတနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Jan Hornik တို့ တွေ့ဆုံစဉ်။
သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ - ချက် နှစ်နိုင်ငံစီးပွားရေးဖိုရမ်ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

အလုပ်သဘော နံနက်စာစားပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ဖွဲ့စည်းထားသည့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များမှတစ်ဆင့် နှစ်ဖက်ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်သွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် အတွေ့အကြုံများ အပြန်အလှန် မျှဝေသွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

စီးပွားရေးဖိုရမ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒရီးဘားဘီစ်နှင့်အတူ ချက်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် မြန်မာ - ချက် နှစ်နိုင်ငံစီးပွားရေးဖိုရမ်သို့ တက်ရောက်သည်။

အမှာစကားပြော

ဖိုရမ်ဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကားပြောကြားသည်။

စီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဦးသောင်းထွန်း၊ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းရှင်များ၊ ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ချက်သမ္မတနိုင်ငံကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသံရုံးဖွင့်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဖွင့်ပွဲသို့ တက်ရောက်သည်။

သံရုံးဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ချက်နိုင်ငံခြားရေးဝန်ကြီး Mr. Tomas Petricek တို့က သံရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သံရုံးကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ချက်နိုင်ငံခြားရေးဝန်ကြီး Mr. Tomas Petricek တို့သည် အမှာစကားပြောကြားကြပြီး သံရုံးဖွင့်ပွဲသို့တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

သံရုံးအတွင်း လိုက်လံကြည့်ရှု

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သံရုံးအတွင်းလိုက်လံကြည့်ရှုပြီး မြန်မာနိုင်ငံမှချက်နိုင်ငံ၌ လာရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ၊ ချက်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ သံရုံးမိသားစုဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

နေ့လယ်စာစားပွဲ တက်ရောက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချက်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. Radek Vondracek က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် လူငယ်နှင့်ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းမှ သင်တန်းသား သင်တန်းသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၄

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များအကြောင်းကို လာရောက်လေ့လာ/ ဆွေးနွေးသော မွန်ပြည်နယ် မော်လမြိုင်မြို့အခြေပြု National Enlightenment Institute လူ့စွမ်းအားအရည်အသွေးမြှင့်အဖွဲ့အစည်းမှ ဖွင့်လှစ်သည့် လူငယ်နှင့် ခေါင်းဆောင်မှုဆိုင်ရာသင်တန်းမှ သင်တန်းသား သင်တန်းသူများအား ယနေ့မွန်းလွဲ ၃ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏အနာဂတ်သည် တိုင်းရင်းသားလူငယ်/လူရွယ်များ၏လက်ထဲတွင် ရှိပါကြောင်း၊ သင်ခန်းစာအထောက်အကူပြုလေ့လာရေး ခရီးစဉ်ဖြစ်သည်နှင့်အညီ ခရီးစဉ်အတွင်း လေ့လာမှတ်သားခဲ့ရသည့် မှတ်သားဖွယ်ရာ ဗဟုသုတများကို ယခုသင်ယူနေသော ခေါင်းဆောင်မှုပညာရပ်များနှင့် ပေါင်းစပ်၍ လက်တွေ့ဘဝတွင် ခေါင်းဆောင်ကောင်းများ ဖြစ်လာကြရေး ကြိုးစားသွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးလှမော်ဦးက လူငယ်/လူရွယ်များ အနေဖြင့် ခံယူထားရှိရမည့် စိတ်နေသဘောထား၊ Social Media နှင့် Mobile game များ အသုံးပြုရာတွင် စဉ်းစားချင့်ချိန် သုံးစွဲကြရေး အနာဂတ်၏ ခေါင်းဆောင်များဖြစ်သည်နှင့်အညီ ခေါင်းဆောင်မှုပညာများကို ကြိုးစားလေ့ကျင့်သင်ယူသွားကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်အောင်ဝင်းက ရှင်းလင်းတင်ပြပြီး လေ့လာရေးအဖွဲ့မှ တိုင်းရင်းသားသင်တန်းသား သင်တန်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုပြခန်းများကို လေ့လာကြည့်ရှုသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့အခြေပြု National Enlightenment Institute လူ့စွမ်းအား အရည်အသွေးမြှင့်အဖွဲ့အစည်းသည် ဂျာမနီနိုင်ငံအခြေစိုက် Konrad Adenauer Stiftung (KAS- Foundation) ၏ ပံ့ပိုးမှုဖြင့် နိုင်ငံတည်ဆောက်ရေး၏ အဓိကကျသော အခန်းကဏ္ဍများကို လူငယ်/လူရွယ်များ နားလည်နိုင်စေရန်နှင့် အနာဂတ်တွင် လူငယ်များ ဦးဆောင်မှုနေရာများတွင် ပါဝင်နိုင်စေရန် ရည်ရွယ်၍ လူငယ်နှင့် ခေါင်းဆောင်မှုဆိုင်ရာသင်တန်းများ သင်ကြားပို့ချနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သန္ဓိစွမ်းရည်မြှင့်တင်ရေးအဖွဲ့မှ သင်တန်းသား သင်တန်းသူများ လာရောက်လေ့လာ

နေပြည်တော် ဇွန် ၄

သန္ဓိစွမ်းရည်မြှင့်တင်ရေးအဖွဲ့(Sandhi Governance Institute) မှ ဦးစီးပြုလုပ်လျက်ရှိသည့် နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းအပတ်စဉ်(၅) မှ ဦးခိုင်ဝင်း ဦးဆောင်သော သင်တန်းသား သင်တန်းသူ ၂၉ ဦးတို့သည် ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လေ့လာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ သန္ဓိစွမ်းရည်မြှင့်တင်ရေးအဖွဲ့မှ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲနှောင်းပိုင်းကာလဟု အပိုင်းသုံးပိုင်း သတ်မှတ်ဆောင်ရွက်ရာတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဆိုသည့် စံ (၅) ချက်နှင့် အညီဆောင်ရွက်နေကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးခွင့်ရရှိရေးအတွက် အသက် (၁၈) နှစ်ပြည့်ပြီးသော်လည်း မဲစာရင်းတွင်ပါရှိမှ မဲပေးခွင့်ရရှိမည်ဖြစ်သဖြင့် မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် အလေးထား ဆောင်ရွက်နေကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း များနှင့် ပြည်သူလူထု၏ ပူးပေါင်းကူညီဆောင်ရွက်မှုလိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့တွင် ပါဝင်ဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်ပြည်သူတို့က ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရပါကြောင်း၊ သို့ဖြစ်၍ မဲဆန္ဒရှင်ပြည်သူတိုင်းက မိမိတို့ဆန္ဒနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ဆန္ဒမဲပေးရန်လိုအပ်ပါကြောင်း။

လာရောက် လေ့လာကြသော သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း မဲဆန္ဒရှင် စာရင်းပြည့်စုံမှန်ကန်ရေးနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ရုံး၏ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြကြပြီး လာရောက်လေ့လာသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ဝင်များ **Democracy Reporting International (DRI)** ၏ **Director of Programmes, Ms. Nicola Schmidt** နှင့်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

DRI အဖွဲ့မှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနည်းပညာနှင့် ရန်ပုံငွေ အထောက်အပံ့ပေးရန် စီစဉ်ထားရှိမှုဆွေးနွေး

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် Democracy Reporting International (DRI) ၏ Director of Programmes , Ms. Nicola Schmidt နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် DRI အဖွဲ့မှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနည်းပညာနှင့် ရန်ပုံငွေ အထောက်အပံ့ပေးရန် စီစဉ်ထားရှိမှု၊ Myanmar Democracy Fellowship သင်တန်းများဖွင့်လှစ်ပို့ချနေမှု၊ ရွေးကောက်ပွဲသိမှတ်ဖွယ်ရာ Mobile Application တည်ဆောက်လျက်ရှိသည့်အခြေအနေ၊ ရွေးကောက်ပွဲကာလ လူမှုကွန်ရက်ပေါ်တွင် အမုန်းစကားများစောင့်ကြည့်လေ့လာနိုင်မည့် နည်းလမ်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဇွန် ၄

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ ၁၃ ရက်မြောက်နေ့သို့ National Enlightenment Institute- NEI မှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်မှ တစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၂၄၈ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့လာရောက်လေ့လာသူပေါင်း ၅၂၇၇၁ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို အသိပညာပေးဟောပြောပွဲ ကျင်းပ

ပြည်ကြီးတံခွန် ဇွန် ၄

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အကြို အသိပညာပေးဟောပြောပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြောင်း" သိကောင်းစရာများအား အသိပညာပေးဟောပြောပြီး ဒုတိယဦးစီးမှူး ဒေါ်စောလပြည့်ဝင်းက "ဒို့ကမ္ဘာကြီးလှပဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့" ခေါင်းစဉ်ဖြင့် အသိ ပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူကလေးများက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် ပတ်သက်၍ သိရှိလိုသည်များမေးမြန်းရာ ဟောပြောသူများက ပြန်လည်ဖြေကြားခဲ့သည်။

"ကျောင်းသား လူငယ်လေးတွေကို အခုလို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြောင်း အသိပညာပေးဟောပြောတာ အလွန်ကောင်းပါတယ်။ ဒါမှ သူတို့လေးတွေ ကမ္ဘာ့မြေကြီးကို ချစ်တတ် လာမယ်။ ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်း သာယာလှပအောင် ထိန်းသိမ်းချင်တဲ့ စိတ်တွေ ပေါ်ပေါက်လာမယ်" ဟု သပြေညို ကိုယ်ပိုင်ကျောင်းမှ ဆရာ ကိုကျော်သီဟက ပြောကြားသည်။

ဟောပြောပွဲသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

သန်းဇော်မင်း(ပြန်/ဆက်)

သန့်စင်သောလေကို ရှူရှိုက်နိုင်ဖို့ဆိုလျှင်

မောင်သောင်းဝင်း(တမန်ဟောင်း)

ဤကမ္ဘာမြေကြီး၏သက်တမ်းသည် နှစ်ပေါင်း ငါးသန်းကျော်ရှိနေပြီဟု ဘူမိပညာရှင်များက ခန့်မှန်းထားကြသည်။ လူသားတို့သည် ကမ္ဘာဦးအစမှစ၍ ဤကမ္ဘာမြေကြီးပေါ်တွင် မှီတင်းနေထိုင်လျက်ရှိကြသည်။ လက်ရှိအချိန်တွင် လူဦးရေ ၇ ဒသမ ၉ ဘီလီယံကျော်သည် ကမ္ဘာမြေပေါ်တွင် စုပေါင်းနေထိုင်လျက်ရှိကြသည်။ နေ့စဉ်လည်းတိုးပွားလျက်ရှိသည်။ ထိုသို့တိုးပွားလာလျက်ရှိသည့် လူသားတို့သည်စားဝတ်နေရေးအတွက် စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လာကြရသည်။ ထိုစက်ရုံအလုပ်ရုံများမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်များနှင့် ဖန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာ့လေထုကို ညစ်ညမ်းစေလျက်ရှိသည်။

မီးတောင်များပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခတ်ခြင်း၊ ကမ္ဘာမြေပေါ်သို့ ဥက္ကာခဲများကြွေကျခြင်း၊ သဲမုန်တိုင်းများတိုက်ခတ်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပွားလေ့ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများ၊ ရွှေ့ပြောင်းတောင်ယာခုတ်ထွင်ရှင်းလင်း မီးရှို့မှုများ၊ စွမ်းအင်အတွက် ကျောက်မီးသွေးအသုံးပြုမှုနှင့် လောင်စာအတွက် ထင်းအသုံးပြုမှုများ၊ ပို့ဆောင်ရေး ယာဉ်ယန္တရားများမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုများ၊ ကုန်ထုတ်လုပ်မှုစက်ရုံများမှ မီးခိုးများနှင့် အိမ်တွင်းမှုလုပ်ငန်းများမှာ အသုံးပြုသည့် လောင်စာဆီများမှတစ်ဆင့် လေထုညစ်ညမ်းမှုများဖြစ်ရသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်း တိုးပွားလာသည့် လူဦးရေနှင့်အမျှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လာရသောကြောင့် လေထုညစ်ညမ်းမှု ပိုမိုဖြစ်ပေါ်လာစေသည်။

လေထုညစ်ညမ်းခြင်းဆိုးကျိုးများ

လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် နီးကပ်စွာဆက်စပ်လျက်ရှိသည်။ တောမီးရှို့ခြင်း၊ ကျောက်မီးသွေးစွမ်းအင်ထုတ်လုပ်ခြင်း၊ မော်တော်ကားအင်ဂျင်များနှင့် စက်ရုံအလုပ်ရုံများမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုများပြားခြင်းတို့ကြောင့် လေထုထဲတွင်မသန့်ရှင်းသည့် အမှုန်အမွှားများနှင့် မီးခိုးများ များပြားလာမှုတို့ကြောင့် လေထုညစ်ညမ်းမှုဖြစ်လာရသည်။ လေထုညစ်ညမ်းမှု များလာသည်နှင့်အမျှ အပူချိန်မြင့်တက်လာခြင်း၊ အအေးလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည့်ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ကြုံတွေ့လာရသည်။

ကောင်းကင်၌ မြူခိုးများနှင့် ပိတ်နေပြီဆိုလျှင် နေရောင်ကိုပင် မမြင်ရတော့ပေ။ မီးခိုးဖုံးလွှမ်းမှု ရက်ကာလရှည်လာသည်နှင့်အမျှ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကို ဆက်တိုက်ကြုံတွေ့ရလေ့ရှိသည်။မြူများဆိုင်းလာခြင်း၊ နှင်းမုန်တိုင်းတိုက်လာခြင်း၊ အအေးပိုလာခြင်း၊ အချိန်အခါမဟုတ် မိုးရွာခြင်း စသည့် နောက်ဆက်တွဲ ဆိုးကျိုးကိုကြုံတွေ့ရတတ်သည်။ ထို့အပြင် ကလေးများနှင့် သက်ကြီးရွယ်အိုများတွင် အသက်ရှူမဝခြင်း၊ ပန်းနာရင်ကျပ်ခြင်း၊ နှာခေါင်းပိတ်ကာ ချောင်းဆိုးလာခြင်း၊ မျက်စိများကျိန်းစပ်လာခြင်း၊ မျက်ရည်ယိုခြင်းစသည့် ဝေဒနာများခံစားလာကြရသည်။

လေထုညစ်ညမ်းမှုအများဆုံးနိုင်ငံများ

တောင်အာရှဒေသရှိ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု အများဆုံးနိုင်ငံများဖြစ်သည်။ ထို့အပြင် ယင်းနိုင်ငံများရှိ မြို့ကြီး ၂၀ မှာလည်း လေထုညစ်ညမ်းမှု အမြင့်ဆုံးဖြစ်နေသည်။ ယခုဆိုလျှင် ထိုနိုင်ငံများတွင် နေထိုင်သည့် ပြည်သူများသည် လေထုညစ်ညမ်းမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများနှင့် ကြုံတွေ့နေကြရသည်။ ဆိုရလျှင် အာရှဒေသ၌ ရောဂါအမျိုးမျိုးကြောင့် သေဆုံးသူ သုံးပုံ၊ နှစ်ပုံသည် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ကြရကြောင်း သုတေသနတွေ့ရှိထားသည်။

သေဆုံးမှုနှုန်းမြင့်မား

လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာတစ်ဝန်း၌ နှစ်စဉ် လူခုနစ်သန်းနီးပါးသေဆုံးနေရကြောင်း သုတေသနတွေ့ရှိထားပါသည်။ သေဆုံးရသူအများစုသည် အာရှမှာအများဆုံးဖြစ်သည်။ ထိုသေဆုံးမှုနှုန်းသည် ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးရသည့် ဦးရေနှင့်ညီမျှလျက်ရှိသည်။ လေထုညစ်ညမ်းမှုကြောင့် သေဆုံးရသူများသည် မည်သည့်အရာကိုမျှမလုပ်ဘဲ လေကိုရှူရှိုက်နေရုံမျှဖြင့် သေဆုံးနေရခြင်းဖြစ်သည်။ အမှန်တော့ လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူဦးရေသည် အရက်သောက်သုံးမှုကြောင့် သေဆုံးသည့် ဦးရေထက်ပင်မြင့်မားနေသည်ကို တွေ့ရှိထားသည်။

ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ

လေထုထဲရှိ အဆိပ်အတောက်ဖြစ်စေသည့် အမှုန်အမွှားများသည် လေရှူရှိုက်သူ၏ အဆုတ်သို့မဟုတ် သွေးကြောများမှတစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံးကို ပျံ့နှံ့သွားစေပါသည်။ ထို့အပြင်မျက်လုံးနှင့် မမြင်ရသည့် PM2.5 အမှုန်အမွှားများသည် ဦးနှောက်၊ နှလုံးနှင့် ခန္ဓာကိုယ်အနှံ့အပြားကို ရောက်ရှိစေနိုင်ပါသည်။ ထိုအမှုန်အမွှားလေးများသည် အဆုတ်နှင့် နှလုံးဆိုင်ရာပြဿနာများ၊ လေသင်တုန်း ဖြတ်ခြင်း၊ ပန်နာရင်ကျပ်ဖြစ်ခြင်းတို့အပြင် ကင်ဆာရောဂါအထိပင်ဖြစ်ပွားစေနိုင်သည်။

ကုန်ထုတ်လုပ်မှုကျဆင်း

လေထုညစ်ညမ်းမှုသည် ကျန်းမာရေးအပြင် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကိုလည်း ကျဆင်းစေပါသည်။ ထိုင်း၊ အင်ဒိုနီးရှား၊ အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ရှိ မြို့ကြီးများ၌ လေထုညစ်ညမ်းမှုမြင့်တက်လာချိန်မှာဆိုလျှင် ကလေးများအတွက် ကျန်းမာရေးစိုးရိမ်ရသဖြင့် စာသင်ကျောင်းများပိတ်ထားရခြင်း၊ အလုပ်သမားများ၏ ကျန်းမာရေးအရ စက်ရုံ၊ အလုပ်ရုံများပိတ်ထားရခြင်း၊ မြူခိုးများပိတ်နေသောကြောင့် လေယာဉ်ခရီးစဉ်များဖျက်သိမ်းရခြင်း၊ မြို့တွင်း၌လမ်းကြောင်းများ ရှင်းလင်းပြတ်သားစွာ မမြင်ရခြင်းတို့ကြောင့် မော်တော်ကားများသည် လိုရာခရီးတို့ကို အချိန်မီမသွားနိုင်ခြင်း စသည့်ဆိုးကျိုးများစွာကိုသာ ဖြစ်ပေါ်စေသည်။

ကျန်းမာရေးချူချာလာ

အမှန်စင်စစ်မှာမူ လူသားတို့သည် ကမ္ဘာဦးအစကတည်းကပင် သဘာဝပတ်ဝန်းကျင်အပေါ်မှီခိုကာ အသက်ရှင်နေထိုင်ခဲ့ကြရသည်။ ကမ္ဘာဦးအစ လူသားတို့သည် ဆန်စပါးအတွက် မြေလွတ်မြေရိုင်းများတွင် မျိုးစေ့များကြဲပက်စိုက်ပျိုးခြင်း၊ အသား၊ ငါးအတွက် တောကောင်များဖမ်း၍ ချက်ပြုတ်စားသောက်ခြင်းဖြင့် ရိုးရှင်းစွာနေထိုင်စားသောက်လာခဲ့ကြသည်။ သို့သော် ခေတ်ကာလရွှေ့လျားမှုနှင့်အတူ လူသားတို့၏ အသိပညာဗဟုသုတတိုးပွားလာမှု၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် လိုချင်တပ်မက်မှု ကြီးထွားလာမှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်မှ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲမှုသည် ပိုမိုများပြားလာခဲ့သည်။ ထို့ကြောင့် လက်ရှိအချိန်အတွင် ကမ္ဘာမြေကြီးသည် အရင်းအမြစ်များ ခန်းခြောက်လာသောကြောင့် တဖြည်းဖြည်း ကျန်းမာရေးချူချာလာနေပြီဖြစ်သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

ထို့ကြောင့် ကမ္ဘာ့ခေါင်းဆောင်များသည် ကျန်းမာရေးချူချာလာသော ဤကမ္ဘာမြေကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ၁၉၇၂ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ နှစ်စဉ်ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ နိုင်ငံပေါင်း ၁၄၃ နိုင်ငံသည် ၁၉၇၄ ခုနှစ်မှစ၍ ထိုအခမ်းအနားကို စတင်ကျင်းပခဲ့ကြသည်။ ကမ္ဘာလုံးဆိုင်ရာ ညစ်ညမ်းမှုများနှင့် ကမ္ဘာကြီးပူနွေးလာမှု၏ နောက်ဆက်တွဲဆိုးကျိုးများ၊ စားနပ်ရိက္ခာ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သားရဲတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍ သိရှိနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန် ၂၀၁၉ ခုနှစ်အတွက် သတ်မှတ်ထားသော ဆောင်ပုဒ်သည် "သန့်စင်သောလေ ရှူရှိုက်ဖို့ လေထုညစ်ညမ်းမှု တိုက်ဖျက်စို့" (Beat Air Pollution)ဟူ၍ပင် ဖြစ်သည်။ ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် လူသားအားလုံးကို အကျိုးပြုစေမည့် အလေ့အထကောင်းတစ်ခုပင်ဖြစ်သည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကိုတစ်ဦးချင်း၊ တစ်ဖွဲ့ချင်းမှသည် အစိုးရအဆင့်အထိ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပေသည်။ အထူးသဖြင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များဖြစ်ပေါ်စေသည့် လေထုညစ်ညမ်းမှုကို တိုက်ဖျက်သွားဖို့ အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

လေထုညစ်ညမ်းမှုတိုက်ဖျက်စို့

လက်ရှိအချိန်တွင် လူ့အသက်အန္တရာယ်ကို ခြိမ်းခြောက်လာသည့် လေထုညစ်ညမ်းလာမှုများကိုလျှော့ချနိုင်ဖို့ ကမ္ဘာ့နိုင်ငံများဟာနည်းလမ်းရှာကြံနေကြရသည်။ သာဓကအနေဖြင့် ဖန်လုံအိမ် ဓာတ်ငွေ့လျှော့ချရေးအတွက် ပဲရစ်သဘောတူညီချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။ သို့သော် နိုင်ငံအားလုံးက အပြည့်အဝလိုက်ပါဆောင်ရွက်ခြင်း မရှိသေးသောကြောင့် လေထုညစ်ညမ်းမှုကို မျှော်မှန်းထားသလောက် လျှော့ချနိုင်စွမ်းမရှိသေးပေ။ အမှန်တော့ ပဲရစ်သဘောတူညီချက်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်တို့သည် ကောင်းမွန်သည့်ရာသီဥတုနှင့် သန့်စင်လတ်ဆတ်သည့် လေကောင်းလေသန့်ရရှိရေးတို့အတွက် ရည်မှန်းဖော်ဆောင်နေခြင်းဖြစ်သည်။

ထို့အပြင် တောင်ယာခုတ်ထွင်မှုများနှင့် တောမီးရှို့ခြင်းတို့ကို ရှောင်ရှားခြင်း၊ ကျောက်မီးသွေးနှင့် လောင်စာထင်းအသုံးပြုမှုကို လျှော့ချခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုများပြားသည့် အိုဟောင်းနေသောမော်တော်ကားများကို အသုံးမပြုတော့ခြင်း၊ စက်ရုံ၊အလုပ်ရုံများမှာ လေသန့်စင်ပေးသည့် နည်းပညာမြင့်အဆင့်မြင့်စက်များ တပ်ဆင်ခြင်းစသည့်နည်းလမ်းများနှင့် လေထုညစ်ညမ်းမှုကို တိုက်ဖျက်လျှော့ချပေးနိုင်ပါသည်။

အထူးသဖြင့် သစ်ပင်များသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် များစွာအရေးပါလျက်ရှိသည်။ စင်စစ်အားဖြင့် သစ်ပင်များသည် လေထုအတွင်းရှိ ညစ်ညမ်းသောကာဗွန်ဒိုင်အောက်ဆိုက်များကိုစုပ်ယူပြီး လူအပါအဝင်သက်ရှိများအတွက် များစွာအရေးပါသော အောက်ဆီဂျင်ထုတ်လွှတ်ပေးသည့် အရင်းအမြစ်များဖြစ်သည်။ နှစ်စဉ်လူတိုင်း သစ်ပင်တစ်ပင်စီ ရှင်သန်ဖြစ် ထွန်းအောင်သာ စိုက်ပျိုးသွားမည်ဆိုလျှင် သက်ရှိလောကသည် သိသာထင်ရှားစွာ တိုးတက်လာမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်လျှင် ရေဝေရေလဲထိန်းသိမ်းထားနိုင်ခြင်း၊ လေထုသန့်ရှင်းလတ်ဆတ်လာခြင်း၊ အရိပ်အာဝါသများ ပြန်လည်ကောင်းမွန်လာ ခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်သဖြင့် နွေရာသီတွင် အေးမြမှုကိုရရှိစေခြင်း၊ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုကိုပါ လျှော့ချနိုင်ခြင်းတို့အပြင် သက်ရှိအားလုံး ရှင်သန်နေထိုင်နိုင်ရေးအတွက် ဂေဟစနစ်ကိုပါ ထိန်းသိမ်းပေးနိုင်မည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် များစွာအထောက်အကူပြုစေမည့်အပြင် အနာဂတ်မျိုးဆက်များအတွက်လည်း များစွာသောအကျိုးတရားများကို ရရှိစေသည်။

လူသားတို့နေထိုင်သော ကမ္ဘာကြီးတွင် သစ်ပင်သစ်တောများကို လိုအပ်သည်ထက် ပိုမိုခုတ်လှဲမှု၊ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများကို လွန်ကဲစွာသုံးစွဲလာမှု၊ ဓာတုပစ္စည်းများကို မြစ်ချောင်း၊ အင်းအိုင်များအတွင်းသို့ စွန့်ထုတ်မှု၊ လေထုညစ်ညမ်းမှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတို့ကြောင့် ဆင့်ကဲဖြစ်ပေါ်လာသည့် ရာသီဥတုဖောက်ပြန်မှုကို ကြိုတင်ကာကွယ်ရန်အတွက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်သွားရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းသည် လူသားအားလုံး၏ တာဝန်ဖြစ်သဖြင့် နိုင်ငံသူနိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။

တစ်ဦးချင်းစီတတ်နိုင်သမျှလျှော့ချ

ဆိုရလျှင် ကမ္ဘာကြီးကိုခြိမ်းခြောက်လျက်ရှိသည့် လေထုညစ်ညမ်းမှုပြဿနာကို တစ်ဦးတစ်ယောက်၊ တစ်နိုင်ငံတည်းဖြင့် ဖြေရှင်းနိုင်မည် မဟုတ်ပေ။ ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင်အားလုံး၏ တူညီသည့်ရည်မှန်းချက်နှင့် ခိုင်မာသည့်ဆုံးဖြတ်ချက်လည်း လိုအပ်လျက်ရှိပေသည်။ မည်သို့ပင်ဆိုစေကာမူ ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးသဘောတူညီချက်ကို အမှန်တကယ်သာ လိုက်နာသွားမည်ဆိုလျှင် လေထုညစ်ညမ်းမှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချသွားနိုင်မည်ဖြစ်သည်။ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့်လည်း တောင်ယာခုတ်ထွင်ရှင်းလင်းမီးရှို့ခြင်းနှင့် လောင်စာထင်းအသုံးပြုမှုတို့ကို တတ်နိုင်သမျှ လျှော့ချသွားမည်ဆိုလျှင် လေထုညစ်ညမ်းမှုကို တဖြည်းဖြည်းချင်း တိုက်ဖျက်သွားနိုင်မည်ဟု ခိုင်မာစွာယုံကြည်မိပါသည်။ ။

"သစ်ပင်များသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် များစွာအရေးပါလျက်ရှိသည်။ စင်စစ်အားဖြင့် သစ်ပင်များသည် လေထုအတွင်းရှိ ညစ်ညမ်းသောကာဗွန်ဒိုင် အောက်ဆိုက်များကိုစုပ်ယူပြီး လူအပါအဝင် သက်ရှိများအတွက် များစွာအရေးပါသော အောက်ဆီဂျင်ထုတ်လွှတ်ပေးသည့် အရင်းအမြစ်များဖြစ်"

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြု

နေပြည်တော် ဇွန် ၄

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ** ကို ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး က ဖတ်ကြားတင်ပြရာတွင် နိုင်ငံတော်သမ္မတမှ သဘောထားမှတ်ချက်ပေးပို့လာသည့် အချက် (၂)ချက်ရှိပါကြောင်း၊ တစ်ချက်မှာ တရားလွှတ်တော်ရှေ့နေများကို ရွေးကောက်တင်မြှောက်ဖွဲ့စည်းနိုင်ရန် ဖြစ်ပါကြောင်း၊ လွှတ်တော်က သုံးနှုန်းထားသည်မှာ တရားလွှတ်တော်ရှေ့နေလုပ်သက် (၁၅)နှစ်ဟု သုံးထားပါကြောင်း၊ (၁၅)နှစ်ဟု အတိအကျ သုံးထားခြင်းအားဖြင့် ဥပဒေ၏ ရေးထုံးအရလည်း ကွဲလွဲမှုရှိသကဲ့သို့ လက်တွေ့ကျင့်သုံး ဆောင်ရွက်ရသည့်အခါတွင်လည်း (၁၅)နှစ်ဆိုသည့် အချိန်အတိအကျသတ်မှတ်မှုအစား အနည်းဆုံးလုပ်သက် (၁၅)နှစ်ရှိသူဟု သတ်မှတ်သင့်ကြောင်း သဘောထားပေးပို့ခဲ့ခြင်း ဖြစ်ပါကြောင်း။

တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်း

ထို့ပြင် ယခုဥပဒေသည် ပြင်ဆင်သည့် ဥပဒေဖြစ်ပါကြောင်း၊ ပြင်ဆင်သည့် ဥပဒေတွင် ပါဝင်သည့် အပိုင်းများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟု ပြင်ဆင်ခဲ့သော်လည်း ဥပဒေတစ်ရပ်လုံးတွင် ပါဝင်နေသည့် အခြားသော တရားလွှတ်တော်ဆိုသည့် စကားရပ်များကို ပြင်ဆင်ရန် လိုအပ်နေပါကြောင်း၊ ဥပဒေတစ်ရပ်လုံးတွင် ပါဝင်နေသည့် တရားလွှတ်တော်ဆိုသည့် စကားရပ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟူ၍ ပြင်ဆင်ပေးရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတမှ

ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး ရှင်းလင်းစဉ်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဆွေးနွေးစဉ်။

သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း (၂)ချက်လုံးကို ပြင်ဆင်သင့်ပါကြောင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး က တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၁ အပိုဒ်ခွဲ(က)နှင့်အညီ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်းတစ်ရပ်လုံးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြည်ကြီးတံခွန်မြို့နယ် ရေပေးဝေရေးစီမံကိန်းဆောင်ရွက်ရန် ယူရို ၂၉ ဒသမ ၉၆သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရေပေးဝေရေးစီမံကိန်းဆောင်ရွက်ရန် နယ်သာလန်နိုင်ငံ၊ FMO နှင့် ING Bank ထံမှ ယူရို ၂၉ ဒသမ ၉၆သန်း ချေးငွေရယူရေး**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အမရပူရမဲဆန္ဒနယ်မှ ဦးအောင်ဇော်မြင့် က အဆိုပါ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် လူဦးရေ(၂)သိန်းကျော်အား ဘေးကင်းလုံခြုံစိတ်ချရသည့် ရေကောင်းရေသန့်ကို တစ်ရက်လျှင် ရေဂါလန်(၇)သန်း (၂၄)နာရီ (၇)ရက်ပတ်လုံးဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး စက်မှုဇုန်(၁) (၂) (၃)ရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ရေသန့်စင်စက်ရုံအနီးရှိ ကျေးရွာသုံးရွာတို့မှာလည်း ရေကောင်းရေသန့် ရရှိခံစားရမည်ဖြစ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာခြင်းစသည့်အကျိုးကျေးဇူးရရှိမည် ဖြစ်ပါကြောင်း၊ သို့ပါ၍ ချေးငွေရယူသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး က အဆိုပါ ချေးငွေကို ပြည်ထောင်စုအစိုးရမှ တာဝန်ခံ၍ ချေးသော်လည်း တာဝန်ယူဆပ်ရမည်မှာ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ ဖြစ်ပါကြောင်း၊ ချေးငွေကို စနစ်တကျ ပြန်ဆပ်နိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ပြီးနောက်နှင့် အကောင်အထည်မဖော်ခင်ကာလတွင်ပါ အခွန်အရပ်ရပ်ကို စနစ်တကျကောက်ခံရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် ဒုဋ္ဌဝတီမြစ်ရေကို ရယူဆောင်ရွက်မည်ဖြစ်သည့်အတွက် နည်းပညာ၊ ဒီဇိုင်းအားလုံး စနစ်တကျဆောင်ရွက်ပေးမည်ဆိုပါက အကောင်းဆုံးဖြစ်လာမည်ဟု မျှော်လင့်ပါကြောင်း၊ ထို့ကြောင့် ချေးငွေရယူရေးကိစ္စအား ထောက်ခံဆွေးနွေးရင်း အကြံပြုအပ်ပါကြောင်း ပြောကြားသည်။

အဆိုပါ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်၊ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းလှသိန်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်းနှင့် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်အတွက် IDA ထံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေရယူရေး**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာက ကိုယ်ဝန်ဆောင်မိခင်မှစ၍ မွေးဖွားလာသော ကလေးအသက်နှစ်နှစ်ပြည့်သည်အထိ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ကို အကောင်အထည်ဖော်သည့်နေရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ MCCT လုပ်ငန်းလက်စွဲအရ အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆင့်(၆)ဆင့် ရှိသည့်အနက် ပထမအဆင့်ဖြစ်သည့် ရပ်ရွာလူထုအား အသိပေးခြင်းဆိုသည့် အစီအစဉ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်၍ ရပါကြောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် လွှတ်တော်အတွေ့အကြုံ ရှင်းလင်းခြင်းမှတစ်ဆင့် အဆင့် ၁ ကို ဝိုင်းဝန်းကူညီ၍ ရပါကြောင်း၊ အဆင့် (၆) ဖြစ်သည့် အစီအစဉ်စောင့်ကြည့်လေ့လာခြင်းနှင့် တိုင်ကြားမှုဆောင်ရွက်ခြင်းဆိုသည့် အဆင့်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်၍ ရပါကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အစီအစဉ်အကောင်အထည်ဖော်မည့် ဒေသများတွင် မြို့နယ်အဆင့်အထိ ရုံးခန်းများဖွင့်လှစ်ပြီး ဝန်ထမ်းအင်အားလုံလုံလောက်လောက် ခန့်ထားပေးရန် ဖြစ်ပါကြောင်း၊ ဦးဆောင်အကောင်အထည်ဖော်မည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့အကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို သေချာစွာ ညှိနှိုင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်းက ချေးငွေသည် ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအတွက် အလွန်အကျိုးသက်ရောက်မှုရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသော ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကျေးလက်ဒေသနေ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် ၂ နှစ်အောက် ကလေးများအတွက် ပို၍အကျိုးကျေးဇူးရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအစီအစဉ်နှင့် ဆက်စပ်မှုရှိသောကြောင့် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရယူရေးကိစ္စအား ထောက်ခံပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်း၊ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၊ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်ငွေ၊ ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြည်၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၁)မှ ဦးကျော်သောင်းနှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးစောသန်းထွင်က **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၉/၂၀၁၉)**ကို ဖတ်ကြားတင်ပြရာတွင် နိုင်ငံပိုင်တည်ဆောက်ရေးလုပ်ငန်းများကို ပွင့်လင်းရာသီတစ်လျှောက် တစ်ဆက်တစ်စပ်တည်း အရှိန်အဟုန်ဖြင့် လုပ်ဆောင်နိုင်ရန် ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲသတ်မှတ်ခဲ့သော်လည်း ဘဏ္ဍာရေးစည်းမျဉ်းနှင့် တင်ဒါလုပ်ထုံးလုပ်နည်းများ ဌာနတွင်း လိုက်ပါလုပ်ဆောင်နိုင်မှုအားနည်းမှုများကြောင့် တည်ဆောက်ရေးလုပ်ငန်းအများစုကို လုပ်ငန်းမစတင်နိုင်မှုများအား သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လေ့လာသုံးသပ်လျက် ပြန်လည်ပြင်ဆင်ဆောင်ရွက်သင့်သည်ကို သဘောထားမှတ်ချက်ပြုပါကြောင်း။

အမျိုးသားစီမံကိန်းအစီရင်ခံစာပါ လုပ်ငန်းစီမံကိန်း (Project) များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဖော်ပြရာ၌ ငွေကြေးတန်ဖိုးအားဖြင့် ဖော်ပြသည့်အပြင် လုပ်ဆောင်မည့် လုပ်ငန်းရပ်များအလိုက်၊ မည်သည့်အတိုင်းအတာအထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း တိကျစွာ ဖော်ပြသင့်သည်ကို သဘောထားမှတ်ချက်ပြုပါကြောင်း။

ဆောက်လုပ်မှုကဏ္ဍတွင် ရုံး၊ ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတား၊ ဆိပ်ကမ်း၊ ဆည်မြောင်း၊ မဟာဓာတ်အားလိုင်းစသော ပြည်သူ့အကျိုးပြုလုပ်ငန်းများ (Public Utilities) ကို ပိုမိုဦးစားပေး ဆောက်လုပ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်သင့်သည်ကို သဘောထားမှတ်ချက်ပြုပါကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအချို့၏ သာမန်စာရင်းလိုငွေဖြစ်ပေါ်နေမှုကို ဖြေရှင်းနိုင်ရေးအတွက် နည်းလမ်းများ ရှာကြံဆောင်ရွက်သင့်သည်ကို သဘောထားမှတ်ချက်ပြုပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ

အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ဆွေးနွေးစဉ်။

အမရပူရမဲဆန္ဒနယ်မှ ဦးအောင်ဇော်မြင့် ဆွေးနွေးစဉ်။

ဖွံ့ဖြိုးရေးအတွက် MSME နှင့် SME များအတွက် လိုအပ်သည့် လုပ်ငန်းသုံးချေးငွေများ လွယ်ကူစွာ ရရှိစေနိုင်ရေးနှင့် ချေးငွေများ ပိုမိုရရှိနိုင်စေရေးတို့အတွက် နည်းလမ်းများရှာကြံ ဆောင်ရွက်သင့်သည်ကို သဘောထားမှတ်ချက်ပြုပါကြောင်း။

Ease of Doing Business ညွှန်းကိန်းအဆင့်တိုးတက်ကောင်းမွန်လာရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်သူပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ကာ အကြံဉာဏ်များရယူခြင်း၊ ပြည်ပနိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာခြင်းတို့ဖြင့် ကြိုးပမ်းဆောင်ရွက်သင့်သည်ကို သဘောထားမှတ်ချက်ပြုပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ပထမ ၆ လပတ် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ် (၉/၂၀၁၉) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄(က)၊ (ခ)၊ (ဂ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အစီရင်ခံတင်ပြရင်း အစီရင်ခံစာအား ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးကျော်တင့် က **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၀/၂၀၁၉)** ကိုဖတ်ကြားတင်ပြ၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇွန် ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးမှာကြား

နေပြည်တော် ဇွန် ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဇွန် ၂ ရက် နံနက် ၉ နာရီက မြိုင်မြို့နယ် ဥယျာဉ်ကျေးရွာတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံသည်။ (ယာပုံ)

ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံများတွင် အစားအစာ ဘေးကင်းလုံခြုံရေးကို အဓိကဦးစားပေးဆောင်ရွက်နေပြီဖြစ်၍ မိမိတို့နိုင်ငံအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အမယ်စုံသီးနှံများနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးချဲ့စိုက်ပျိုးရေးကို ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသအသီးသီးရှိ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူအားလုံးတို့ကလည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဂျီအေပီနှင့် အော်ဂဲနစ်သီးနှံများကို ဦးစားပေးလာကြသည့် ဈေးကွက်၏ တောင်းဆိုမှုအပေါ် တောင်သူများ သိရှိနားလည်လာစေရေး ပညာပေးစည်းရုံးခြင်းဖြင့် ဈေးကွက်ဝင် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

၂၀၁၈ - ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံပိုင်ခြံနှင့် ပုဂ္ဂလိကခြံ ရှစ်ခုတို့ကို GAP Certificate ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဂျီအေပီနှင့် အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် စိတ်ပါဝင်စားလျက်ရှိနေကြသည့် တောင်သူများ၊ လုပ်ငန်းရှင်များအား နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ အခြားတောင်သူများကိုလည်း အဆင့်မြင့်နည်းပညာသုံးသီးနှံများ၏ ဈေးကွက်သေချာမှု၊ တောင်သူများအတွက် ဝင်ငွေအကျိုးအမြတ်ပိုမိုခံစားရနိုင်မှုနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ မျှဝေစည်းရုံးပြီး နည်းပညာပြောင်းလဲအသုံးပြုလာစေရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဒေသတွင်းနှင့် နိုင်ငံတကာတွင် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသော စိုက်ပျိုးရေးထွက်ကုန်များအဖြစ် မြန်မာ့လယ်ယာထွက်ကုန်များ ရေရှည်ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း။

သီးနှံများဈေးကောင်းရရှိရေး

မိမိတို့လယ်ယာကဏ္ဍတာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးသာမက သီးနှံများဈေးကွက်ဝင်ဈေးကောင်းရရှိရေးနှင့် တောင်သူ့အကျိုးစီးပွား သိသာစွာဖွံ့ဖြိုးတိုးတက်ရေးကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ကြမှသာ "အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ်ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်"ဟူသည့် မိမိတို့ဝန်ကြီးဌာန၏ မျှော်မှန်းချက်ပြည့်စုံအောင်မြင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥယျာဉ်ကျေးရွာတွင် ပြည်သူ-ကျေးလက်-UNICEF တို့ ပူးပေါင်းဆောင်ရွက်သော လေးလက်မစက်ရေတွင်း၊ ဆိုလာစနစ်ရေတင်စက်နှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်မှုလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခုကဲ့သို့ ကျေးလက်ပြည်သူထည့်ဝင်ငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အိမ်တိုင်ရာရောက်ရေသွယ်စနစ် ဆောင်ရွက်မှုအရ ဥယျာဉ်ကျေးရွာရှိ အိမ်ခြေ ၁၀၀ မှ ကျေးရွာနေပြည်သူ ၄၈၄ ဦးတို့၏ သောက်သုံးရေဖူလုံမှုကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မသန်စွမ်းသူများကို လူမှုရေးအကူအညီပေးရေး အစီအစဉ်များ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုတွင် ဆောင်ရွက်နေမှု ဆွေးနွေး

နေပြည်တော် ဇွန် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် UNICEF (Myanmar)၏ ဌာနေကိုယ်စားလှယ် Ms. June Kunugi အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

စီမံကိန်းချမှတ်ဆောင်ရွက်နေမှု ဆွေးနွေး

တွေ့ဆုံစဉ် မသန်စွမ်းသူများအတွက် နိုင်ငံတော်အဆင့်လုပ်ငန်းစီမံချက် ပေါ်ထွန်းရေး၊ မသန်စွမ်းမှုကာကွယ်ရေးဖြစ်သည့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများ၊ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်တို့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းနိုင်ခဲ့ပြီး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ရေးဆွဲနေမှု၊ မသန်စွမ်းသူမှတ်ပုံတင်ရေး၊ မသန်စွမ်းသူများကို လူမှုရေးအကူအညီပေးရေး အစီအစဉ်များ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုတွင် ဆောင်ရွက်နေမှု၊ မသန်စွမ်းဖြစ်မှုကာကွယ်ရေးတွင် မိုင်းအန္တရာယ်အသိပညာပေးရေးသာမက Early Childhood Intervention (ECI)လုပ်ငန်းကို ပြည်နယ်၊ တိုင်းဒေသကြီး လေးခုတွင် စီမံကိန်းချမှတ်ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးကြသည်။

သတင်းစဉ်

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

မော်လမြိုင် ဇွန် ၄

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ ကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဟံသာခန်းမ၌ ကျင်းပသည်။ **(အောက်ယာပုံ)**

ပြုပြင်ပြောင်းလဲမှုအခြေအနေများ ဆောင်ရွက်ခဲ့မှု

သတင်းစာရှင်းလင်းပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် တတိယ(၁)နှစ်တာကာလ (၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာသနာရေးကဏ္ဍများ၏ ပြုပြင်ပြောင်းလဲတိုးတက်မှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့မှုများကို နိုင်ငံပိုင်မီဒီယာများတွင် ထုတ်လွှင့်ဖော်ပြပေးခဲ့ပြီးဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့် သိရှိလိုသည်များအား လွတ်လပ်စွာမေးမြန်းနိုင်ပြီး သက်ဆိုင်ရာဝန်ကြီးများကလည်း မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မွန်ပြည်နယ်အစိုးရအဖွဲ့၏ တတိယ(၁)နှစ်တာကာလ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာလျှပ်စစ်မီးရရှိရေးနှင့် အိမ်ထောင်စုတိုင်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခဲ့ရာ မြို့နယ် ခုနစ်မြို့နယ်နှင့် မြို့သုံးမြို့ရှိ ကျေးရွာ ၉၇ ရွာ၊ မီးသုံးစွဲသူအိမ်ထောင်စု ၂၂၂၇၄ စု မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကျောင်းအဆင့် တိုးမြှင့်မှုအနေဖြင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စုစုပေါင်း ကျောင်း ၇၆ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကိုလည်း ၆၂ ခုအထိ တိုးမြှင့်ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ရင်းနှီးမြှုပ်နှံမှု ၃၉ ခု ခွင့်ပြု

သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့လာပါက အကာအကွယ်ပြုနိုင်ရေးအတွက် ချောင်းဆုံမြို့နယ်တွင် Cyclone Shelter သုံးလုံးကို တည်ဆောက်ရန် တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပြီး ဘီးလင်းမြို့နယ်၌လည်း Cyclone Shelter တစ်လုံး ထပ်မံတည်ဆောက်ရန် မြေနေရာရွေးချယ်ထားကာ အသေးစိတ် တွက်ချက်တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအနေဖြင့် စက်မှုကဏ္ဍလုပ်ငန်း ရှစ်ခု၊ ဝန်ဆောင်မှုလုပ်ငန်း ခြောက်ခု၊ လျှပ်စစ်ကဏ္ဍလုပ်ငန်းနှစ်ခု၊ ဟိုတယ်ကဏ္ဍ ၁၈ ခု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအနေဖြင့် လုပ်ငန်း ၃၉ ခု ခွင့်ပြုနိုင်ခဲ့ကြောင်း၊ မွန်ပြည်နယ်အတွင်း လုပ်ငန်းများ/ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ကိုင်နေသော လုပ်ငန်းရှင် ၃၀ အား SME ချေးငွေ ကျပ်သန်း ၃၂၃၅ ထုတ်ချေးနိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း မိုးရာသီရေကြီးမှုကြောင့် စပါးပင်များပျက်စီးသည့် မြို့နယ် ကိုးမြို့နယ်တွင် မိုးစပါးရေကြီးနစ်မြုပ် ပျက်စီးဧက ၃၁၆၅၇ ဧကအား ပြန်လည်စိုက်ပျိုးရန်အတွက် မျိုးစပါး ၂၉၅၇၇ တင်း ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ ချောင်းဆုံမြို့နယ်တွင် မြေနုကျွန်း(၁၃၁ ဒသမ ၁၂) ဧကအား ဘီလူးကျွန်းကြိုးပြင်ကာကွယ်တော ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဒီရေတောစိုက်ခင်း ၁၀၈ ဧကအား စိုက်ပျိုးဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း စသည်ဖြင့် သက်ဆိုင်ရာ ဌာနအလိုက် ပြည်သူ့အတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ပြန်လည်ရှင်းလင်းဖြေကြား

ဆက်လက်၍ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော သတင်းမီဒီယာများက လျှပ်စစ်ခတ်အားခကောက်ခံနေမှုစနစ်နှင့် ဝန်ထမ်းမလုံလောက်မှုအခြေအနေများ၊ နွေစပါးစိုက်ပျိုးရေးရရှိရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု၊ ကျိုက်မရောမြို့ရှိ ပုဂ္ဂလိကစက်သုံးဆီဆိုင် တစ်ဆိုင်ပြောင်းရွှေ့ရေး၊ လွှတ်တော်ကတိကဝတ်များနှင့် ပတ်သက်၍ အစိုးရအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲကျင်းပနိုင်ရေး၊ စည်ပင်သာယာပိုင်ဈေးဆိုင်ခန်း ငှားရမ်းခ၊ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ SME လုပ်ငန်းများ ချေးငွေရရှိရေး၊ အခြေခံလူတန်းစားများအတွက် တန်ဖိုးနည်းအိမ်ရာကိစ္စ၊ သုံးဘီးဆိုင်ကယ်များယာဉ်လိုင်းရရှိရေး၊ လျှပ်စစ်မီတာလျှောက်ရာတွင် ကြန့်ကြာနေသည့် ကိစ္စ၊ မိုးရွာလျှင်မီးဖြတ်သည့်ကိစ္စ၊ အခွန်မဲ့ပစ္စည်းများ ဖမ်းဆီးမှုတို့ကို မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်း

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏
နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း (၂)

နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေး အဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)နှင့် (၈) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့ အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်း ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း (၃)

ငွေချေးယူခြင်း

၄။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၁၂ တွင် ဖော်ပြထားသည့် ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ်သန်းငါးသိန်း တိုးမြှင့်လျာထားလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊
ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား(၁)
(ကျပ်သန်းပေါင်း)

အမှတ်စဉ်	၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	နောက်ထပ်ခွင့်ပြုသည့်သုံးငွေ သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ ထုတ်ချေးငွေ	ကြွေးမြီ ချေးယူရရှိငွေအတွက် ပေးဆပ်ငွေ	အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
၁	၃	ပြည်ထောင်စုလွှတ်တော်	ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက ကတာဝန်ပေးသူ		၆,၂၀၀							၆,၂၀၀
၂	၆	ပြည်ထောင်စုတရားလွှတ်တော်ချုပ်	ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ	၁၂၀,၂၆၄								၁၂၀,၂၆၄
၃	၈	ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်	ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက တာဝန်ပေးသူ				၂၅,၈၀၀					၂၅,၈၀၀
၄	၉	ပြည်ထောင်စုရှေ့နေချုပ်	ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ	၁၁၈,၉၆၉								၁၁၈,၉၆၉
၅	၁၀	ပြည်ထောင်စုစာရင်းစစ်ချုပ်	ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ				၉၆,၉၅၅					၉၆,၉၅၅
၆	၁၁	ပြည်ထောင်စုရာထူးဝန်အဖွဲ့	ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ	၉၀,၃၅၃			၈,၄၈၀					၉၈,၈၃၃
		ပေါင်း		၃၂၉,၅၈၆	၆,၂၀၀		၁၃၁,၂၃၅					၄၆၇,၀၂၁

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၂)
(ကျပ်သန်းပေါင်း)

အမှတ်စဉ်	၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	နောက်ထပ်ခွင့်ပြုသည့်သုံးငွေ သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်း သုံးငွေ	ကြွေးမြီ ထုတ်ချေးငွေ	ကြွေးမြီ ချေးယူရရှိငွေအတွက် ပေးဆပ်ငွေ	အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
၁	၁	နိုင်ငံခြားရေး	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ	၆,၃၆၆,၈၆၀		၁,၃၄၄,၀၀၀	၆၂,၂၃၆					၇,၇၇၃,၀၉၆
၂	၃	ပြည်ထဲရေး	၎င်း	၅,၀၃၈,၉၈၅	၃၅၀,၆၇၆	၃,၁၅၀	၈,၂၉၆,၀၄၃					၁၃,၆၉၃,၄၅၄
၃	၄	ကာကွယ်ရေး	၎င်း	၁၅၉,၉၀၃,၇၂၃	၉၃၀,၀၆၆		၁၂၉,၀၇၁,၆၉၃		၂,၂၅၂,၃၃၈			၂၉၂,၁၅၇,၈၂၀
၄	၅	နယ်စပ်ရေးရာ	၎င်း			၂,၂၄၇,၅၀၀	၁,၀၆၄,၃၄၆					၃,၃၁၁,၈၄၆
၅	၆	နိုင်ငံတော်အတိုင်ပင်ခံရုံး	၎င်း				၅,၉၈၅					၅,၉၈၅
၆	၇	ပြန်ကြားရေး	၎င်း	၂၅၁,၂၃၅		၃,၃၂၃	၁,၃၀၀					၂၅၅,၈၅၈
၇	၈	ပြည်ထောင်စုအစိုးရအဖွဲ့ရုံး	၎င်း	၁၆,၇၅၀			၁၇,၉၉၄					၃၄,၇၄၄
၈	၉	သာသနာရေးနှင့်ယဉ်ကျေးမှု	၎င်း	၄၈၇,၄၀၂			၂၄,၇၀၂					၅၁၂,၁၀၄
၉	၁၀	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း	၎င်း	၆,၀၂၃,၅၅၂	၃,၀၅၆,၀၀၆	၂,၈၅၆,၉၁၃	၂၇,၄၆၆,၄၂၆		၁၂,၈၅၂,၃၆၁			၅၂,၂၅၅,၂၅၈
၁၀	၁၁	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး	၎င်း	၃,၇၁၉,၈၅၀	၂,၃၅၂,၆၇၉	၄၇,၃၀၂	၂၆,၅၅၀,၂၃၀		၆၃၇,၃၁၈			၃၃,၃၀၇,၃၇၉
၁၁	၁၂	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၎င်း	၁,၂၃၈,၅၇၅			၁,၆၃၇,၈၄၁					၂,၈၇၆,၄၁၆
၁၂	၁၃	လျှပ်စစ်နှင့်စွမ်းအင်	၎င်း	၁,၅၁၀,၈၇၂	၁,၃၄၈,၀၉၀	၁,၉၅၀	၅၃,၁၂၉,၁၆၀		၄,၈၇၈,၅၅၃			၆၀,၈၆၈,၆၂၅
၁၃	၁၄	အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား	၎င်း	၈၆၀,၁၀၈								၈၆၀,၁၀၈
၁၄	၁၅	စက်မှု	၎င်း	၁၅၃,၁၆၀			၁,၃၂၂,၅၁၂					၁,၄၇၅,၆၇၂
၁၅	၁၆	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	၎င်း	၂၅၃,၄၃၈			၃,၉၈၀					၂၅၇,၄၁၈
၁၆	၁၇	ပညာရေး	၎င်း	၄၄,၇၇၇,၇၈၅	၁,၂၃၃,၈၈၉	၁၀,၉၉၂	၆၀,၆၈၇,၄၅၉					၁၀၅,၅၆၀,၆၃၅
၁၇	၁၈	ကျန်းမာရေးနှင့်အားကစား	၎င်း	၁၂,၄၂၉,၈၆၄			၃၄,၅၃၀,၄၀၀					၄၆,၉၆၀,၂၆၄
၁၈	၁၉	စီမံကိန်းနှင့်ဘဏ္ဍာရေး	၎င်း	၁၃၃,၈၉၄,၇၈၇	၉၅,၅၉၀,၂၅၂	၁၀,၉၅၀,၁၈၇	၇၅၇,၃၀၀	၄၆,၆၂၅,၁၀၂	၁၁,၁၀၅,၈၀၆	၁၃,၀၀၇,၄၇၇		၃၁၁,၉၃၉,၉၁၁
၁၉		ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး	၎င်း	၈၁၂,၈၄၈		၂၂,၇၉၀	၃၈၆,၄၇၀					၁,၂၂၂,၁၀၈
၂၀	၂၀	ဆောက်လုပ်ရေး	၎င်း	၂၄၄,၁၈၄		၁,၉၄၀	၂၄,၉၆၇,၉၁၀					၂၅,၂၁၄,၀၃၄
၂၁	၂၁	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး	၎င်း	၃,၂၅၇,၈၇၇		၁,၇၉၀,၇၃၁	၅,၆၂၂,၀၀၀					၁၀,၆၇၀,၆၀၈
၂၂	၂၂	ဟိုတယ်နှင့်ခရီးသွားလာရေး	၎င်း	၂,၇၀၄,၀၂၀		၃၂,၉၈၈	၁၅၀,၄၄၅					၂,၈၈၇,၄၅၃
၂၃	၂၃	တိုင်းရင်းသားလူမျိုးများရေးရာ	၎င်း				၅,၄၅၀					၅,၄၅၀
၂၄		တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လိုငွေဖြည့်ဆည်းခြင်းအတွက် ထောက်ပံ့ငွေ	၎င်း			၃၈,၉၅၃,၁၉၆						၃၈,၉၅၃,၁၉၆
		ပေါင်း		၄၉၂,၂၁၂,၄၁၇	၁၀၃,၈၅၀,၁၂၈	၉၈,၂၃၂,၉၆၆	၄၇၇,၁၆၆,၀၆၃	၄၆,၆၂၅,၁၀၂	၃၀,၇၂၂,၃၇၆	၁၃,၀၀၇,၄၇၇		၁,၀၆၂,၈၇၇,၅၆၉

(ဆက်လက်ဖော်ပြပါမည်)

“အ”သုံးလုံးအဖွဲ့ဝင်များ ဒုတိယအကြိမ်မြောက် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၄

မြန်မာနိုင်ငံ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့(“အ”သုံးလုံးအဖွဲ့)၏ ဒုတိယအကြိမ်မြောက် ရန်ပုံငွေ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ်နယ်မြေ ဝိဇ္ဇာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေပေးအပ်လှူဒါန်းပွဲသည် တက္ကသိုလ်၊ ကောလိပ်ကျောင်းပေါင်းစုံ “အ”သုံးလုံးအဖွဲ့ဝင်ဟောင်းများက ဦးစီးကျင်းပခြင်းဖြစ်ပြီး ၁၉၆၄-၁၉၈၈ တက္ကသိုလ်ကောလိပ်သိပ္ပံကျောင်းပေါင်းစုံရှိ လုပ်အားပေးအဖွဲ့ဝင်ဟောင်းများ၊ မျက်မှောက်ခေတ် စာတတ်မြောက်ရေး လုပ်အားပေးမျိုးဆက်သစ်များ အပါအဝင် အလှူရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့သည် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ် မေလအထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုရှိ မြို့နယ်နှင့် ကျေးရွာပေါင်း ၈၀ ကျော်သို့ သွားရောက်၍ ပြည်သူလူထုအား အခမဲ့ဆေးကုသပေးခြင်း၊ ကျေးလက်ဆေးပေးခန်းများသို့ ဆေးဝါးနှင့် ဆေးပစ္စည်းများ လှူဒါန်းခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေး၊ စာပေပညာဗဟုသုတဖွံ့ဖြိုးရေးနှင့် လူထုကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ အိမ်တွင်းမှုပညာများ သင်ကြားပေးခြင်း၊ နွမ်းပါးချို့တဲ့သူများအတွက် အဝတ်အစားများလှူဒါန်းခြင်း စသည့် စေတနာ့ဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း အမှုဆောင်အဖွဲ့မှ သိရသည်။

မောင်လူမော်

ပြည်သူများ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူတို့၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးစွမ်းဆောင်မှုများမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးမှုများကို အပတ်စဉ်ဖော်ပြသွားပါမည်။

(စာတည်းအဖွဲ့)

အဆိပ်ပင်များနေရာတွင် ဖွံ့ဖြိုးရေးအသီးအပွင့်များ အမြန်ဖူးပွင့်ဝေဆာစေလိုပါသည်

နန္ဒာဝင်း

(၁)

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ဘိန်းအစားထိုးစီမံကိန်းများကို ဆယ်စုနှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သော်လည်း အပြီးတိုင်လျော့နည်းပပျောက်ခြင်းမရှိသေးပါ။

(၂)

တောင်စောင်း၊ တောင်စွယ်တစ်ကြောတွင် စိုက်ပျိုးထားသည့် အပင်လေးများသည် စိမ်းဖြာ၍ နေသည်။ ဖေဖော်ဝါရီလကုန်တွင် ပန်းများပွင့်၍ မိုးမကျမီ အသီးများကောင်းစွာ ကြီးရင့်လေ့ရှိကြသည်။ အသီးများမှာ အစိမ်းရောင်ဖြစ်ပြီး အသီး၏အပေါ်မှ ပန်းပွင့်ရှိ ပွင့်ဖတ်များမှာ အဖြူစွတ်စွတ်၊ ပန်းဆီရောင်အသွေးကျကျလှပသည်။ ထိုအပင်လေးများသည် လူသားအားလုံးကို အန္တရာယ်ပြုခြိမ်းခြောက်နေပြီး မူးယစ်ဆေးဝါးထုတ်လုပ်နိုင်သည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ရှိ တောင်ကုန်း၊ တောင်တန်းထူထပ်သည့် ဒေသများတွင် စိုက်ပျိုးထားသည့် ဘိန်းပင်များပင်ဖြစ်သည်။

ဘိန်းစိုက်အိမ်ထောင်စုပေါင်း သုံးသိန်းခန့်ရှိ

ရှမ်းပြည်နယ်တွင် မြို့နယ် ၄၀၊ ကချင်ပြည်နယ်တွင် ခြောက်မြို့နယ်၊ ကရင်ပြည်နယ်တွင် သုံးမြို့နယ်၊ ချင်းပြည်နယ်တွင် နှစ်မြို့နယ် စုစုပေါင်း ၅၁ မြို့နယ်တွင် ဘိန်းကို စိုက်ပျိုးနေကြခြင်းဖြစ်ပြီး ခန့်မှန်းခြေ ဘိန်းစိုက်အိမ်ထောင်စုပေါင်း သုံးသိန်းခန့်ရှိကြောင်း၊ ရှမ်းပြည်နယ်တွင် ဘိန်းပင်များကို စီးပွားဖြစ် အဓိကစိုက်ပျိုးနေကြပြီး အိမ်ထောင်စု ၁၀ စုအနက် တစ်စုသည် ဘိန်းစိုက်ပျိုးနေကြောင်း စာရင်းဇယားများအရ သိရသည်။

"ကမ္ဘာမှာ အာဖဂန်နစ္စတန်ပြီးရင် မြန်မာက ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံး ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး ဘိန်းထုတ်လုပ်မှုရဲ့၁၄ ရာခိုင်နှုန်းကို မြန်မာနိုင်ငံက စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးရဲ့ ၉၀ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်က စိုက်ပျိုးနေခြင်းဖြစ်ပါတယ်"ဟု ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က ပြောပြသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်

နယ်မြေငြိမ်းချမ်းမှု၊ လုံခြုံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ဒေသခံပြည်သူများ ဝင်ငွေနည်းပါးခြင်း၊ အခြားဘဝရပ်တည်မှု ရနိုင်မည့်လုပ်ငန်းများ မရှိခြင်း၊ ရာသီဥတု ပထဝီအနေအထားမှာ ဘိန်းစိုက်ပျိုးရန် ပံ့ပိုးနေခြင်း၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးသော်လည်း စျေးကွက်မရှိမှု၊ တွက်ခြေမကိုက်မှု၊ စရိတ်ကြီးမားမှုတို့ကို ရင်ဆိုင်နေရခြင်းဟူသော အကြောင်းတရားများကြောင့်လည်း ဘိန်းစိုက်ပျိုးမှု ယခုကဲ့သို့ များပြားနေရခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

နိုင်ငံ့ဂုဏ်သိက္ခာ ထိခိုက်လျက်ရှိ

"တစ်ကမ္ဘာလုံး ဘိန်းထွက်ရှိမှုရဲ့ လေးပုံတစ်ပုံဟာ မြန်မာ၊ ထိုင်း၊ လာအိုဆိုတဲ့ နိုင်ငံသုံးနိုင်ငံဆုံရာဖြစ်တဲ့ ရွှေတြိဂံဒေသက ထွက်တယ်လို့ နိုင်ငံတကာ သုံးသပ်မှုတွေလည်း ရှိနေပါတယ်။ အခုနှစ်မတ်လက ထိုင်းနိုင်ငံရဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု သတင်းစာရှင်းလင်းပွဲမှာ ပြီးခဲ့တဲ့နှစ်နှစ်အတွင်း ထိုင်းနိုင်ငံက ဖမ်းမိတဲ့ မယ်သာဖက်တမင်း မူးယစ်ဆေးပမာဏ ၁၀ ဆကျော် မြင့်တက်ခဲ့တဲ့အတွက် မူးယစ်ဆေးဝါးအဓိကဝင်ရောက်နေတဲ့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်မှုက ဘယ်လောက်မြင့်မားနေတယ်ဆိုတာ ညွှန်ပြနေတယ်လို့ ရိုက်တာသတင်းဌာနက ဖော်ပြထားပါတယ်။ အဲဒီ မူးယစ်ဆေးဝါးတွေဟာ မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံ၊ အဲဒီကမှတစ်ဆင့် အာရှပစိဖိတ်ဒေသကို ဖြတ်သန်းပြီး တောင်ကိုရီးယား၊ နယူးဇီလန် အစရှိတဲ့ နိုင်ငံတွေအထိ ရောက်သွားတယ်လို့ပါရှိတဲ့အတွက် နိုင်ငံ့ဂုဏ်သိက္ခာကိုလည်း ထိခိုက်လျက်ရှိပါတယ်"ဟုလည်း ပညာရှင်တစ်ဦးက သုံးသပ်ပြသည်။

အမျိုးသားရေးတာဝန်တစ်ရပ်

မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ လက်ဝယ်ထားရှိမှု၊ သယ်ဆောင်ဖြန့်ဖြူးမှု၊ ရောင်းဝယ်ဖောက်ကားမှုတို့သည် လူငယ်ထုအတွင်း အသွင်သဏ္ဌာန်မျိုးစုံဖြင့် ပျံ့နှံ့လျက်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုများလာသည်။ အကျဉ်းထောင်ကျနေသူများ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ မူးယစ်ဆေးဝါးမှုများမှဖြစ်ပြီး အများစုမှာ လူငယ်များဖြစ်နေသည်။ ထို့ကြောင့် နိုင်ငံတော်အတွက် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိရောက်စွာ နှိမ်နင်းရန် လိုအပ်လျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရက အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒအသစ်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ချမှတ်ခဲ့ပြီး အဆိုပါမူဝါဒတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဘဝ တိုးတက်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးမှု တစ်စ တစ်စ ချုပ်ငြိမ်းရေး၊ ထုတ်လုပ်မှု ပပျောက်ရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့ ပါဝင်သည်။

"အခုဆိုရင် ရှမ်းပြည်နယ်က ဘိန်းစိုက်တဲ့ နေရာတွေမှာ အစားထိုးသီးနှံအနေနဲ့ ဝူးလုံလက်ဖက်ခြောက် ဧက ၂၀၀ ကျော် စိုက်ပျိုးထားပြီ ဖြစ်ပါတယ်။ အဲဒီလက်ဖက်ခြောက်ကို ပြည်တွင်းတင်သာမက ပြည်ပအထိဖြန့်ဖို့ ရည်ရွယ်ထားတယ်လို့လည်း သိရပါတယ်။ အဲဒီလိုပဲ ကော်ဖီပင်တွေလည်း စိုက်ပျိုးလို့ရပါတယ်"

"နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့က မူးယစ်ဆေးဝါးနှိမ်နင်းဖို့နဲ့ ပတ်သက်ပြီး လုပ်ဆောင်နေတာတွေ လမ်းညွှန်မှာကြားနေတာတွေလည်း ရှိပါတယ်။ ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် အချက် ၃ မှာလည်း အရင်နှစ်တွေနဲ့ မတူဘဲ ဒီနှစ်မှာ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ကျန်းမာရေးနဲ့ အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေတဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုတွေကို ထိရောက်စွာတားဆီး ကာကွယ်ရေးဆိုတဲ့အချက် ပါဝင်လာတာကို တွေ့ရှိရပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က ပြောကြားသည်။

နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုသည့်အချိန်နှင့် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားချိန်တို့တွင်လည်း မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရန် ပြောကြားခဲ့သည်။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင်လည်း မူးယစ်ဆေးဝါးပြဿနာများအား ရှင်းလင်းပြောကြားခဲ့သည်။

လူငယ်အရင်းအမြစ်များ မပျက်စီးစေရေး

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း မူးယစ်ဆေးဝါးကြောင့် နိုင်ငံ့လူငယ်အရင်းအမြစ်များ မပျက်စီးစေရေးအတွက် ၎င်း၏ ခံယူချက်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည့် ပြည်သူတို့ ကျေးဇူးတင်လွှာ၌ မြန်မာနိုင်ငံ၏အနာဂတ်ကို ပိုင်စိုးသော မျိုးဆက်သစ်လူငယ်များ ကျန်းကျန်းမာမာ ဘေးကင်းလုံခြုံစွာ၊ စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ကြီးပြင်းလာရေး၊ နိုင်ငံ့တာဝန်များကို အသင့်လွှဲပြောင်း တာဝန်ထမ်းဆောင်နိုင်ရေးအတွက် မူးယစ်ဆေးဝါး အမှောင်ထုကြီးကို ရှင်းလင်းဖယ်ရှားနိုင်ရန် အရေးကြီးကြောင်း ဖော်ပြခဲ့သည်။

(၃)

နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ဆောင်ရန် တွန်းအားပေးခဲ့ပြီး ပြည်သူများ သတင်းပေးတိုင်ကြားနိုင်သည့် သီးသန့်ဌာနတစ်ခုလည်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ပြည်သူများ သတင်းပေးတိုင်ကြားလိုပါက ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံ တိုင်ကြားနိုင်သလို နိုင်ငံတော်သမ္မတရုံး၏ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကို ဖွင့်လှစ်ထားပြီး ဆက်သွယ်တိုင်ကြား နိုင်ကြောင်းကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၆ ရက်တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာထားသည်။

တိုင်ကြားလာသော သတင်းများအနက် ၂၀၁၉ ခုနှစ် ဇွန်လ ၁ ရက်အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း ၆၃၉ မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား ၈၄၀၊ မ ၁၆၂ ဦး စုစုပေါင်း ၁၀၀၂ ဦး ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိမှုတွင် ဘိန်းဖြူ၊ ICE၊ ဘိန်း၊ အဆင့်နိမ့် ဘိန်း၊ ဘိန်းစာမှုန့်၊ ဘိန်းစာရွက်၊ ဘိန်းစာရည်၊ စိတ်ကြွဆေးပြား၊ ဆေးခြောက်၊ ဘိန်းရည်၊ ဘိန်းဆီခဲ၊ ဘိန်းစေ့၊ စိတ်ကြွဆေးပြားအကြေမှုန့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည်။

ဘိန်းစိုက်ပျိုးမှု ပပျောက်အောင်

"မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးအတွက် ဘိန်းစိုက်ပျိုးမှုလျော့နည်းအောင်၊ အဲဒီကတစ်ဆင့် အပြီးတိုင်ချုပ်ငြိမ်း ပပျောက်အောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင်လည်း ဘိန်းအစားထိုးစီမံကိန်းတွေ ဆောင်ရွက်တဲ့အတွက် ဘိန်းစိုက်ပျိုးမှု နှစ်စဉ်လျော့နည်းလာတာကို တွေ့ရပါတယ်။ ကုလသမဂ္ဂနဲ့ ပြည်ပနိုင်ငံမှ အဖွဲ့အစည်းတွေက အခုဆိုရင် ရှမ်းပြည်နယ်က မြို့နယ်ငါးခုမှာ ဘိန်းအစားထိုးစိုက်ပျိုးရေးစီမံကိန်းတွေ ဆောင်ရွက်နေပါတယ်။ ဘိန်းစိုက်ပျိုးမှု ပပျောက်အောင် ဥပဒေအရ ခွင့်ပြုထားတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ၊ ဘိန်းစိုက်တောင်သူတွေ ဘဝရပ်တည်နိုင်အောင် လိုအပ်တဲ့ထောက်ပံ့ပေးမှုတွေကို ပြုလုပ်ပေးဖို့ လိုပါတယ်။ အမျိုးသားရေးစီမံချက်တွေ၊ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေ၊ ပညာပေးဆောင်ရွက်မှုတွေ ပြုလုပ်ပေးသင့်ပါတယ်"ဟု ပညာရှင်များက သုံးသပ်ကြသည်။

ဘိန်းစိုက်သည့် တောင်သူများသည် မိရိုးဖလာလုပ်ငန်းဖြစ်သည့်အတွက် နှစ်ပေါင်းများစွာက လုပ်ကိုင်ခဲ့ကြပြီး ဘိန်းစိုက်ပျိုး၍ရသည့်ငွေက မိသားစု၏ အဓိကဝင်ငွေဖြစ်နေသည်။ ထို့ကြောင့် ၎င်းတို့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် ဘဝရပ်တည်မှုအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်မှာလည်း လိုအပ်လှသည်။

စာမျက်နှာ ၁၁ သို့

နိုင်ငံတော်နှင့်ပြည်သူ့အကျိုးရှေးရှု လွှတ်တော်များ၏ဖော်ဆောင်မှု

စာမျက်နှာ ၁၀ မှ

"ဒီဘိန်းစိုက်ပျိုးမှုက ဥပဒေနဲ့ မညီညွတ်ဘူး၊ နိုင်ငံ့ဂုဏ်သိက္ခာလည်း ထိခိုက်တယ်။ နိုင်ငံသားတွေအတွက် ကြီးမားတဲ့အန္တရာယ်လည်း ဖြစ်စေတဲ့အတွက် မစိုက်ရဘူးဆိုရင် ဘိန်းစိုက်တောင်သူတွေရဲ့ဘဝရပ်တည်မှုအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရပါလိမ့်မယ်။ အခြားအစားထိုးလုပ်နိုင်မယ့် ရေရှည်နည်းလမ်းတွေလိုတယ်။ ဒီကြီးမားတဲ့စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်ဖို့ဆိုရင် မှန်ကန်တဲ့စီမံခန့်ခွဲမှုအပြင် လက်တွေ့ကျကျပြောင်းလဲနိုင်တဲ့ အခြေအနေတစ်ရပ်ကိုလည်း ဖန်တီးပေးဖို့ လိုပါတယ်" ဟု ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က သုံးသပ်သည်။

အဆိုတင်သွင်းသူ ဒေါ်ခင်နှင်းသစ်၏ မဲဆန္ဒနယ်ဖြစ်သည့် ပန်းတောင်းမြို့နယ်သည် ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းတွင် သီးခြားတည်ရှိသော ပဲခူးတိုင်းဒေသကြီး၏ မြို့ငယ်တစ်ခုဖြစ်သည်။ ပြည်ခရိုင်တွင် ဇရိယာအကျယ်ဆုံးမြို့နယ်ဖြစ်သောကြောင့် အခြေခံလိုအပ်ချက်များပြားခြင်း၊ ကုန်သွယ်ခြင်း၊ ကုန်ထုတ်ခြင်း၊ ဒေသထွက်ထုတ်ကုန် မရှိခြင်းကြောင့် စီးပွားရေးနိမ့်ကျပြီး ဖွံ့ဖြိုးမှုနောက်ကျသော မြို့နယ်လည်းဖြစ်သည်။

"(၁၇.၁၂.၂၀၁၈)နှင့် (၁၈.၁၂.၂၀၁၈)နေ့တို့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သော မူးယစ်ဆေးဝါး အန္တရာယ် ကာကွယ်လျော့ချရေးဆိုင်ရာ လူထု တွေ့ဆုံဆွေးနွေးပွဲ"

ပြည်သူများအတွက် ဆောင်ရွက်လျက်ရှိ

ထို့ကြောင့် ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က ဒေသခံပြည်သူများအား ကိုယ်စားပြုသော ဒေသဖွံ့ဖြိုးရေးများ၊ မြေယာပြဿနာများ၊ ရထားလမ်းလျော်ကြေး၊ ကားလမ်းလျော်ကြေးများအပြင် ဒေသနှင့် နိုင်ငံအတွက် အထူးလိုအပ်လျက်ရှိသော ရေနံရှာဖွေရေးစီမံကိန်း အောင်မြင်စွာ ဆက်လက်လုပ်ဆောင်နိုင်ရန် မေးခွန်းများနှင့် ထိန်းညှိဆောင်ရွက်ခဲ့သည်။ ထို့အပြင် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မေးခွန်းများနှင့် မှုခင်းကျဆင်းရန် အဆိုကိုလည်း တင်သွင်းခဲ့ပြီး ပြည်သူများအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

(၄)

ပြီးခဲ့သည့် မေလ ၂ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မြန်မာနိုင်ငံရှိ ဘိန်းအများဆုံးစိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဒေါ်ခင်နှင်းသစ်က တင်သွင်းခဲ့သည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းစေရေးအတွက် ဆောင်ရွက်ရန်သည် ဒေသတစ်ခုချင်း၏ ပြဿနာမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများနှင့် ဆက်စပ်ဖြစ်ပေါ်နေခြင်း ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး စာချုပ်များကို လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအဆိုအား အတည်ပြုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာတွင် ဂုဏ်သိက္ခာရှိသောနိုင်ငံအဖြစ်သို့ ရှေးရှုဦးတည်စေမည်ဖြစ်ပါကြောင်း ဒေါ်ခင်နှင်းသစ်က ပြောကြားသည်။

ဘဝရပ်တည်မှုရအောင် ဖန်တီးပေး

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ရှုထောင့်စုံမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်က "ဘိန်းစိုက်ပျိုးတဲ့ဒေသတွေဟာ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ လိုအပ်တဲ့ဒေသတွေဖြစ်ပါတယ်။ တရားဝင်နည်းများနဲ့ ဘဝရပ်တည်လို့ မရလို့ သားစဉ်မြေးဆက် ဘိန်းစိုက်ပျိုးနေရတာဖြစ်ပါတယ်။ တရားဝင် ဘဝရပ်တည်မှုမျိုးဖြစ်စေဖို့ ဘိန်းကိုမစိုက်စေချင်ဘူးဆိုရင် ဘဝရပ်တည်မှုရအောင် ဝိုင်းဝန်းဖန်တီးပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ကမ္ဘာ့နိုင်ငံများနဲ့ ပူးပေါင်းပြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင် ၁၇ ချက်ကို ၂၀၃၀ ပြည့်နှစ်အမီ ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ဝေးလံခေါင်ဖျား ဖွံ့ဖြိုးမှုနောက်ကျ ကျန်ခဲ့တဲ့တိုင်းရင်းသားလူမျိုးစုတွေ နေထိုင်ရာဒေသတွေ မကျန်ခဲ့ဖို့ လိုအပ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ် လျော့ပါးရေးဟာ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တာနဲ့အညီ မူးယစ်ဆေးဝါးရဲ့ အရင်းအမြစ်ဖြစ်တဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို လုံးဝဖြတ်တောက်ဖို့ လိုအပ်ပါတယ်။ ဘိန်းစိုက်ဒေသတွေမှာ ဘိန်းအစားထိုး စီမံကိန်းဆောင်ရွက်ဖို့ အစိုးရရဲ့ဘတ်ဂျက်က ထိထိရောက်ရောက်ဆောင်ရွက်ဖို့ အခက်အခဲဖြစ်နေချိန်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရအနေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းတွေ စနစ်တကျဆောင်ရွက်သင့်ပါတယ်" ဟု လွှတ်တော်သို့ တင်ပြဆွေးနွေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လူသားမျိုးနွယ်တို့၏ အန္တရာယ်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံ၏ တားဆီးကာကွယ်မှုစွမ်းအားဖြင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများဖြင့် လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ အနာဂတ်တွင်လည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရ၏ အတိတ်က ဆောင်ရွက်ချက်များ၊ လတ်တလောဆောင်ရွက်ချက်များအပြင် အနာဂတ်ကာလတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အစားထိုးစီမံကိန်းများ ဆောင်ရွက်ပေး

မူးယစ်ဆေးဝါးအန္တရာယ်သည် မြန်မာတစ်မျိုးသားလုံးအတွက်သာမက ကမ္ဘာ့လူသားအားလုံးအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အတွက် တားဆီးကာကွယ်ခြင်း၊ အစားထိုးစီမံကိန်းများ ဆောင်ရွက်ပေးခြင်းစသည့် လုပ်ငန်းစဉ်များသည် ကြီးမားကျယ်ပြန့်ပါကြောင်း၊ ကြီးမားကျယ်ပြန့်ခြင်းနှင့်အတူ နည်းပညာ၊ အချိန်နှင့် ငွေကြေးအင်အား ပမာဏများပြားစွာ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဘိန်းအစားထိုး လုပ်ငန်းစဉ်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များက တက်တက်ကြွကြွ လက်တွဲပူးပေါင်းကူညီဆောင်ရွက်မည်ဆိုပါက ဒေသခံတောင်သူများအတွက် များစွာအကျိုးရှိမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါကြောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့်လည်း ဆက်သွယ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် အဆိုအား အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားခဲ့ရာ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည်။

ပုဂ္ဂလိကလုပ်ငန်းရှင်တွေ လက်တွဲဆောင်ရွက်

"မူးယစ်ဆေးဝါးအန္တရာယ်ဟာ မြန်မာတစ်မျိုးသားလုံးသာမက ကမ္ဘာ့လူသားတွေ အားလုံးအတွက် ကြီးမားတဲ့စိန်ခေါ်မှုဖြစ်တဲ့အတွက် တားဆီးကာကွယ်ခြင်း၊ အစားထိုးစီမံကိန်းတွေ ဆောင်ရွက်ပေးခြင်း စတဲ့လုပ်ငန်းစဉ်တွေဟာလည်း ကြီးမားကျယ်ပြန့်ပါတယ်။ နည်းပညာ၊ အချိန်နဲ့ ငွေကြေးအင်အားပမာဏ များပြားစွာ သုံးစွဲဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဘိန်းအစားထိုး ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွေမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေက တက်တက်ကြွကြွနဲ့ လက်တွဲဆောင်ရွက်မယ်ဆိုရင် ဒေသခံဘိန်းစိုက်တောင်သူတွေအတွက် အဆင်ပြေအကျိုးရှိမှာဖြစ်ပါတယ်" ဟု ဒေါ်ခင်နှင်းသစ်က ပြောသည်။

"အခုဆိုရင် ရှမ်းပြည်နယ်က ဘိန်းစိုက်တဲ့နေရာတွေမှာ အစားထိုးသီးနှံအနေနဲ့ ဝူးလုံလက်ဖက်ခြောက် ဧက ၂၀၀ ကျော် စိုက်ပျိုးထားပြီး ဖြစ်ပါတယ်။ အဲဒီလက်ဖက်ခြောက်ကို ပြည်တွင်းတင်သာမက ပြည်ပအထိဖြန့်ဖို့ ရည်ရွယ်ထားတယ်လို့လည်း သိရပါတယ်။ အဲဒီလိုပဲ ကော်ဖီပင်တွေလည်း စိုက်ပျိုးလို့ရပါတယ်။ ဒါကြောင့် ဘိန်းအစားထိုးစီမံကိန်းတွေမှာ ဒီလိုစိုက်ပျိုးသီးနှံတွေ စိုက်ပျိုးဖို့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေ ဖိတ်ခေါ်အပ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တိုင်းရင်းသားများအရေး ဦးစားပေးမူဝါဒ

ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်သည့် မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုသည် တိုင်းရင်းသားများအရေးကို ဦးစားပေးဆောင်ရွက်နေသည့် လက်ရှိအစိုးရ၏ မူဝါဒနှင့်လည်း ကိုက်ညီလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားများအားလုံး၏ ကောင်းကျိုးအတွက် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် စွမ်းဆောင်နိုင်သော ပုဂ္ဂလိက လုပ်ငန်းရှင်များက အစိုးရအကူအညီဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်။ ဝေးလံခေါင်ဖျားသည့် တောင်ပေါ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများကလည်း စာနာနားလည်စွာဖြင့် ပူးပေါင်းပါဝင်ကြမည်ဆိုပါက အဆိပ်ပင်များနေရာတွင် ဖွံ့ဖြိုးရေးအသီးအပွင့်များ ဖူးပွင့်ဝေဆာလာလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

၂၀၁၇ နှင့် ၂၀၁၈ တို့တွင် ဘိန်းစိုက်ပျိုးမှုမှာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၃ %၊ အရှေ့ပိုင်းတွင် ၂၇ %၊ တောင်ပိုင်းတွင် ၃၈ %၊ ကချင်ပြည်နယ်တွင် ၉ %၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ် တွင် ၃ % ဖြစ်ကြောင်း ဖော်ပြထားသောပုံနှင့် စိုက်ပျိုးမှုပမာဏဖော်ပြထားခြင်း

Regional distribution of opium poppy cultivation areas in Myanmar, 2018*



Table 1: Areas under opium poppy cultivation in Myanmar (ha), 2018*

	2017	2018	Change 2017 -2018
East Shan	11,000 (6,900 to 15,100)	10,100 (6,900 to 14,000)	-8%
North Shan	9,400 (5,200 to 13,600)	8,700 (4,400 to 14,200)	-7%*
South Shan	16,700 (7,900 to 25,400)	13,900 (8,800 to 20,900)	-17%
Shan State Total	37,100 (26,500 to 47,600)	32,700 (25,300 to 42,400)	-12%
Kachin	3,900 (1,500 to 6,400)	3,400 (1,800 to 5,800)	-13%
Kayah	NA	570 (434 to 706)	NA**
Chin	NA	630 (573 to 677)	NA***
National Total (rounded)	41,000 (30,200 to 51,900)	37,300 (29,700 to 47,200)	NA****



ဘုတလင်မြို့နယ် မောင်းထောင်ကျေးရွာတွင် ကြွက်ဝမ်းပူများ အစုလိုက် သေဆုံးမှုဖြစ်ပေါ်

ကြွက်ဝမ်းပူများ သေဆုံးနေမှုကို တွေ့ရစဉ်။

ဘုတလင် ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မောင်းထောင်ကျေးရွာတွင် ဇွန် ၃ ရက် နံနက်ပိုင်းက စတင်၍ ကြွက်ဝမ်းပူများ အစုလိုက်သေဆုံးမှု ဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ကြွက်မှတစ်ဆင့် ကူးစက်ရောဂါ မဖြစ်ပွားစေရေး ကွင်းဆင်းစစ်ဆေးအသိပညာပေးခဲ့ကြောင်း သိရသည်။

မောင်းထောင်ကျေးရွာရှိ နေအိမ်အချို့နှင့် ဆန်စက်ဝင်း၊ ရှမ်းခေါက်ဆွဲဆိုင်၊ ဘုရားဝင်းအတွင်းတို့တွင် ၃/၄ လသားအရွယ်ခန့်ရှိ ကြွက်ဝမ်းပူ ၃၈၂ ကောင် အစုလိုက်သေဆုံးမှု ဖြစ်ပေါ်ခဲ့ပြီး သေဆုံးသည့် ကြွက်များကို ခွဲစိတ်စစ်ဆေးကာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ရန်ကုန်မြို့ရှိ ဓာတ်ခွဲခန်းသို့ ပေးပို့ထားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလည်း စဉ့်ကိုင်မြို့ရှိ တိရစ္ဆာန်ဓာတ်ခွဲခန်းသို့ ပေးပို့ထားကြောင်း သိရသည်။

ကြွက်မှတစ်ဆင့် ရောဂါများ ကူးစက်မှုမရှိစေရေးအတွက် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ကျော်သူဆွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ ကျော်ကျော်လွင်တို့က ကြွက်မှတစ်ဆင့် ကူးစက်နိုင်သည့် ရောဂါများ၊ ကြွက်သေသည့် နေရာများတွင် ထုံးဖြူးရေး၊ ကြွက်သေများကို ဖယ်ရှားရာတွင် နှာခေါင်းစည်းနှင့် လက်အိတ်(သို့)မီးညှပ်ဖြင့် အသုံးပြုကိုင်တွယ်ရေး၊ ကြွက်သေများကို ဓာတ်ဆီလောင်းပြီး မြေကျင်းထဲတွင် မီးရှို့ဖျက်ဆီးရေး၊ အိမ်ထောင်စုအလိုက် စားသောက်နေထိုင်မှုပုံစံများ သန့်ရှင်းရေးတို့ကို ကြွက်သေဆုံးမှု ဖြစ်ပေါ်သည့် နေအိမ်များမှ ပြည်သူများအား အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၁၉ ခုနှစ်၊ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ဒုတိယ)ပွဲစဉ်ကို ဟံသာဝတီဂေါက်ကွင်း (ပဲခူး)၌ ကျင်းပမည်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့်မြန်မာပီဂျီအေတို့က ကြီးမှူး၍ မြဝတီဘဏ် လီမိတက်၏ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပသည့် ၂၀၁၉ ခုနှစ်၊ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ဒုတိယ)ပွဲစဉ်ကို ဟံသာဝတီ ဂေါက်ကွင်း (ပဲခူး)မြို့၌ ဇွန် ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့်ပြိုင်ပွဲ၊ ဝါသနာရှင်အဆင့်(အမျိုးသား) (H'cap 0-12) ပြိုင်ပွဲ၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) (H'cap 0-18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားကာ စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် ဇွန် ၁၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉-၇၇၉၈၄၆၇၆၁ ထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူများသည် ဇွန် ၁၁၊ ၁၂ ရက်တွင် Official Practice Round ကစားခွင့်ရမည်ဖြစ်သည်။ အမည်စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲမဝင်နိုင်ပါက ပြိုင်ပွဲမတိုင်မီ ကြိုတင်အကြောင်းကြားရန်ဖြစ်ပြီး အကြောင်းကြားခြင်းမရှိပါက နောက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားများတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

ဖိုးသော်ဇင်

ရန်ကုန်မြို့၌ အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲ ကျင်းပ

သက်ငယ်တန်း ဂျူဒိုပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဇွန် ၄

၂၀၁၉ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူသစ်တန်းနှင့် အသက် ၂၀ နှစ်အောက် သက်ငယ်တန်း ဂျူဒိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံ/လေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက အမှာစကား ပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အားကစားဝါသနာရှင်များက ပထမနေ့ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပြိုင်ပွဲကို ဇွန် ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၃ သင်းမှ (ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ တောင်ကြီးနှင့် လွိုင်ကော်) အားကစားနှင့် ကာယပညာသိပ္ပံအသင်းများ၊ ရောဝတီမြောင်းမြ ကလပ်အသင်း၊ အောင်ဆန်းကလပ်၊ အမျိုးသားရေကူးကန်ကလပ်၊ ရွှေပြည်သာကလပ်၊ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ မွန်ပြည်နယ်အသင်း၊ ဒဂုံဆိပ်ကမ်းအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် လူသစ်တန်းပြိုင်ပွဲ၌ အမျိုး သား ၈၅ ဦး၊ အမျိုးသမီး ၄၅ ဦး၊ အသက် ၂၀ နှစ်အောက် သက်ငယ်တန်းပြိုင်ပွဲတွင် အမျိုးသား ၈၇ ဦး၊ အမျိုးသမီး ၅၀၊ စုစုပေါင်း ၂၆၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

ရန်ကုန်အသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ ထိုင်းကလပ် Port အသင်း ဥက္ကဋ္ဌ နျူရယ်လမ်ဆမ်နှင့် ရန်ကုန်ကစားသမားများ အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။

✽ *ကျောဖုံးမှ*

ထိုင်းကလပ်အသင်းများသည် ထိုင်းလိဂ်ပြိုင်ပွဲစည်းမျဉ်းကြောင့် အာဆီယံကစားသမားတစ်ဦး ခေါ်ယူအသုံးပြုရမည်ဖြစ်ရာ ၂၀၁၈ ရာသီမှစ၍ မြန်မာကစားသမားများကို ခေါ်ယူရန် ကြိုးပမ်းလာခဲ့ပြီး ရန်ကုန်အသင်းနှင့် Port အသင်းတို့ မိတ်ဖက်ပြုလုပ်ဖြစ်ပါက မြန်မာကစားသမားများအတွက် ပိုမိုအခွင့်အရေးရလာဖွယ်ရှိနေသည်။ ရန်ကုန်အသင်းနှင့် Port အသင်းသည် မိတ်ဖက်ပြုလုပ်ရန် အသေးစိတ် ညှိနှိုင်းလျက်ရှိပြီး မိတ်ဖက်ပြုလုပ်ရန် သဘောတူညီမှုရပါက ရန်ကုန်အသင်းအတွက်သာမက မြန်မာဘောလုံးအတွက်ပါ အကျိုးရှိလာမည်ဖြစ်သည်။ ရန်ကုန်အသင်းနှင့် Port အသင်းတို့သည် ကစားသမားများခေါ်ယူရေး၊ လူငယ်စီမံကိန်း၊ ဈေးကွက်ရှာဖွေခြင်းဆိုင်ရာ ကိစ္စရပ်များပင် နှစ်သင်းအကျိုးတူလုပ်ဆောင်မှုများစွာ ပြုလုပ်မည်ဖြစ်သည်။ Port အသင်းသည် ယခုရာသီ ထိုင်းလိဂ်-၁ ပြိုင်ပွဲတွင် ၁၃ ပွဲကစားအပြီး၌ ရမှတ် ၂၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ရန်ကုန်အသင်းနှင့် မိတ်ဖက်ပြုလုပ်ရန် အရှေ့တောင်အာရှ၊ အာရှကလပ်အသင်းများအပြင် ဥရောပမှ နာမည်ကြီးကလပ်အသင်းများပင် လာရောက်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

❍ *ကျောဖုံးမှ*

ကြိုတင်လက်မှတ်များ ရောင်းချလျက်ရှိပြီး ဗီယက်နမ်ပရိသတ်များ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းတွင် **အုပ်ချုပ်သူ**-ဦးသန်းတိုးအောင်၊ **နည်းပြချုပ်** ပိုပေ့ါဗ်၊ **လက်ထောက်နည်းပြ**-ဦးချစ်နိုင်၊ ဦးဇော်ဝင်းထွန်း၊ **ဂိုးနည်းပြ**- ဦးအောင်ကျော်ကျော်၊ **ဂိုးသမား**-ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ စိုးအာကာ (မကွေး)၊ **နောက်တန်း**- ကျော်သူထွန်း (မကွေး)၊ ရဲရင့်အောင် (ရတနာပုံ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဇွဲထက်မင်း (ရှမ်းယူနိုက်တက်)၊ သူရိန်စိုး(ရန်ကုန်)၊ ဇင်ရဲနောင် (အား/ကာသိပ္ပံ)၊ **အလယ်တန်း**-လွင်မိုးအောင်၊ နန်းထိုက်ဇော် (ရောဝတီ)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ကျော်မျိုးနိုင် (အား/ကာ သိပ္ပံ)၊ ကောင်းထက်စိုး (ရန်ကုန်)၊ စိုးလွင်လွင်၊ နေမိုးနိုင်၊ ဇင်မင်းထွန်း (မကွေး)၊ **ရှေ့တန်း**-ဟိန်းထက်အောင် (ဟံသာဝတီ)၊ ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို (ရှမ်းယူနိုက်တက်) နှင့် အောင်ကောင်းမာန် (ရောဝတီ) တို့ ပါဝင်ကြသည်။

ညီမြတ်သော်တာ

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ဆီဗီလာအသင်းနည်းပြအဖြစ် လိုပက်တီဂူအား ခန့်အပ်

ဆီဗီလာအသင်းသည် အသင်းနည်းပြအဖြစ် စပိန်နှင့် ရီးရဲမက်ဒရစ်နည်းပြဟောင်း လိုပက်တီဂူ (၅၂နှစ်) အား သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

နေရှင်းလိဂ်တွင် ဗီဒီယိုအကူလက်ထောက်ဒိုင်စနစ်အား အသုံးပြုသွားမည်

နေရှင်းလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ **(ယနေ့)** တွင် စတင်ယှဉ်ပြိုင်ကစားကြတော့မည် ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များမှစ၍ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲတို့တွင် ဗီဒီယိုအကူလက်ထောက်ဒိုင်စနစ် (VAR)အား အသုံးပြုသွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပေ့ါဘာအား ပြန်လည်ခေါ်ယူလိုနေသည့် ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ်အသင်းသည် မန်ယူနှင့် ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ် ပေ့ါဘာ (၂၆နှစ်) အား အသင်းသို့ ပြန်လည်ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် ဂျူဗင်တပ်စ်အသင်း၌ ၂၀၁၂ ခုနှစ် ၂၀၁၆ ခုနှစ်အထိ လေးနှစ်ကြာ ကစားခဲ့ဖူးသူဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

မက်ဒီဆင်အား မန်ယူအသင်း ခေါ်ယူလို

မန်ယူအသင်းသည် လက်စတာစီးတီးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျိမ်းစ် မက်ဒီဆင် (၂၂နှစ်) အား နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူလိုနေကြောင်း အင်န်ဒီပင်းဒန့်တွင် ဖော်ပြထားသည်။

အန်ဒရီ ဂိုမက်ဇ်အား ကမ်းလှမ်းလိုက်သည့် ဝက်စ်ဟမ်း

ဝက်စ်ဟမ်းအသင်းသည် ဘာစီလိုနာအသင်းမှ အသက် ၂၅ နှစ်အရွယ် ကွင်းလယ်ကစားသမား အန်ဒရီ ဂိုမက်ဇ်အား ပေါင်သန်း ၂၀ ဖြင့် ကမ်းလှမ်းလိုက်ကြောင်း ဂါးဒီးယန်းတွင် ဖော်ပြထားသည်။

နေးလ် အီသာရစ်အတွက် ကမ်းလှမ်းမှုအား ကာဒစ်ဖ်စီးတီး ပယ်ချ

ကာဒစ်ဖ်စီးတီးအသင်းသည် အသင်းမှ အသက် ၂၉ နှစ်အရွယ် ဗီလစ်ပိုင်ဂိုးသမား နေးလ် အီသာရစ်အတွက် ပေါင် ရှစ်သန်းဖြင့် အက်စ်တွန်ဗီလာအသင်း၏ ကမ်းလှမ်းမှုတစ်ရပ်အား ပယ်ချလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အောင်ဇော်

မြေပုံမြို့နယ် ရန်ကုန်-စစ်တွေသွားကားလမ်း၌ AA အဖွဲ့ထောင်ထားသည့် မိုင်းခုနစ်လုံး ပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဇွန် ၄

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ရန်ကုန်-စစ်တွေသွားကားလမ်း မိုင်တိုင်အမှတ်(၆၉/၄) ကျားခြံတောင်တံတားအနီးနှင့် မိုင်တိုင်အမှတ်(၆၂/၃)နှင့် (၆၂/၄)တို့အကြား ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက AA အဖွဲ့ ထောင်ထားသည့် မိုင်းခုနစ်လုံး ပေါက်ကွဲခဲ့ရာ တံတားနှင့် ကားလမ်း အနည်းငယ် ပျက်စီးခဲ့ပြီး ကျန်ထိခိုက်မှု မရှိကြောင်း သိရသည်။

မြေပုံမြို့နယ် ဂြန့်ဟင်းခါးရွာနှင့် ကိုင်းကြီးရွာအကြား ရန်ကုန်-စစ်တွေသွားကားလမ်း မိုင်တိုင်အမှတ်(၆၉/၄) ကျားခြံတောင်တံတားအနီး၌ ယနေ့ နံနက် ၈ နာရီခန့်က ကားလမ်း၏ ဝဲ/ယာတွင် AA အဖွဲ့ထောင်ထားသည့် မိုင်းနှစ်လုံး ပေါက်ကွဲခဲ့ရာ တံတားနှင့် ကားလမ်း အနည်းငယ်ပျက်စီးခဲ့ပြီး **(ယာပုံ)** လူနှင့် တိရစ္ဆာန်များ ထိခိုက်မှု မရှိကြောင်း။

အလားတူ မွန်းတည့် ၁၂ နာရီခန့်တွင် မြေပုံမြို့နယ် မီးကျောင်းတက်ကျေးရွာနှင့် တောင်ချေကျေးရွာအကြား ရန်ကုန်-စစ်တွေသွားကားလမ်း မိုင်တိုင်အမှတ်(၆၂/၃)နှင့် (၆၂/၄)ကြား၌ ကားလမ်း၏ ဝဲ/ယာတွင် AA အဖွဲ့ ထောင်ထားသည့် မိုင်းငါးလုံး ထပ်မံ၍ ပေါက်ကွဲခဲ့ပြီး တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

AA အဖွဲ့အနေဖြင့် အများပြည်သူ အသုံးပြုနေသော အဓိကဆက်သွယ်သည့် လမ်းမကြီးပေါ်တွင် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်နှင့် ဒုက္ခရောက်စေရန် အဖျက်အမှောင့်လုပ်ငန်းများ ကျူးလွန်လျက်ရှိမှုအပေါ် ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

ဒိုက်ဦး၊ မောင်တောနှင့် သိန်းနီမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၄

မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက် မွန်းလွဲ ၃ နာရီက အုတ်ရှစ်ကုန်းအမြန်လမ်းရဲစခန်း၏ အကြောင်းကြားချက်အရ အုတ်ရှစ်ကုန်းအမြန်လမ်းမကြီး ရဲစခန်း ယာဉ်(ပ)၂၇/၁၈၊ ရာဇသတ်ကြီးပုဒ်မ ၂၇၉/ကျင့် ၂၀၂ အမှုမှ သက်သေခံ မော်တော်ယာဉ်အဖြစ် သိမ်းဆည်းထားသည့် Vigo Hilux အမျိုးအစား မော်တော်ယာဉ်အား သွားရောက်စစ်ဆေးရှာဖွေရာ ငွေကျပ် ၂၃၆၅၂ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၉၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား (အကြေမှုန့်) ၉၀၀ ဂရမ်တို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၄၆)မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့ ရွာသစ်ကေရပ်ကွက်နေ ဆော်လိမ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်း၏ မိခင်ဖြစ်သူ ဒေါ်ဟာဘေတာခါတူအား တွေ့ရှိရပြီး နေအိမ်ခြံဝင်းအတွင်းရှိ Probox အမျိုးအစား မော်တော်ယာဉ်အတွင်း၊ မော်တော်ယာဉ်အနီးရှိ ဆာလာအိတ်အတွင်းနှင့် နေအိမ်ရေချိုးခန်းအတွင်းတို့မှ ငွေကျပ် ၅၆၅၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂၇၅၀ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ည ၁၁ နာရီခွဲက သိန်းနီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန်းနီမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေး ကားလမ်းမကြီးပေါ်တွင် လွင်မျိုးအောင် (ခ) အိုက်ပီး မောင်းနှင်ပြီး ရန်စန်း လိုက်ပါလာသည့် Toyota Landcruiser အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်တားဆီး စစ်ဆေးနေစဉ် ရန်စန်းမှာ ထွက်ပြေးသွားသဖြင့် လွင်မျိုးအောင် (ခ) အိုက်ပီးနှင့် မော်တော်ယာဉ်အား ရှာဖွေရာ ယာဉ်အနောက်ခန်းအတွင်းမှ ငွေကျပ်သိန်း ၃၇၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀၀၀၀၊ ငွေကျပ် ၂၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၅-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၉:၃၅ - ကြယ်ပွင့်များရဲ့ရှင်ခုန်သံ (သရုပ်ဆောင်-နန်းဆုရတီစိုး)
- ၁၀:၃၀ - ကမ်းပြို၊ မြေပြိုအန္တရာယ်နှင့် ပတ်သက်၍ သတိပြုလိုက်နာရမည့် အချက်များ အသိပေးနှိုးဆော်ခြင်း
- ၁၅:၁၅ - "တံခါးမှူးဒတ္တသို့တမ်းချင်း" (ချမ်းသာ(သစ္စာမေတ္တာ ရွှေမန်းသဘင်)နှင့် အဖွဲ့သူ/ သားများ) (ဒါရိုက်တာ-မြတ်ခိုင်)

ညပိုင်း

- ၁၆:၄၅ - People Talk "စက်သုံးဆီဈေး အဖြေရှာပေး"
- ၁၇:၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
- ၁၇:၃၅ - MRTV Travelogue
- ၁၇:၅၅ - လျှောင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ကာကွယ်ကြပါစို့(အပိုင်း-၂) (ကျောင်းစာသင်ခန်း)
- ၁၈:၂၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ပဋိပက္ခ"
- ၁၈:၅၅ - တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ
- ၁၉:၁၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၁၉)
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်
- ၂၀:၃၅ - "မျှော်လင့်ခြင်းရဲ့မနက်ဖြန်"
- - နိုင်ငံခြားဇာတ်လမ်းတွဲ "ယောက်ျားတံခွန်" (အပိုင်း-၁၀)

ဇမ္ဗူသီရိမြို့နယ်အတွင်း မော်တော်ယာဉ်များမှ ဘက်ထရီအိုးများ အခိုးခံရမှုပိုမိုများပြားလာ

နေပြည်တော် ဇွန် ၄

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းများနေထိုင်ရာ ရပ်ကွက်များတွင် ညဘက် ရပ်နားထားသည့် ဌာနဆိုင်ရာ မော်တော်ယာဉ်များနှင့် ပုဂ္ဂလိကပိုင် ယာဉ်များ၌ တပ်ဆင်အသုံးပြုထားသော ဘက်ထရီအိုးများကို ယခုရက်ပိုင်းအတွင်း ခိုးယူခံရပြီး ပျောက်ဆုံးမှုများ ဆက်တိုက်ဖြစ်ပေါ်နေကြောင်း ရပ်ကွက်နေ ပြည်သူများနှင့် သက်ဆိုင်ရာ ဌာနများထံမှ သိရသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်း ဝန်ထမ်းရပ်ကွက်များတွင် မော်တော်ဆိုင်ကယ် ပျောက်ဆုံးမှုများ မကြာခဏဖြစ်ပေါ်နေသလို ဘက်ထရီအိုးပျောက်ဆုံးမှုများကလည်း ဆက်တိုက်ဖြစ်ပေါ်နေသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နေ့၊ ည စဉ်ဆက်မပြတ် လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများကို ရှိသည့်အင်အားဖြင့် ဆောင်ရွက်နေသော်လည်း ဒုစရိုက်သမားများက ရဲတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုအခြေအနေအပေါ် အကဲခတ်စောင့်ကြည့်ကာ ကျူးလွန်လှုပ်ရှားနေသည်ဟု ယူဆရကြောင်း ရပ်မိရပ်ဖတစ်ဦးက သုံးသပ်ပြောကြားသည်။

မေ ၃၀ ရက် နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိရပ်ကွက် လှဖြူပြာ -၂ လမ်းအတွင်း ရပ်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင် Fuso Bus ယာဉ်ကြီးတစ်စီးနှင့် သုခသိဒ္ဓိရပ်ကွက် စက်မှုလက်မှုအထက်တန်းကျောင်းအနီး ရပ်ထားသော နယ်စပ်ရေးရာဝန်ကြီးဌာနပိုင် Fuso Bus ယာဉ်ကြီးတစ်စီးတို့တွင် တပ်ဆင်အသုံးပြုထားသော ကာလတန်ဖိုး တစ်လုံးလျှင် ငွေကျပ် ၃၀၀၀၀၀ ခန့်ရှိ ဘက်ထရီအိုး လေးလုံးမှာ အဆိုပါဌာနများမှ ယာဉ်မောင်းများက နေပြည်တော်(ရုံးချုပ်)သို့ ဝန်ထမ်းများ ပို့ဆောင်ရန် စက်နှိုးစဉ် စက်နှိုး၍မရသဖြင့် ယာဉ်ကိုစစ်ဆေးရာ ဘက်ထရီအိုးများ ပျောက်ဆုံးနေကြောင်းသိရ၍ မိမိသက်ဆိုင်ရာဌာနသို့ ကနဦးသတင်းပေးပို့ခဲ့ပြီးနောက် အမှတ် -၉ နယ်မြေရဲတပ်ဖွဲ့စခန်းသို့ သွားရောက်တိုင်ကြားခဲ့သည်။

ဌာနဆိုင်ရာ မော်တော်ယာဉ်တစ်စီးမှ ဘက်ထရီအိုးများ ပျောက်ဆုံးနေမှုကို တွေ့ရစဉ်။

"ကျွန်တော်တို့ကို ပြည်သူလူထုက ကူညီတဲ့အနေနဲ့ CCTV တွေ တပ်ထားပေးစေချင်ပါတယ်။ မော်တော်ကားတွေကို လုံခြုံအောင် စောင့်ရှောက်နိုင်ဖို့အတွက် တစ်နေရာတည်းမှာ သတ်မှတ်ပြီး တစ်စုတစ်စည်းတည်း စုပေါင်းထားပေးနိုင်မယ်ဆိုရင် ပိုကောင်းတဲ့ အစီအစဉ်တစ်ခု ဖြစ်ပါလိမ့်မယ်" ဟု ရဲအရာရှိတစ်ဦးက ပြောသည်။ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် လုံခြုံရေးဆောင်ရွက်သည့်အခါ ပြည်သူလူထုပူးပေါင်းပါဝင်မှု အားနည်းနေသေးကြောင်း ၎င်းက ဆက်၍ ပြောသည်။

ရဲတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုပူးပေါင်းပါဝင်သည့် လူထုအခြေပြု မှုခင်းကြိုတင်ကာကွယ်ရေး အဖွဲ့များလည်း ဖွဲ့စည်းသွားရန်လိုအပ်နေပြီး လမ်းမကြီးများအပါအဝင် လမ်းသွယ်များအတွင်းရှိ လျှပ်စစ်မီးများမီးလင်းရန် ဆောင်ရွက်ဖို့လည်း လိုအပ်ချက်တစ်ခုပင်ဖြစ်နေကြောင်း၊ ယင်းကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဆိုပါက မှုခင်းဖြစ်ပွားမှုများ သိသိသာသာကျဆင်းသွားမည်ဖြစ်ကြောင်း ရပ်မိရပ်ဖတစ်ဦးက အကြံပြုပြောကြားသည်။

အဆိုပါ ဌာနဆိုင်ရာ ဘက်ထရီအိုးများ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ အမှတ်-၉ နယ်မြေရဲတပ်ဖွဲ့စခန်းက ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်း ဆောင်ရွက်လျက်ရှိသည်။

ကိုပေါက်(ဥက္ကာမြေ)

အခြေခံစပါးကြမ်းခင်းဈေး ငါးသိန်းဈေးရရှိရေးအတွက် ကြို့ပင်ကောက်မြို့ရှိ တောင်သူများ ဆန္ဒဖော်ထုတ်

ကြို့ပင်ကောက် ဇွန် ၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ရှိ တောင်သူများက အခြေခံစပါးကြမ်းခင်းဈေး ငါးသိန်းဈေး ရရှိရေးအတွက် ယနေ့ နံနက် ၈ နာရီ မိနစ် ၂၀ မှစတင်ကာ နံနက် ၉ နာရီ မိနစ် ၂၀ အထိ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ကြသည်။

အဆိုပါ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ရန် မှန်ပင်ထူးအုပ်စု ကြခတ္တန်းကြီးကျေးရွာနေ တောင်သူ ဦးထွန်းဝေက ဦးဆောင်ပြီး တောင်သူ ၂၀၀ ခန့်က ကြွေးကြော်သံများဖြင့် ကြို့ပင်သာ ၂ လမ်း အရှေ့ထိပ်မှ ဝါဆိုလမ်းမကြီး၊ မြောက်ရွာမလမ်း၊ အရှေ့မြို့ပတ်လမ်း၊ အရှေ့လမ်းမတော်လမ်း၊ ရန်ကုန်-ပြည်လမ်းမှတစ်ဆင့် ကြို့ပင်သာ ၂ လမ်း အရှေ့ထိပ်အထိ ဆန္ဒဖော်ထုတ် စီတန်းလှည့်လည်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ကြို့ပင်ကောက်မြို့နယ် ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးမင်းအောင်က "စပါးဈေး၊ ပဲဈေးတွေက မြို့နယ်အဆင့် ကုန်သည်တွေ ထိန်းညှိလို့မရဘူး။ နိုင်ငံတော်အဆင့်စီမံခန့်ခွဲမှသာ ရမှာ။ အခုလည်း နိုင်ငံတော်က စပါးဈေးကို သတ်မှတ်ပေးထားတယ်။ အဲဒါကို တောင်သူတွေက နားလည်မှုလွဲနေတယ်။ စပါးအစို ၁၄ ရာခိုင်နှုန်း ဖုန်သဲခဲအလွတ်။ အခု တောင်သူတွေက လယ်ထဲက ရိတ်ပြီးပြီးချင်း တန်းပြီးကုန်သည်တွေဆီ လာရောင်းနေတော့ ငါးသိန်းဈေး ပေးမဝယ်နိုင်တာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

ကားနှင့်ဆိုင်ကယ်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူ သေဆုံး

ကျောက်တံခါး ဇွန် ၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေးလမ်းဟောင်းအကြား နတ်စင်ကျေးရွာအနီး၌ ဇွန် ၃ ရက် ည ၈ နာရီခွဲက ကားနှင့် ဆိုင်ကယ်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူနေရာတွင် သေဆုံးသွားကြောင်း ကျောက်တံခါးမြို့မရဲစခန်းမှ သိရသည်။

ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ကျောက်တံခါးမြို့နယ်နေ ဘီဂျိုက် (၃၀ နှစ်) မောင်းနှင်လာသော နံပါတ်မပါဆိုင်ကယ်သည် ကားလမ်း၏ တစ်ဖက်ယာဉ်ကြောသို့ ချိုးကွေ့လိုက်ရာ မျက်နှာချင်းဆိုင်မှလာသော ကျောက်တံခါးမြို့နယ်နေ ယာဉ်မောင်း ဂိုဘင်ဒါ (၂၂ နှစ်) မောင်းနှင်သည့် ယာဉ်ဖြင့် တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ ဘီဂျိုက်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ကျောက်မဲ ဂုတ်တွင်းလမ်းပိုင်း ကွေ့ကြောအဆင်း တွဲယာဉ်တစ်စီး အရှိန်လွန်တိမ်းစောင်း

သီပေါ ဇွန် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ဂုတ်တွင်းလမ်းပိုင်း ကျောက်မဲနှင့် နောင်ချိုကြား မိုင်တိုင်အမှတ် (၈၄/၂-၃) ကွေ့ကြောအဆင်းတွင် ယနေ့ ညနေ ၅ နာရီခန့်က မူဆယ်မှမန္တလေးသို့ဆင်းသွားမည့် ပါကေးပြား ၃၂ တန် တင်ဆောင်လျက် ယာဉ်မောင်း ရဲဝင်းအောင် မောင်းနှင်သည့် 3Q/---- တွဲယာဉ်သည် ကုန်အလေးချိန်များ၍ နောက်တွဲတိမ်းစောင်းပြီး ယာဉ်ကြောတစ်ခြမ်း ပိတ်သွားကြောင်း သိရသည်။

အဆိုပါယာဉ်တိမ်းစောင်းမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် အမှတ်(၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ကျော်ထွန်း၊ ဂုတ်တွင်းယာဉ်ထိန်းရဲအုပ်ခင်မောင်မြင့်နှင့် အဖွဲ့၊ နယ်မြေခံဂုတ်တွင်းရဲကင်းမှ တပ်ဖွဲ့ဝင်များ၊ ရွာသားများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ် ဝယ်ယူရန် ရုရှားနှင့် သဘောတူထားမှုကို တူရကီနောက်ဆုတ်ရန်မရှိ

အန်ကာရာ ဇွန် ၄

အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ် ဝယ်ယူမည့်အရေးနှင့် ပတ်သက်၍ နောက်ဆက်တွဲ အကျိုးဆက်များ ရှိလာနိုင်ကြောင်း အမေရိကန်က သတိပေးလာသော်လည်း တူရကီနိုင်ငံသည် အက်စ် ၄၀၀ ဒုံးကျည် ကာကွယ်ရေးစနစ် ဝယ်ယူရန် ရုရှားနှင့် သဘောတူထားမှုကို ရုပ်သိမ်းမည် မဟုတ်ကြောင်း တူရကီသမ္မတ ယီဆတ်တေရစ်အာဒိုဂန်က ပြောကြားခဲ့သည်။

ရုရှားထံမှ အက်စ် ၄၀၀ ဒုံးကျည် ကာကွယ်ရေးစနစ် ဝယ်ယူရန် အန်ကာရာ၏ ဆုံးဖြတ်ချက်သည် တူရကီ၏ နေတိုးမဟာမိတ်နိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုအကြား အခြေအတင်ဖြစ်ပွားစေသည့် အဓိကအကြောင်းရင်း တစ်ခုဖြစ်သည်။

ရုရှားလုပ် အက်စ်၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်များကို တွေ့ရစဉ်။

ရုရှားနှင့် သဘောတူညီမှုတစ်ခုကို ကျွန်ုပ်တို့ ပြုလုပ်ခဲ့ပြီးပြီဖြစ်ပြီး ယင်းသဘောတူညီမှုကို ရုပ်သိမ်းရန် အကြောင်းကိစ္စမျိုး ရှိလာမည် မဟုတ်ကြောင်း တူရကီသမ္မတ အစ္စတန်ဘူလ်၌ သတင်းထောက်များသို့ ပြောကြားခဲ့မှုကို နိုင်ငံပိုင် အနာဒိုလူ သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ပင်တဂွန် ထိပ်တန်း အာဏာပိုင်တစ်ဦးက အကယ်၍ တူရကီသည် ရုရှားလုပ် အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ် ဝယ်ယူမည့်အစီအစဉ်ကို ရှေ့ဆက်တိုးခဲ့ပါက အတူပူးပေါင်းမည့် အက်ဖ် ၃၅ ဂျက်လေယာဉ်များ ဝယ်ယူမည့် အစီအစဉ်နှင့် တူရကီနိုင်ငံက နေတိုးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများတွင် မကောင်းသော အကျိုးဆက်များ ရှိလာနိုင်သည်ဟု သတိပေးခဲ့သည်။ **အေအက်ဖ်ပီ**

ဥရောပမဟာမိတ်များ ဟွာဝေးကုမ္ပဏီကို လုံခြုံရေးဆိုင်ရာ သတိထားရန် ပွန်ပီအို သတိပေး

ဝါရှင်တန် ဇွန် ၄

5G ကွန်ရက်များ တည်ထောင်ရန် ကြိုးစားနေသည့် ဥရောပမဟာမိတ်များအား ဟွာဝေးကုမ္ပဏီကို လုံခြုံရေးဆိုင်ရာ သတိထားရန် အမေရိကန်ပြည်ထောင်စုက ထပ်မံသတိပေးလိုက်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုနှင့် လုံခြုံရေးဆိုင်ရာ ထိပ်တန်းလျှို့ဝှက်ချက်များ မျှဝေသုံးစွဲနေသည့် ဥရောပမဟာမိတ်များအနေဖြင့် ဟွာဝေးကုမ္ပဏီ၏ ကွန်ရက်ကို အသုံးမပြုကြရန် ရှင်းရှင်းလင်းလင်း ပြောကြားခဲ့ကြောင်း၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို က ဇွန် ၃ ရက်တွင် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့မှာ ပြောကြားခဲ့သည်။ မိုက်ပွန်ပီအိုသည် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီး စတက်ဖ်ဘလော့ခ်နှင့် တွေ့ဆုံပြီးနောက် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒတ်ချ်ထောက်လှမ်းရေးအဖွဲ့များ၏ စုံစမ်းစစ်ဆေးမှုအရ ဟွာဝေးကုမ္ပဏီ၏ ဆော့ဝဲတွင် ဖုံးကွယ်ထားသည့်အရာများ ရှိနေသည်ကို တွေ့ရှိခဲ့သည့်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ယခုလို ဟွာဝေးကုမ္ပဏီကို သတိထားရန် ပြောကြားခဲ့ခြင်းဖြစ်သည်။ ဟွာဝေးကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်က မိမိ၏ကုမ္ပဏီ သည် သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များကို ဝေမျှမှု မရှိကြောင်းနှင့် တရုတ် အစိုးရ၏ ထိန်းချုပ်မှုမရှိကြောင်း ငြင်းဆိုခဲ့သည်။ ထို့အပြင် မိမိကုမ္ပဏီသည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် တခြားအမေရိကန်အရာရှိများ ပြောကြားနေသလို တရုတ်အစိုးရနှင့် လက်တွဲလုပ်ဆောင်နေခြင်းမရှိကြောင်းလည်း ပြောခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို

ဥရောပသမဂ္ဂကမူ တရုတ်နည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သည့် ဟွာဝေးကို လတ်တလောတွင် ပိတ်ပင်သွားရန် အစီအစဉ်မရှိဟု နိုင်ငံခြားရေး မူဝါဒဆိုင်ရာ အကြီးအကဲ ဖီဒရီကာ မိုဟီရီနီက ဇွန် ၁ ရက်တွင် ပြောသည်။ ဟွာဝေးကုမ္ပဏီသည် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား မကြာသေးမီ သီတင်းပတ်များအတွင်း အငြင်းပွားဖွယ်များ ဖြစ်ပွားလျက်ရှိသည်။ အမေရိကန်အစိုးရအဖွဲ့သည် တရုတ်နည်းပညာကုမ္ပဏီကြီးဖြစ်သည့် ဟွာဝေးကို တရုတ်အစိုးရနှင့် ရင်းနှီးလွန်းပြီး သူလျှိုလုပ်ငန်းလုပ်ကိုင်သည်ဟု စွပ်စွဲထားသည်။ လတ်တလောအစီအစဉ်အရ ဟွာဝေးကို ပိတ်ပင်သွားရန် မရှိကြောင်း ဖီဒရီကာမိုဟီရီနီက စီအင်န်အေနှင့် အင်တာဗျူးတွင် ပြောသည်။

စင်ကာပူနိုင်ငံ၌ ပြုလုပ်သည့် ရှန်ဂရီလာဆွေးနွေးပွဲတွင် လုံခြုံရေးဆိုင်ရာ အကြီးအကဲများ တွေ့ဆုံပွဲ၌ စီအင်န်အေသတင်းဌာနကို ဖြေကြားခဲ့ခြင်းဖြစ်သည်။ ဟွာဝေးပစ္စည်းများကို အသုံးပြုခြင်းဖြင့် လုံခြုံရေးဆိုင်ရာ ထိခိုက်မှုများ ဖြစ်လာနိုင်သည်ကို မတွေ့မိကြောင်း အီးယူနိုင်ငံအချို့က ပြောသည်။

နယ်သာလန်အစိုးရက မိမိ၏ မဟာမိတ်များဖြင့် လက်တွဲဆောင်ရွက်လိုကြောင်းနှင့် မိမိတို့နိုင်ငံက 5G အင်တာနက်ကွန်ရက်အသစ်ကို ဖော်ဆောင်နေချိန်တွင် မိမိတို့၏ လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို မိမိတို့ကိုယ်တိုင် ချမှတ်မည်ဖြစ်ကြောင်း နယ်သာလန်နိုင်ငံခြားရေးဝန်ကြီး ဘလော့ခ်က ပြောသည်။ **စီအင်န်အေ၊ အေအက်ဖ်ပီ**

မြောက်ကိုရီးယားက ပြည်ပမှ စီးကရက်တင်ပို့မှုကို စည်းမျဉ်းကန့်သတ်ချက်များ ချမှတ်သွားမည်

ပြုံယမ်း ဇွန် ၄

မြောက်ကိုရီးယားနိုင်ငံသည် ပြည်ပမှတင်ပို့လာသည့် ဆေးရွက်ကြီးထုတ်ကုန်များကို ကန့်သတ်မှုများပြုလုပ်သွားရန်နှင့် မြောက်ကိုရီးယားနိုင်ငံ၏ ဆေးရွက်ကြီးထိန်းချုပ်ရေး ဥပဒေကို ပြန်လည်စိစစ်သွားရန် မကြာသေးမီက လုပ်ဆောင်ခဲ့ကြောင်း နိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေကို ပြင်ဆင်ဖြည့်စွက်မှုများ လေးကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။ အစိုးရသည် ဆေးရွက်ကြီးထုတ်ကုန်များကို အမည်သစ်များဖြင့် ထုတ်လုပ်မှုကို သဘောတူညီမှုနှင့် အတည်ပြုထောက်ခံချက်ပေးမှုတို့တွင် စည်းမျဉ်းကန့်သတ်ချက်အသစ်များ ချမှတ်ခြင်းမှတစ်ဆင့် နာမည်ကြီး စီးကရက်တံဆိပ်များ ဖြန့်ဖြူးမှုကို ပိတ်ပင်မည့် ဥပဒေသစ်များကိုလည်း ရေးဆွဲပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ကိုရီးယား ဗဟိုသတင်းအေဂျင်စီက ဖော်ပြထားသည်။

မြောက်ကိုရီးယားအစိုးရသည် ယခုနှစ်အတွင်း ဆေးရွက်ကြီး ထိန်းချုပ်ရေးစီမံချက်များကို ကိုင်တွယ်ဆောင်ရွက်ရန်အတွက် ဆွေးနွေးပွဲအများအပြား လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ကုလသမဂ္ဂ၌ ကမ္ဘာ့စက်ဘီးစီးနေ့ ကျင်းပ

ဂျီနီဗာ ဇွန် ၄

စက်ဘီးကို ဘက်စုံအသုံးပြုရနိုင်ခြင်း၊ စက်ဘီးစီးခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်မှုတို့ကြောင့် ကုလသမဂ္ဂတွင် တနင်္လာနေ့က ကမ္ဘာ့စက်ဘီးစီးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ မာရီရာဖာနန်ဒါ အက်စ်ပီနိုစာ ဂရေစ့်က စက်ဘီးစီးခြင်းဖြင့် ကြီးမားသည့် အကျိုးကျေးဇူးများ ပြန်ရနိုင်ကြောင်း၊ မီးခိုးထုတ်လွှတ်မှုကို လျှော့ချနိုင်ကာ လမ်းပေါ်တွင် မတော်တဆဖြစ်မှုများကို လျှော့ချနိုင်ကြောင်း ပြောသည်။

ထို့ကြောင့် ကျေးလက်နှင့်မြို့ပြတို့တွင် အသုံးပြုနိုင်သည့် စက်ဘီးများအဖြစ် ဖန်တီးရန်လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။ စက်ဘီးသည် ရိုးရှင်းပြီး ယုံကြည်စိတ်ချရကာ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချပေးနိုင်သော အားကောင်းသည့် သယ်ယူပို့ဆောင်ရေးပစ္စည်းဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဆင်ဟွာ

အော်တစ်ဇင်ဝေဒနာရှင်များကို ကုသရန်အတွက် ဂိမ်းအက်ပလီကေးရှင်းတစ်ခုကို ဆန်းသစ်တီထွင်

ရှန်ဟိုင်း ဇွန် ၄

အော်တစ်ဇင်ဝေဒနာခံစားနေရသည့် ကလေးငယ်များအတွက် အထောက်အကူဖြစ်စေမည့် ဖန်တီးပြုလုပ်ထားသည့် ဉာဏဆိုင်ရာ နည်းပညာကို အခြေခံထားသည့် ဂိမ်းအက်ပလီကေးရှင်းတစ်ခုကို တရုတ်နှင့် ဗြိတိန်နိုင်ငံတို့မှ သုတေသနပညာရှင်များက ဆန်းသစ်တီထွင်မှု လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အေအိုင်မန်းကီးဟု အမည်ပေးထားသည့် အဆိုပါ ဂိမ်းအက်ပလီကေးရှင်းကို ရှန်ဟိုင်း Jiaotong ဆေးဘက်ဆိုင်ရာ တက္ကသိုလ်နှင့် ကိန်းဘရစ်ချ် တက္ကသိုလ်တို့နှင့်ဆက်စပ်နေသည့် Xinhau ဆေးရုံက အတူတွဲဖက်ကာ အဆင့်မြှင့်တင်ခဲ့သည်။

အော်တစ်ဇင် ဝေဒနာခံစားနေရသည့်အသက် နှစ်နှစ်မှ လေးနှစ်အတွင်း ကလေးငယ်များအတွက် ယင်းဂိမ်းကို ပုံစံထုတ်ထားခြင်းဖြစ်ပြီး အဆိုပါဂိမ်းအက်ပလီကေးရှင်းကို နေအိမ်၌ ကုသရန် အသုံးပြုနိုင်ကြောင်း သိရသည်။

ဆင်ဟွာ

ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး မြောက်ကိုရီးယားအပေါ် ဖိအားပေးမှုများ ဆက်လက်လုပ်ဆောင်မည်ဟု ကန်ကာကွယ်ရေးဝန်ကြီးပြော

ဆိုးလ် ဇွန် ၄

အမေရိကန် ယာယီကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်က မြောက်ကိုရီးယားနိုင်ငံအပေါ် ဖိအားပေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မကြာသေးမီက အလေးပေးပြောကြားလိုက်သည်။

ယမန်နေ့က တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဂျောင်ကယုံဒူးနှင့် ဆိုးလ်မြို့တွင် တွေ့ဆုံဆွေးနွေးစဉ် အမေရိကန်ယာယီကာကွယ်ရေးဝန်ကြီးက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားအစိုးရက နိုင်ငံတကာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာသည်အထိ အမေရိကန်ပြည်ထောင်စုက မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ထားခဲ့သည့် ဒဏ်ခတ်အရေးယူမှုများအားလုံးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်ယာယီကာကွယ်ရေးဝန်ကြီးက ပြောသည်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားလုံးဝကင်းစင်သွားသည့်အချိန်အထိ အရေးယူမှုများ ဆက်လက်ထားရှိသွားမည်ဖြစ်ပြီး ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ကြောင်း လုံးဝသက်သေထူနိုင်မှသာ လက်ခံအသိအမှတ်ပြုမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်နှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးများသည် ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးရရှိရန်အတွက် သံတမန်ကြိုးပမ်းချက်များ ထောက်ခံပံ့ပိုးရေးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အင်န်အိတ်ချ်ကေ

ကြိုဆိုသူတွေရော ဆန့်ကျင်သူတွေပါ ရောထွေးနေတဲ့ အမေရိကန်သမ္မတထရမ့်ရဲ့ဗြိတိန်ခရီးစဉ်

ချူးစန္ဒီနွေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ဗြိတိန်နိုင်ငံကို သွားမယ်လို့ ရည်စူးခဲ့တာကြာပြီဖြစ်ပေမယ့်အကြောင်း အမျိုးမျိုး ကြောင့် နှောင့်နှေးခဲ့ရပါတယ်။ အခုတစ်ကြိမ်မှာတော့ အကြိမ် ကြိမ် နှောင့်နှေးခဲ့ရတဲ့ သူ့ရဲ့ခရီးစဉ်ဟာ အထမြောက် သွားခဲ့ပါပြီ။

အမေရိကန်သမ္မတထရမ့် ဗြိတိန်ဘုရင်မကြီးနှင့်တွေ့ဆုံရန် ဘာကင်ဟမ်နန်းတော်သို့ ရောက်ရှိစဉ်။

ဘာကင်ဟမ် နန်းတော်၌ ကြိုဆို

ဇွန်လ ၃ ရက်နေ့မှာပဲ အမေရိကန်သမ္မတထရမ့်ဟာ ဗြိတိန်နိုင်ငံကို ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့ပါတယ်။ ဗြိတိန်နိုင်ငံဘက်ကလည်း ကောင်းမွန်စွာ ကြိုဆိုခဲ့ပြီး ဘာကင်ဟမ် နန်းတော်မှာ ဧည့်ခံရေး အစီအစဉ်တွေပါ ပါဝင်ခဲ့ပါတယ်။ ဘာကင်ဟမ်နန်းတော်မှာ ပြုလုပ်တဲ့ ညစာစားပွဲမှာ ဗြိတိန် ဘုရင်မကြီး အဲလိဇဘက် ၂ နှင့် ထရမ့်တို့ တွေ့ဆုံကြပြီး ဗြိတိန်နိုင်ငံနဲ့ အမေရိကန်တို့ရဲ့စီးပွားရေးအရ ချည်နှောင်မှုဟာ ကျယ်ပြန့်နက်ရှိုင်းလှတယ်လို့ ဘုရင်မကြီးက ပြောပါတယ်။

အနာဂတ်ကို မျှော်ကြည့်မယ်ဆိုရင် လေးစားတန်ဖိုးထားမှုတွေ၊ အပြန်အလှန် အကျိုးအမြတ်ဖလှယ်မှုတွေဟာ အမေရိကန်နဲ့ ဗြိတိန်တို့ကြား ချည်နှောင်မှုကို ဆက်လက်တည်ရှိစေမယ်လို့ ဘုရင်မကြီးက ပြောခဲ့ပါတယ်။ ဒါ့အပြင် ဒုတိယကမ္ဘာစစ်အတွင်း နောက်ထပ်စစ်ပွဲတစ်ခု ထပ်မဖြစ်လာအောင် ဗြိတိန်နဲ့ အမေရိကန်တို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့မှုကိုလည်း ပြောခဲ့ပါသေးတယ်။ ဒုတိယကမ္ဘာစစ်ကာလတုန်းက မဟာမိတ်တပ်တွေဟာ နာဇီအစိုးရကို ဖြုတ်ချနိုင်ခဲ့ပြီး လူသန်းပေါင်းများစွာကို ဖိနှိပ်ချုပ်ချယ်ခံရမှုကနေ ကယ်တင်ပေးနိုင်ခဲ့တယ်လို့ ထရမ့်က ပြောပါတယ်။ သမ္မတထရမ့်ဟာ ဘုရင်မကြီးနဲ့တွေ့ဆုံဖို့ အမေရိကန်သံအမတ်ကြီးရဲ့ နေအိမ်ကနေ ရဟတ်ယာဉ်နဲ့ လာခဲ့ပါတယ်။ ဘုရင်မကြီးနဲ့ တွေ့ဆုံတာကတော့ ထရမ့်အတွက် ဒုတိယအကြိမ်ပါ။

ကြိုဆိုနှုတ်ဆက်

ချားလ်မင်းသားနဲ့ ကွန်ဝဲမြို့စားကတော် ကင်မီလာတို့ကလည်း သမ္မတထရမ့်နဲ့ဇနီးဖြစ်သူတို့ကို ဘာကင်ဟမ် နန်းတော်ကို ရောက်ရောက်ချင်း နှုတ်ဆက်ခဲ့ကြပါတယ်။ သမ္မတထရမ့်ရဲ့သမီးဖြစ်သူ အီဗန်ကာနဲ့သမက် ဂျားကတ်ရှ်နာတို့ ဟာလည်း အိမ်ဖြူတော်ဝန်ထမ်းတွေနဲ့အတူ ဘာကင်ဟမ် နန်းတော်မှာ ရောက်ရှိနေခဲ့ပါတယ်။ အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမား လက်ထက်တုန်းကလည်း ၂၀၁၁ ခုနှစ် မေလအတွင်းမှာ လန်ဒန်ကို လာရောက် ခဲ့ဖူးပါတယ်။

အဲဒီတုန်းက ယာဉ်တန်းနဲ့သွားခဲ့ပြီး ထရမ့်ကျမှ ဘာကြောင့် ရဟတ်ယာဉ်နဲ့ သွားခဲ့သလဲဆိုတာ အိမ်ဖြူတော် ဝန်ထမ်းတွေက မပြောကြပါဘူး။ လန်ဒန်မြို့တော်ဝန်နဲ့ အဆင်မပြေတဲ့ထရမ့်ကို လန်ဒန်မြို့က လမ်းမထက်မှာ ဆန္ဒပြဖို့ စီစဉ်တာတွေရှိတယ်ဆိုတဲ့ သတင်းတွေကြောင့်လို့လည်း ထင်စရာ ရှိပါတယ်။

နန်းသက်အရှည်ဆုံးဘုရင်မ

အသက် ၉၃ နှစ်အရွယ် ဗြိတိန်ဘုရင်မကြီး အယ်လိဇဘက်ဟာ ကမ္ဘာပေါ်မှာ နန်းသက်အရှည်ဆုံး ဘုရင်မကြီးဖြစ်ပြီး အမေရိကန်သမ္မတပေါင်း ၁၂ ယောက်နဲ့ တွေ့ဆုံခဲ့ဖူးပါတယ်။ သူမင်းသမီးဘဝနဲ့ နန်းတက်စဉ်ကာလတုန်းက အမေရိကန်သမ္မတထရူးမင်းနဲ့ ပထမဆုံး တွေ့ဆုံခဲ့ပါတယ်။ သမ္မတထရမ့်ဟာ ဗြိတိန်တော်ဝင် မိသားစုအတွင်းမှာ ချားလ်မင်းသား၊ ကင်မီလာတို့နဲ့သာ တွေ့ဆုံခဲ့တာ မဟုတ်ပါဘူး။ မင်းသားဝီလီယံနဲ့ ဇနီးဖြစ်သူ ကိန်းဘရစ် မြို့စားကတော် ကတ်သရင်းတို့နဲ့ပါ တွေ့ဆုံခဲ့ပါတယ်။ မင်းသားဟယ်ရီရဲ့ဇနီးဖြစ်သူ ဆာဆက်မြို့စားကတော် မီဂန်ကတော့ ဘာကင်ဟမ် နန်းတော်မှာ ပြုလုပ်တဲ့ ညစာစားပွဲအခမ်းအနားကို တက်ရောက်ခဲ့ခြင်း မရှိပါဘူး။ မီဂန်မာကယ်ဟာ အမေရိကန်ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ခဲ့ပြီး အရင်တုန်းကထရမ့်သာ အမေရိကန် သမ္မတဖြစ်ခဲ့ရင် သူ ကနေဒါမှာ ပြောင်းနေမယ်လို့ ပြောခဲ့ဖူးသူပါ။ ဒီလိုပြောကြားတာနဲ့ ပတ်သက်ပြီး ဗြိတိန်ခရီးစဉ် မစမီ သည် ဆန်းသတင်းစာက ထရမ့်ကို မေးကြရာမှာတော့ “မီဂန်ဘာကြောင့် ဒီလိုပြောတယ်ဆိုတာကို ကျွန်တော်မသိဘူး။ အမေရိကန် မင်းသမီးတစ်ဦးရှိနေတာတော့ ကောင်းပါတယ်”လို့ ထရမ့်က ဖြေခဲ့ပါတယ်။

လန်ဒန်မြို့တော်ဝန်နဲ့ မပြေလည်

လန်ဒန်မြို့တော်ဝန် ဆာဒစ်ခန်းနဲ့ ထရမ့်ရဲ့ ဆက်ဆံရေးကလည်း မပြေလည်လှပါဘူး။ ထရမ့်ဟာ တနင်္လာနေ့ နံနက် ၉ နာရီ ဝန်းကျင်လောက်မှာ လန်ဒန်မြောက်ပိုင်းက စတန်စတက် လေဆိပ်ကို ရောက်ပါတယ်။ ဒါပေမယ့် ဗြိတိန်ကို ခြေမချမီကတည်းက လန်ဒန်မြို့တော်ဝန်ကို တိုက်ခိုက်တဲ့ စကားလုံးတွေ တွစ်တာပေါ် တင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်တုန်းက ထရမ့် ဗြိတိန်ကို လာရောက်စဉ် လန်ဒန်မှာ ထရမ့်ကို ဆန္ဒပြသူတွေ တစ်သီတစ်တန်းကြီး စောင့်နေခဲ့ပါတယ်။ သမ္မတထရမ့်ဟာ ၂၀၁၈ ခုနှစ် ဇူလိုင်လ အတွင်းမှာ လန်ဒန်မြို့သို့ သမ္မတတစ်ဦးအနေနဲ့ ပထမဦးဆုံးအကြိမ် လာရောက်ခဲ့ပါတယ်။ ကလေးသေးခံဝတ်ထားတဲ့ မစ္စတာထရမ့်ရုပ်ပုံ ပြုလုပ်ထားတဲ့ ရောမ မိုးပျံပူဖောင်းကြီးကို ဆန္ဒပြသူတွေက လွှင့်တင်တာကို မြို့တော်ဝန် ဆာဒစ်ခန်းက ခွင့်ပြုခဲ့ပါတယ်။ ဒါကြောင့်လည်း သူတို့နှစ်ဦးရဲ့ဆက်ဆံရေးဟာ ပိုမိုဆိုးရွားခဲ့ပါတယ်။

ကန့်ကွက်ကြ

သမ္မတထရမ့်နဲ့ ပတ်သက်ပြီး လန်ဒန်မြို့သူ မြို့သားတွေရဲ့ ဆန္ဒမဲကောက်ခံကြည့်ရာမှာတော့ ထက်ဝက်ကျော်ဟာ သမ္မတထရမ့်ရဲ့ချစ်ကြည်ရေးခရီးစဉ်ကို ကန့်ကွက်ကြပါတယ်။ လူထောင်ပေါင်းများစွာဟာလည်း ထရမ့်ဗြိတိန်မှာ ရှိနေစဉ်အတွင်း ဆန္ဒပြကြဖို့ ပြင်ဆင်ကြပါတယ်။ ထရမ့်နဲ့ အဆင်မပြေကြသူတွေထဲမှာ လန်ဒန်မြို့တော်ဝန် ဆာဒစ်ခန်းပဲရှိတာ မဟုတ်ပါဘူး။ လေဘာပါတီခေါင်းဆောင် မစ္စတာကော်ဘိုင်လည်း ပါဝင်ပါတယ်။ လစ်ဘရယ်ဒီမိုကရက်၊ ဂရင်းပါတီတို့လို နိုင်ငံရေးသမားတွေနဲ့အတူ ပူးပေါင်းသွားမယ်လို့ ပြောပါတယ်။

ဒီလိုမျိုးတွေ ကြားနေရလို့ ထရမ့်ကို ဆန့်ကျင်ကြသူတွေချည်းပဲလည်း မဟုတ်ပါဘူး။ ဥရောပသမဂ္ဂကနေ နုတ်ထွက်လိုကြတဲ့ ဘရီးဇစ် ထောက်ခံသူတွေကတော့ ဥရောပသမဂ္ဂနဲ့ အဆက်အသွယ်ဖြတ်ဖို့ဆိုရင် အမေရိကန်နဲ့ ကုန်သွယ်ရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ဖို့ဟာ ဆုလာဘ်တစ်ခုလို့ ထင်ကြသူတွေလည်း ရှိပါတယ်။ ဒါပေမယ့် အငြင်းပွားဖွယ်ရှိတာကတော့ အမေရိကန်က ကုန်ပစ္စည်းတွေကို ဝင်ခွင့်ပြုလိုက်ရင် ဗြိတိန်နိုင်ငံရဲ့အစားအသောက်နဲ့ စိုက်ပျိုးရေး အဆင့်အတန်းမှာ အဆင့်နိမ့်ကျလာတာတွေရှိမှာကိုလည်း စိုးရိမ်ကြပါတယ်။ အမေရိကန်ပြည်ထောင်စုက ကလိုရင်းနဲ့ ဆေးကြောထားတဲ့ ကြက်သားတွေဟာ ဗြိတိန်က စိုးရိမ်နေတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။

နုတ်ထွက်ဖို့ဖြစ်လာ

နိုင်ငံခြားရေးဝန်ကြီးဟောင်း ဘောရစ်ဂျွန်ဆင်ကတော့ ဗြိတိန်ပြည်သူတွေအတွက် ရွေးချယ်စရာရှိပြီး ကိုယ်ကြိုက်နှစ်သက်မှ ဝယ်၊ မကြိုက်ရင် မဝယ်ဘဲ နေလို့ရတာပဲလို့ ပြောပါတယ်။ သမ္မတထရမ့် ဗြိတိန်ကိုလာမယ်လို့ လုပ်ထားတာ ဧပြီလကတည်းကပါ။ ဧပြီလအစပိုင်းတုန်းက ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ ထရမ့်ရဲ့ခရီးစဉ်ဟာ ကုန်သွယ်မှု၊ ရင်းနှီး မြှုပ်နှံမှုနဲ့ လုံခြုံရေးကိစ္စတွေအတွက် အားကောင်းလာစေမယ့် အခွင့်အရေးတစ်ခုလို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် မကြာသေးမီရက်ပိုင်းအတွင်းကမှ ထရီဆာမေဟာ ရာထူးကနေ နုတ်ထွက်ဖို့ ဖြစ်လာခဲ့ပါတယ်။

မိန့်ခွန်းပြောခွင့်မပေးနိုင်

ကြိုဆိုသူတွေရော ကန့်ကွက်သူတွေပါ ရောထွေးနေတဲ့ ထရမ့်ရဲ့ခရီးစဉ်မှာ နောက်ထပ်ကိစ္စတစ်ခုကတော့ လွှတ်တော်မှာ မိန့်ခွန်းပြောဖို့ ကိစ္စပါ။ အထက်လွှတ်တော်ဥက္ကဋ္ဌ ဂျွန်ဘာကောင်းကတော့ ထရမ့်ကို ပါလီမန်မှာ မိန့်ခွန်းပြောခွင့် မပေးနိုင်ဘူးလို့ ပြောပါတယ်။ အမေရိကန် သမ္မတဟောင်း ဘားရက်အိုဘားမား၊ ရော်နယ်ရီဂင်၊ တရုတ်သမ္မတရှီကျင့်ဖျင်၊ တောင်အာဖရိက သမ္မတဟောင်းနယ်ဆင်မင်ဒဲလားတို့ဟာ ပါလီမန်မှာ မိန့်ခွန်းပြောခဲ့ကြဖူးပါတယ်။ ၂၀၁၇ ခုနှစ်တုန်းက မစ္စတာ ဂျွန်ဘာကောင်းက ထရမ့်ဟာ ပါလီမန်မှာ မိန့်ခွန်းပြောဖို့ မထိုက်တန်ဘူးလို့ ပြောခဲ့ပါတယ်။ ဘာကင်ဟမ်နန်းတော်မှာ ပြုလုပ်တဲ့ ညစာစားပွဲ အခမ်းအနားမှာတော့ ဂျွန်ဘာကောင်းကို ဖိတ်ကြားခဲ့ခြင်း မရှိပါဘူး။ အလားတူပါပဲ အတိုက်အခံ လေဘာပါတီခေါင်းဆောင် ဂျရမီကော်ဘိုင်ဟာလည်း နိုင်ငံတော်အဆင့် ညစာစားပွဲမှာ ဖိတ်ကြားခံရခြင်း မရှိပါဘူး။ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဘောရစ်ဂျွန်ဆင်ကိုတော့ ထရမ့်က လိုလားတဲ့ပုံပါပဲ။ ဂျွန်ဆင်သာ ဝန်ကြီးချုပ်ဖြစ်ခဲ့ရင် တကယ်တော်တဲ့ ဝန်ကြီးချုပ်ဖြစ်မှာလို့ ထရမ့်က ပြောခဲ့ပါတယ်။ မစ္စတာဂျွန်ဆင်ဟာ အမေရိကန်ပြည်ထောင်စုမှာ မွေးဖွားခဲ့ပေမယ့် ၂၀၁၇ ခုနှစ်မှာတော့ သူ့ရဲ့အမေရိကန်နိုင်ငံသားဖြစ်ခွင့်ကို စွန့်လွှတ်ခဲ့ပါတယ်။ သမ္မတထရမ့်ရဲ့ ထောက်ခံမှုတွေကြောင့် ဝန်ကြီးချုပ်နေရာနဲ့ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နေရာအတွက် ရှေ့တန်းပြေးနေတဲ့ ဘောရစ်ဂျွန်ဆင်တစ်ယောက် အကျိုးကျေးဇူးခံစားခွင့် ရမလားဆိုတာကတော့ မသေချာပါဘူး။ ။

ကိုးကား -နယူးယောက်တိုင်းမ်

နိုင်ငံတကာသတင်းတိုထွာ

ပျောက်ဆုံးအက်ဖ် ၃၅ ဂျက်လေယာဉ်ရှာဖွေမှု ဂျပန်ရပ်ဆိုင်း

တိုကျို ဇွန် ၄

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် လွန်ခဲ့သော နှစ်လအကြာက ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ပျက်ကျခဲ့သည့် အက်ဖ် ၃၅ ဂျက်လေယာဉ်ရှာဖွေမှုကို ရပ်နားလိုက်ပြီဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တာကီရှိ အီဝါယာက ပြောကြားခဲ့သည်။ပျံသန်းပြေးဆွဲမှုရပ်နားထားသည့် အခြားအက်ဖ် ၃၅ ဂျက်လေယာဉ်များကိုလည်း ဘေးကင်းလုံခြုံမှုအပိုင်းတွင် စိတ်ချရကြောင်း ခိုင်မာသေချာအောင် လုပ်ဆောင်ပြီးချိန်တွင် ပြန်လည်ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်မှရရှိထားသည့် အက်ဖ် ၃၅ တိုက်ခိုက်ရေးဂျက်လေယာဉ်သည် ပြီးခဲ့သည့် ဧပြီ ၉ရက်က အိုမိုရီစီရင်စုရှိ ရေပိုင်နက်အတွင်း ပျက်ကျသွားခဲ့သည်။ မကြာသေးမီက ရှာဖွေမှုအတွင်း လေယာဉ်အင်ဂျင်အပိုင်းအစများနှင့် လေယာဉ်တောင်ပံကို တွေ့ရှိခဲ့သည်။ ရှာဖွေမှုများကို တနင်္လာနေ့တွင် ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အီဝါယာက သတင်းထောက်များသို့ ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

ဇွန်လတွင် အာရပ်အရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးသွားမည်

ဂျီနီဗာ ဇွန် ၄

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဇွန်လအတွက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ကူဝိတ်နိုင်ငံက တနင်္လာနေ့က စတင်ကာ တာဝန်လွှဲပြောင်းယူသွားပြီဖြစ်ရာ အရပ်သားများကို အကာအကွယ်ပေးရန်နှင့် အာရပ်အရေးပြဿနာများကို အလေးထား ဆွေးနွေးသွားရန် ရည်ရွယ်ထားသည်။

ကူဝိတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်နှင့် ဇွန်လအတွက် လုံခြုံရေးကောင်စီတွင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည့် မန်ဆောအယ် အော့တစ်ဘိုင်က ကောင်စီတွင် တင်ပြရန် အစီအစဉ် ကိုးခုရှိကြောင်း နယူးယောက်မြို့ ဌာနချုပ်တွင် တနင်္လာနေ့က သတင်းထောက်များကို ပြောသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဇွန်လအတွင်း အာရပ်အရေးကိစ္စကို ဆွေးနွေးသွားမည်ဟု ၎င်းက အလေးထား ပြောကြားခဲ့သည်။ ကူဝိတ်နိုင်ငံသည် လုံခြုံရေးကောင်စီဥက္ကဋ္ဌရာထူးကို အင်ဒိုနီးရှားနိုင်ငံထံမှ လွှဲပြောင်းယူခဲ့ခြင်းဖြစ်ပြီး တတိယအကြိမ်မြောက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်းလည်း ဖြစ်သည်။

ဆင်ဟွာ

နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ရန် ရည်ရွယ်လျက်ရှိသော စစ်ကိုင်းမြို့က ကြေးပန်းချီလုပ်ငန်း

ဝေဖြိုးအောင်၊ သန်းဇော်မင်း (မြန်/ဆက်)

မြန်မာတို့ခေတ်အဆက်ဆက် အသုံးပြုလာသော ကြေးကို ဆန်းသစ်တီထွင်ပြီး ခေတ်နှင့်လျော်ညီစွာ မွမ်းမံ၍ ကြေးဖြင့် ဖန်တီးထားသော ပန်းချီကားချပ်များသည် ယခုအခါ ပြည်တွင်း၌ စိတ်ဝင်စား လူကြိုက်များလာပြီး အလုပ်ဖြစ်လာသောကြောင့် ပြည်တွင်းသာမက နိုင်ငံတကာအထိ ဈေးကွက်သို့ ရောက်ရှိရန် ရည်ရွယ်၍ ဖန်တီး ပြုလုပ်လျက်ရှိကြောင်း စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်မှ ကြေးပန်းချီလုပ်ငန်းပြုလုပ်သူ ကိုကျော်ကျော်ထံမှ သိရသည်။

ကြေးဖြင့်ပြုလုပ်သည့် ပန်းချီကားရုပ်ကြွများမှာ အိမ်အလှဆင်ခြင်းလုပ်ငန်း၊ အိမ်တက်မင်္ဂလာ၊ မွေးနေ့မင်္ဂလာများတွင် လက်ဆောင်ပေး၍သာမက ဟိုတယ်လုပ်ငန်းအလှဆင်ရန် အသုံးပြုလာသည့်အတွက် ပိုမိုတွင်ကျယ်လျက်ရှိကာ ပြည်တွင်းဈေးကွက် အတော်အသင့်နေရာရရှိနေပြီဖြစ်သည်။

ကြေးပန်းချီကားချပ် ပြုလုပ်ပုံနှင့်ပတ်သက်၍ "ပထမဦးစွာ စာရွက်ပေါ်မှာ လိုချင်တဲ့ ဒီဇိုင်းဆွဲရတယ်။ ဒီဇိုင်းဆွဲထားတဲ့ အရွယ်အစားကိုကြည့်ပြီး ကြေးပြားကို တိုင်းတာဖြတ်လိုက်တယ်။ ဖြတ်ပြီးတဲ့ကြေးပြားကို ညီညာအောင် ထုရိုက်ပြီး ဒီဇိုင်းဆွဲထားတဲ့ စက္ကူပြန်ကပ်တယ်။ စက္ကူပေါ် ပုံအတိုင်း စူး၊ ဆောက်တွေနဲ့ အကြမ်းထွင်းထုတ်တယ်။ အကြမ်းထွင်းထုတ်ပြီးတဲ့ ကြေးပြားကို မီးအပူပေးတယ်။ မီးအပူပေးပြီး လိုချင်တဲ့ပုံစံ စူး၊ ဆောက်တွေနဲ့ အနုစိတ်ထွင်းထုပြုလုပ်ပြီး မလိုတဲ့အပိုင်းတွေကို ဖြတ်ထုတ်လိုက်တယ်။ ပြီးရင် အရောင်တင်တယ်။ လိုချင်တဲ့ပုံစံအရောင်တင်ပြီး ကတ္တီပါနောက်ခံနဲ့ ပေါင်ကွပ်ကာ ဈေးကွက်မှာ ရောင်းချပါတယ်။ ပန်းချီအခြေခံရှိပြီးသားသူတွေအတွက် လုပ်ကိုင်ရင် ပိုအဆင်ပြေပါတယ်" ဟု စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်မှ ၁၀ နှစ်ကျော် ကြေးပန်းချီလုပ်ငန်းပြုလုပ်သူ ကိုကျော်ကျော်က ပြောသည်။

"၁၀ နှစ်ကျော်ကာလအတွင်းမှာ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး အခက်အခဲတွေလည်း တွေ့ရပါတယ်။ ကြေးဈေးနှုန်း အတက်အကျတွေ၊ ပညာရှင်လုပ်သားရှားပါးမှုတွေကြောင့် အခက်အခဲတွေလည်း တွေ့ရတယ်။ ဒါပေမယ့် ဒီလိုရှားပါးစွာ ဆန်းသစ်တီထွင်ထားတဲ့ ကြေးပန်းချီပညာတွေ ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းချင်တာကြောင့် ဆက်လက်ပြီး လုပ်ဆောင်နေပါတယ်။ နောင်လည်း ဆက်လုပ်သွားမှာပါ။ ကြေးပန်းချီလုပ်ငန်းနဲ့ နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်ဖို့ ရည်ရွယ်ပြီး ဖန်တီးဆောင်ရွက်နေပါတယ်။ မျိုးဆက်သစ်တွေကို မွေးထုတ်ပေးသွားမှာပါ" ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါ ကြေးဖြင့်ပြုလုပ်သော ပန်းချီကားချပ်များမှာ မြန်မာ့ဇာတ်တော်ကြီး ၁၀ ဘွဲ့၊ ဟင်္သာမောင်နှံ၊ တိရစ္ဆာန်ရုပ်လေးများ၊ မြန်မာတို့၏ အသုံးအဆောင်ပစ္စည်းများကို အမှတ်တရအဖြစ် ကြေးဖြင့်ပုံဖော်ကာ မြန်မာ့ယဉ်ကျေးမှုကို ဖော်ပြနေသည့် လုပ်ငန်းဖြစ်ပြီး ကြေးကိုပုံဖော်ကာ ဆန်းသစ်စွာ တီထွင်ဖန်တီးထားသော ကြေးပန်းချီကားချပ်များကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများအထိ ဈေးကွက်ရယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒီဇိုင်းဆွဲပြီးသော ပုံစံအတိုင်း ကြေးပြားအား တိုင်းတာဖြတ်ထုတ်နေစဉ်။

ကြေးပြားအား ညီညာအောင် ထုရိုက်နေစဉ်။

ကြေးပြားပေါ်တွင် ပုံစံစက္ကူကပ်၍ ပုံကြမ်းထွင်းထုနေစဉ်။

ပုံကြမ်းထွင်းထုထားသောကြေးပြားအား မီးအပူပေးနေစဉ်။

ပုံဖော်ထားသောကြေးပြားအား အနုစိတ် ပုံဖော်ဆောင်ရွက်နေစဉ်။

ကြေးပြားများအား ပထမအဆင့်ပုံဖော်ဆောင်ရွက်နေစဉ်။

အဆင့်ဆင့်ဆောင်ရွက်နေသော ကြေးပန်းချီလုပ်ငန်းခွင်တစ်ခုအား မြင်တွေ့ရစဉ်။

ပေါင်ကွပ်ကာ ဈေးကွက်သို့ တင်ပို့ရောင်းချမည့် ကြေးပန်းချီကားချပ်များ။

အနုစိတ်ဆောင်ရွက်ပြီးသော ကြေးပန်းချီကားများအား အရောင်တင်၊ ချေးချွတ်ဆောင်ရွက်နေစဉ်။

ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုနှုန်း ခြောက်သောင်းနီးပါးတိုးလာ

မန္တလေး ဇွန် ၄

၂၀၁၉- ၂၀၂၀ ပညာသင်နှစ်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံမှုနှုန်းမှာ ယမန်နှစ်ထက် ခြောက်သောင်းနီးပါးတိုးလာကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

ယမန်နှစ်ပညာသင်နှစ်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံမှုနှုန်းသည် မူလတန်း ၄၄၁၆၀၀၊ အလယ်တန်း ၃၁၀၀၁၈ ဦးနှင့် အထက်တန်း ၉၂၉၀၁ ဦး စုစုပေါင်း ၈၄၄၅၁၉ ဦး ရှိခဲ့ပြီး ယခုပညာသင်နှစ်တွင် သတ်မှတ်ထားသည့် ကျောင်းအပ်နှံရေးနေ့ ရက်သတ္တပတ်ဖြစ်သော မေ ၂၅ ရက်မှ ၃၁ ရက်အထိ လာရောက်ကျောင်းအပ်နှံသည့် စာရင်းမှာ မူလတန်း ၄၅၆၁၈၃ ဦး၊ အလယ်တန်း ၃၄၇၁၈၀ နှင့် အထက်တန်း ၁၀၀၅၉၅ ဦး စုစုပေါင်း ၉၀၃၉၅၈ ဦး ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်နှင့် ပြဋ္ဌာန်းစာအုပ်တစ်စုံစီ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ် တစ်ဒါဇင်လျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ငွေကျပ် ၉၁၂ သန်း အကုန်ကျခံ သုံးစွဲခဲ့ကြောင်း သိရသည်။

ယခုပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ အဆင့်တိုးကျောင်းပေါင်း ၅၁၁ ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကိုယ်ပိုင်ကျောင်းများအနေဖြင့်လည်း လက်ရှိ ၁၇၇ ကျောင်း ဖွင့်လှစ်ပေးခဲ့ရာမှ ယခုပညာသင်နှစ်တွင် ၃၆ ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

နေပြည်တော် ဇွန် ၄

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထား လိုက်နာကြရန် လိုအပ်သည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ရေမြင့်တက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့်ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါ်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြှုပ်ပေါ်ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားသည်။

ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်ခုအကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန် ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် ရေယာဉ်များသည် မိမိ၏ သယ်ဆောင်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည် ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲ(၁)တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမောင်ကျမှုဖြစ်ပေါ်သည့်အခါ ရေယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် အထူးသတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

ပွင့်ဖြူမြို့နယ် မှုရိုးကုန်းကျေးရွာတွင် မိုးသည်းထန်ရွာသွန်းမှုကြောင့် နေအိမ် အလုံး ၂၀ ခန့်ရှိ ခြံဝင်းများ၌ မြေအက်ကွဲကြောင်းများဖြစ်ပွားမှု တာဝန်ရှိသူများအဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပွင့်ဖြူ ဇွန် ၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွှေလေ့ကျေးရွာအုပ်စု မှုရိုးကုန်းကျေးရွာတွင် ဇွန် ၂ ရက် ည ၁၀ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မုန်းချောင်းကမ်းပါးနှင့် ပေ ၇၀၀ ခန့် အကွာရှိ နေအိမ် အလုံး ၂၀ ခန့် မြေအက်ကွဲကြောင်းများ ဖြစ်ပွားခဲ့ကြောင်းသိရသဖြင့် ယနေ့ နံနက် ၁၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ရွှေလေ့ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကြည်စိန်၊ မှုရိုးကုန်းကျေးရွာ ရွာခွဲတာဝန်ခံ ဦးသိန်းတန်နှင့် ရပ်မိရပ်ဖများက မိုးရွာသွန်းမှုကြောင့် မြေအက်ကွဲကြောင်းဖြစ်ပွားမှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက မိုးရာသီကာလဖြစ်သည့်အတွက် မြေအက်ကွဲကြောင်းဖြစ်ပွားမှုကို မျက်ခြည်မပြတ်စောင့်ကြည့်စစ်ဆေးသွားရန်နှင့် မိုးသည်းထန်စွာ ထပ်မံရွာသွန်းလာပါက လက်ရှိဖြစ်ပေါ်နေသည့် မြေအက်ကွဲကြောင်း ဧရိယာအတွင်း လူနေအိမ်များ ထိခိုက်ပျက်စီးမှုများ မဖြစ်စေရေးအတွက် ကြိုတင်ပြောင်းရွှေ့ရန် ကိစ္စရပ်များနှင့် ထူးခြားမှုရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့တင်ပြရန် ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးမှာကြားသည်။

ပွင့်ဖြူမြို့နယ် ရွှေလေ့ကျေးရွာအုပ်စု မှုရိုးကုန်းကျေးရွာသည် အိမ်ထောင်စု ၂၈၅ စု၊ လူဦးရေ စုစုပေါင်း ၉၄၀ ခန့်ရှိပြီး ကျေးရွာနေပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် ယခုလို မိုးရာသီကာလများတွင် နှစ်စဉ် မုန်းချောင်းကမ်းပါးပြိုကျမှုဒဏ်ကို ရင်ဆိုင်ကြုံတွေ့နေရကြောင်းနှင့် ဇွန် ၂ ရက်က ရွာသွန်းခဲ့သည့်မိုးကြောင့် နေအိမ်အလုံး ၂၀ ခန့်ရှိ နေအိမ်ခြံဝင်းများ၌ မြေအက်ကွဲကြောင်းများဖြစ်ပွားခဲ့ရာ အဆိုပါ မြေအက်ကွဲကြောင်းဖြစ်ပွားရာ ဧရိယာအတွင်း နေအိမ် ၁၀၀ ကျော်ခန့် နေထိုင်လျက်ရှိပြီး ဆက်လက်မိုးသည်းထန်စွာ ရွာသွန်းလာပါက ဘေးလွတ်ရာသို့ ပြောင်းရွှေ့ဖွယ်ရှိနေကြောင်း မှုရိုးကုန်းကျေးရွာရှိ ဒေသခံပြည်သူများထံမှ သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

မိုးသည်းထန်ရွာသွန်းမှုကြောင့် မှုရိုးကုန်းကျေးရွာ နေအိမ်ခြံဝင်းများ၌ မြေအက်ကွဲမှုများဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၆-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၁၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၈၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၁၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၈၆၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၁၅/၉၈၀ ကျပ်	၉၆၅/၉၉၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၉၀/၉၉၀ ကျပ်	၉၇၅/၁၀၁၀ ကျပ်
အောက်တိန်း ၉၂	၈၀၀/၉၉၀ ကျပ်	၈၉၅/၉၃၀ ကျပ်
အောက်တိန်း ၉၅	၈၈၀/၉၆၀ ကျပ်	၉၈၀/၁၀၁၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၂၈ · ၆
ဥရောပ	တစ်ယူရို	ကျပ် ၁၇၁၉ · ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၇ · ၁
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၃၄ · ၀
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၁၃ · ၆
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၆၆ · ၅
တရုတ်	တစ်ယွမ်	ကျပ် ၂၂၁ · ၁၄
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ · ၀၄၇
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၉ · ၁၆
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၆ · ၀၉
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ · ၈၁၄

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

‘တိမ်တွေပေါ်ကပန်း’ ဇာတ်ကားကို မြန်မာ- ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်းရိုက်ကူးမည်

မြန်မာနိုင်ငံရှိ လုပသောနေရာများနှင့် ကိုရီးယားနိုင်ငံရှိ လှပသောနေရာများ၌ ဖန်တီးပုံဖော်ရိုက်ကူးသွားမည့် မြန်မာ- ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ် ရုပ်ရှင် ဇာတ်ကား တစ်ကားဖြစ်သည့် တိမ်တွေပေါ်ကပန်း ရုပ်ရှင်ဇာတ်ကားကြီးကို Big 5 Production နှင့် JBJ Entertainment တို့ ပူးပေါင်းရိုက်ကူးသွားမည်ဟု သိရသည် ။

ထိုဇာတ်ကားတွင် ပါဝင်မည့် အဓိကသရုပ်ဆောင် ဝတ်မှုံရွှေရည်က “ဒီရုပ်ရှင်မှာက အင်္ဂလိပ်ဘာသာစကားနဲ့ မြန်မာဘာသာစကား နှစ်မျိုးပြောရမှာပါ။ ကိုရီးယားနိုင်ငံ ဘူဆန်မှာလည်း သွားရိုက်ဖို့ရှိပါတယ်။ ရုပ်ရှင်ကားကြီးအတွက် ကြိုတင်ပြင်ဆင်မှုတွေလည်း ပြုလုပ်ခဲ့ပါတယ်။ ဒီရုပ်ရှင်မှာ စနိုးဆိုတဲ့ ကောင်မလေးနေရာကနေ သရုပ်ဆောင်ရမှာပါ။ အရင်ကတည်းက စိတ်ကူးယဉ်နေတဲ့ ကာရိုက်တာ ပုံစံလေးပါ။ ရိုမန်တစ်ဆန်တဲ့ ဇာတ်လမ်းလေးပါ၊ ဒီကားလေးက ကစ်တို့မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အထင်ကရနေရာတွေ၊ သဘာဝအလှအပ နေရာတွေနဲ့ ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှာရှိတဲ့ ခရီးသွားဧည့်သည်တွေ လာရောက် လည်ပတ်လေ့ရှိတဲ့ နေရာတွေကို မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အဖြစ် ဖန်တီးရိုက်ကူးသွားမယ်လို့တော့ ပြောပါတယ်၊ ဇွန်ပထမပတ်မှာ စတင်ရိုက်ကူးမှာပါ”ဟု ပြောသည်။

ထိုဇာတ်ကားကို ဒါရိုက်တာ စင်ရော်မောင်မောင်နှင့် သားဖြစ်သူ မင်းသန့်မောင်မောင်တို့က တည်းဖြတ်ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်လမ်း ဇာတ်ညွှန်းကို မိုးနီလွင်က ရေးသားထားသည်။ သရုပ်ဆောင်များအနေဖြင့် ကိုရီးယားမင်းသား Ryu Sang Wook၊ ကျော်ထက်အောင်၊ ဝတ်မှုံရွှေရည်၊ မေသန်းနုနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ပြီး အဓိကအားဖြင့် ဒရာမာဇာတ်လမ်းပုံစံဖြစ်ကာ အချစ်၊ အလွမ်း၊ အက်ရှင်နှင့် ရသမျိုးစုံကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇာတ်လမ်းကို မြန်မာနိုင်ငံအတွင်း ရိုက်ကူးရာတွင် ချင်းတောင်ကို အခြေခံ၍ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

မြန်မာရုပ်ရှင်သစ်များ ကြည့်ရှုနိုင်မည့် Pay Per View ရုပ်သံလိုင်းသစ် ထုတ်လွှင့်တော့မည်

မြန်မာရုပ်ရှင်ဇာတ်ကားအသစ်များ ကြည့်ရှုနိုင်မည့် သီးသန့်ရုပ်သံလိုင်းသစ်တစ်ခုဖြစ်သော Sky Net Cinema (Pay Per View Channel)ကို ဇွန် ၇ ရက်တွင် စတင် ထုတ်လွှင့်တော့မည်ဖြစ်ကြောင်း သိရသည်။

ရွှေသံလွင်မီဒီယာလီမိတက် Entertainment Department ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)က “ကျွန်တော်တို့ ရုပ်ရှင်ဇာတ်ကားတွေ တော်တော်များများ ရိုက်ကူးခဲ့ကြပါတယ်၊ မနှစ်ကစိုက်တဲ့ အနုပညာအပင်က ဒီနှစ်မှာ သီးပါတယ်၊ ဒါကြောင့် ဒီနှစ်စိုက်တဲ့ အသီးအပွင့်က နောက်နှစ်မှ စားရမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ ကားတွေ အများကြီးရိုက်ခဲ့ပေမယ့် ခုထိ ရုံမတင်ရသေးပါဘူး၊ ရုံတင်ဖို့လည်း အလုအယက်ကို တန်းစီရပါတယ်၊ ရွေးချယ်မှုကို စောင့်ရတာ တော်တော်ကြာပါတယ်၊ ကြာမြင့်နေတဲ့အချိန်မှာ တစ်ဖက်က ထိုးဖောက်ဖို့လည်း လိုပါတယ်။ ဒီလို ရုပ်သံလိုင်းကနေ မြန်မာရုပ်ရှင်ကား အသစ်တွေကို ကြည့်ရှုခွင့်ရတာဟာ ရုံတင်ခွင့်မရသေးတဲ့ ဇာတ်ကားတွေနဲ့ ဈေးကွက်ပျက်သွားတဲ့ ဗီဒီယိုလောကအတွက်ပါ အထောက်အကူပြုနိုင်မှာပါ၊ မည်သူမဆို ရွှေသံလွင်နဲ့ ပူးပေါင်းရိုက်ကူးလို့လည်း ရပါတယ်”ဟု ပြောသည်။

အဆိုပါရုပ်သံလိုင်းတွင် ရုံမတင်ရသေးသော မြန်မာရုပ်ရှင်ဇာတ်ကားသစ်များကို တစ်ပတ်လျှင် တစ်ကားနှုန်းဖြင့် တစ်လလျှင် လေးကား ပြသမည်ဖြစ်ကာ တစ်ကားလျှင် ကျပ် ၁၀၀၀ ပေးပြီး ဝယ်ယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ Sky Net (Pay Per View) အစီအစဉ်ကို အိုကေဒေါ်လာ၊ ရွှေဘဏ်၏ Mobile Banking နှင့် မြို့နယ်အလိုက် Sky Net ဆိုင်ခွဲများတွင် ငွေပေးသွင်းပြီး ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသထားသည့် ရုပ်ရှင်ကားများကို တစ်နှစ်ပြည့်လျှင် နိုင်ငံတကာ ရုပ်ရှင်အတတ်ပညာရှင်များက အကဲဖြတ်ပြီး Gold Award ဆု ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။ “ကျွန်တော်တို့ အနုပညာသမားတွေဟာ ပရိသတ်ရဲ့လက်ခုပ်သံနဲ့ရှင်သန်ရတာပါ၊ ဒီလက်ခုပ်သံရဖို့အတွက် ကျွန်တော်တို့တွေ အမျိုးမျိုး လုပ်ကြရပါတယ်၊ ငွေရေးကြေးရေးက တစ်ပိုင်းပါ၊ ဒီလိုအလုပ်လုပ်ချိန်မှာ ပရိသတ်ကရွေးချယ်ထားတဲ့ အကယ်ဒမီနဲ့ ထူးချွန်ဆုကို နိုင်ငံတကာနဲ့ ပူးပေါင်းရွေးချယ်သွားဖို့ရှိပါတယ်၊ တစ်နှစ်ကို ၄၈ ကားထဲကနေ ဆုပေးဖို့ ရည်ရွယ်ပါတယ်၊ အပြိုင်အဆိုင် ကြိုးစားချင်စိတ်ရှိအောင်ပါ၊ ဇာတ်ကားတွေကို ပေ့ါပေ့ါဆဆ မရိုက်ကူးဘဲ အကောင်းဆုံး ကြိုးစားကြဖို့ ပြောချင်ပါတယ်”ဟု ဒါရိုက်တာ မောင်မျိုးမင်းက ဆက်ပြောသည်။

Sky Net (Pay Per View) ရုပ်သံလိုင်း မိတ်ဆက်ပွဲတွင် တွေ့ရသော သရုပ်ဆောင် လူမင်းနှင့် ဇေရဲထက်

ကိုလင်း

အက်ရှင်အပြင် အချစ်ဇာတ်လမ်းများလည်း ရိုက်ကူးမည်ဖြစ်ကြောင်း တိုင်ရှွန် ပြောကြား

မော်ဒယ်ဘွိုင်းတစ်ယောက်အဖြစ် အနုပညာလောကထဲကို ဝင်ရောက်ခဲ့ပြီးနောက် ရုပ်သံဇာတ်လမ်းတွဲများ၊ အက်ရှင်ဇာတ်ကားများဖြင့် နာမည်ရလာသည့် လူငယ်သရုပ်ဆောင် တိုင်ရှွန်က လတ်တလောတွင် ၄င်းအား အက်ရှင်မင်းသားအဖြစ်သာ ပရိသတ်များ တွေ့နေရသော်လည်း နောက်ပိုင်းတွင် အချစ်ဇာတ်လမ်းများတွင်ပါ တွေ့ရမည်ဖြစ်ကြောင်း ပြောကြားသည်။

“လတ်တလောအနေနဲ့ဆို ကျွန်တော် ခရီးသွားကောက်ကြောင်းဆိုတဲ့ အစီအစဉ်လေးရဲ့ဝက်ပါဂိမ်း ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်မှာပါ၊ အရင်ကတော့ Media7 နဲ့ Let's Go အစီအစဉ်လေးတွေ ရိုက်ဖူးတယ်၊ ဒီလိုမျိုး ဇာတ်လမ်းပုံစံတော့ တစ်ခါမှ မရိုက်ဖူးဘူး၊ ပြီးတော့ အခု ပရိသတ်တွေ ကျွန်တော့်ကို အခမ်းနားဆုံးမေတ္တာ ဇာတ်ကားကြီးမှာ ထပ်တွေ့ရဦးမှာပါ၊ အဲဒီကားလေးက အချစ်ဇာတ်ကားပါ၊ ကျွန်တော်က စရိုက်ကတည်းက အက်ရှင်ဇာတ်ကားမျိုးနဲ့ စရတာလေ၊ နောက်ပိုင်းရိုက်တဲ့ ကားတွေဆိုလည်း ကျွန်တော့်ကို အက်ရှင်ပုံစံတွေပဲ လာငှားကြတာများတယ်၊ အခု အခမ်းနားဆုံးမေတ္တာ ကားကတော့ လူငယ်တွေကြားက ဖန်စီဆန်တဲ့ပုံစံလေးဆိုလည်းဟုတ်တယ်၊ ဒီကားလေးမှာတော့ ကျွန်တော် အက်ရှင်မဆန်တော့ပါဘူး”ဟု တိုင်ရှွန်က ပြောသည်။

၄င်းအနေဖြင့် အဆိုတော်ယုန်လေးတို့နှင့်အတူ ရိုက်ကူးထားသော သတိ အန္တရာယ်ရှိသည် ဇာတ်ကားတွင် ဇာတ်ဝင်ခန်းအချို့ဆင်ဆာဖြတ်တောက်မှု ခံရသော်လည်း ထိုဇာတ်ကားကို ဇွန် ၂၀ ရက်တွင် ရုံတင်ပြသတော့မည်ဟု သိရသည်။ “အဲဒီကားကတော့ ကျွန်တော်ရဲ့ နောက်ထပ်ရုံတင်မယ့် အက်ရှင်ကားတစ်ကားပေ့ါ၊ ကျွန်တော့်အနေနဲ့ အက်ရှင်ကို ကြိုက်ပါတယ်၊ အက်ရှင်ဆိုတာက ခက်ခဲတဲ့ ပုံစံတွေကို လုပ်ရတာပါ၊ ပြီးတော့ ကိုယ်လုပ်ပြနိုင်သလောက် နောက်က နည်းပညာပိုင်း ပံ့ပိုးနိုင်မှုမရှိရင် မလွယ်ဘူးလေ၊ အက်ရှင်ကားတွေကို ပရိသတ်လက်ခံနိုင်ဖို့တော့ ကြိုးစားနေတုန်းပါပဲ၊ နောက်ပိုင်းဆိုရင်တော့ အက်ရှင်ရော၊ အချစ်ရော ကျွန်တော့်ကိုတွေ့ရမှာပါ”ဟု တိုင်ရှွန်က ဆက်ပြောသည်။

ကိုလင်း

ခြောက်ကြိမ်မြောက် Myanmar Abstract ပန်းချီပြပွဲ ဇွန် ၈ ရက်တွင် ကျင်းပမည်

မျက်စိအမြင်ဖြင့် အဓိကထား ခံစားခြင်းမဟုတ်ဘဲ စိတ်ကိုအခြေခံပြီး အာရုံများမှ တစ်ဆင့် ခံစားရသည့် Abstract ပန်းချီကားများကို မြန်မာနိုင်ငံတွင် စိတ်ဝင်စားမှု နည်းပါးနေသေးသော်လည်း ဝါသနာပါသူများ ကြည့်ရှုခံစားနိုင်စေရန် ရည်ရွယ်ပြီး ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းရှိ လောကနတ် ပန်းချီပြခန်း၌ Myanmar Abstract ပန်းချီပြပွဲကို ဇွန် ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကာ ပန်းချီဆရာ ၁၀ ဦး၏ ပန်းချီကားပေါင်း ၅၀ ကျော်ကို ပြသသွားမည်ဟုသိရသည်။

“ကျွန်တော်တို့အနေနဲ့ ဒီပန်းချီပြပွဲကို ကျင်းပပြုလုပ်ခဲ့တာ ဒီတစ်ခါဆိုရင် (၆) ကြိမ်မြောက်ရှိပါပြီ၊ ကျွန်တော်တို့ အခုပွဲလေးလုပ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအရပ်ရပ်မှာရှိတဲ့ ပန်းချီပညာကို စိတ်ဝင်စားသူတွေ၊ ပြီးတော့ ဒီ Abstract ပန်းချီကို စိတ်ဝင်စားသူတွေ ဝင်ရောက်ပါဝင်ပြသနိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာပါ၊ ရေးဆွဲထားတဲ့သူတွေရှိရင်လည်း လာရောက်ပြသနိုင်ပါတယ်၊ နောက်တစ်ခုကတော့ အနုပညာအပေါ် သက်ဝင်ယုံကြည်တဲ့သူတွေကိုရော၊ အနုပညာကို ခံစားချင်သူတွေကိုပါ ပြသချင်တဲ့ သဘောပါ၊ ကျွန်တော်တို့နိုင်ငံမှာ Abstract ပန်းချီက သူများနိုင်ငံတွေထက်စာရင် လူသိနည်းသေးတာမို့ နှစ်စဉ်နှစ်တိုင်းလိုလို မြန်မာ Abstract အဖွဲ့ဆိုပြီး အဖွဲ့လိုက် လှုပ်ရှားပြသမှုလေး လုပ်တာပါ”ဟု Myanmar Abstract Artists ပန်းချီပြပွဲကို ဦးဆောင်ပြုလုပ်သူ ကိုဇေလတ်က ပြောသည်။

ကိုလင်း

ကရင်ပြည်နယ်မှ ကျောက်မောင်နှမတောင်ကို အခြေပြု၍ ‘ဝက်ပါဂိမ်း’ ခရီးသွားကောက်ကြောင်းအစီအစဉ် ရိုက်ကူးမည်

Brave Empire Entertainmentမှ စီစဉ်ပြီး ဇေယျာတု ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ Emma ရိုက်ကူးမည့် ခရီးသွားကောက်ကြောင်း အစီအစဉ်၏ ခြောက်ကြိမ်မြောက်ရိုက်ကူးမည့် ဝက်ပါဂိမ်း ဇာတ်လမ်းတွဲကို ဇွန် ၁၃ ရက်မှစ၍ ကရင်ပြည်နယ်ရှိ စိတ်ဝင်စားဖွယ်နေရာများကို နောက်ခံထားပြီး ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွင် သရုပ်ဆောင် တိုင်ရှွန်၊ အောင်လေး၊ ငြိမ်းသော်နှင့် မွန်ထရွယ်အောင်တို့ အဓိက ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီတစ်ခါတော့ ညီမတို့ မင်းသားလေးယောက်နဲ့ ရိုက်မှာပါ၊ (၆) ကြိမ်မြောက် ရိုက်ကူးခြင်းဖြစ်ပါတယ် ၊ နောက်ဆုံးရိုက်ခဲ့တာကတော့ ပိုင်တံခွန်နဲ့ သင်ဇာဝင့်ကျော်တို့နဲ့ ရိုက်ခဲ့တာပါ၊ မြိတ်ခရီးစဉ်လေးပေ့ါ၊ အခုဒီတစ်ခေါက်ကတော့ မွန်၊ ကရင် ခရီးစဉ်လေးဆိုပေမယ့် အဓိကကတော့ ကရင်ပြည်နယ်ပေ့ါ၊ အဲဒီက ဇွဲကပင်မောင်နှမအကြောင်းလေးကို အဓိကထားပြီး ဒီဇာတ်လမ်းလေးကို ဖန်တီးသွားမှာပါ၊ စာအုပ်လေးတစ်အုပ်ပေါ်မှာ အခြေခံပြီး ရိုက်ထားတာဆိုပေမယ့် သူတို့တွေရဲ့ စုစည်းပေါင်းစပ်မှုလေးတွေကို တွေ့ရမယ်”ဟု ဒါရိုက်တာက ပြောသည်။

ခရီးသွားကောက်ကြောင်း အစီအစဉ်များကို ရိုက်ကူးရာတွင် ဇာတ်လမ်းတစ်ခုအဖြစ် ဖန်တီးမှုအတွက် ငါးလခန့် အချိန်ယူရိုက်ကူးရကြောင်း၊ မြန်မာနိုင်ငံထဲရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသော အထင်ကရနေရာများနှင့် သမိုင်းကြောင်းရာများကိုသာ အဓိကထားရိုက်ကူးကြောင်း သိရသည်။

“ကျွန်မအနေနဲ့ ဒီလို ဇာတ်လမ်းတွဲအဖြစ် အပိုင်းလိုက်ရိုက်ကူးတဲ့အခါမှာ ဒေသတစ်ခုမှာရှိတဲ့ ရိုးရာဓလေ့ထုံးတမ်းစဉ်လာလေးတွေကို တစ်ခုချင်းစီ ရိုက်ပြရတာပါ၊ ပြီးတော့ ကျွန်မတို့အနေနဲ့ အခုလို သမိုင်းကြောင်းလေးတွေကို နောက်ခံထားပြီး ရိုက်ကူးတဲ့အခါမှာ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ရှေးဟောင်းသုတေသနဌာန၊ ယဉ်ကျေးမှုဌာနစတဲ့ သက်ဆိုင်ရာတွေကို သွားရောက်လေ့လာတိုင်ပင်ရပါတယ်၊ အခု ဇွဲကပင် မောင်နှမဆိုတာလည်း သမိုင်းရှိကောင်းရှိမယ်၊ သို့မဟုတ် ဒဏ္ဍာရီ တစ်ခုလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါတွေကို သေချာလေ့လာပြီး သမိုင်းသုတေသန အထောက်အထားနဲ့အတူ ဇာတ်ညွှန်းရေးဆရာက ဇာတ်လမ်းအဖြစ် ပြန်ဖန်တီးလိုက်တာပါ၊ ဒီကားမှာ ပရိသတ်ကို ပေးချင်တဲ့ အကြောင်းအရာလေးတွေကိုသာ အဓိကထား ရိုက်သွားမှာပါ၊ သမိုင်းကြောင်းကြီးတစ်ခုလုံးကို ချပြတာမျိုးတော့ မဟုတ်ပါဘူး”ဟုလည်း ဒါရိုက်တာက ဆက်လက်ပြောကြားသည်။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

ဂျေဇီ ပထမဆုံးဘီလျံနာရက်ပါ တစ်ဦးဖြစ်လာ

ရက်ပ်အဆိုတော်ဂျေဇီဟာ ပထမဆုံးဘီလျံနာရက်ပါတစ်ဦး ဖြစ်လာတယ်လို့ Forbes မဂ္ဂဇင်းက ကြေညာခဲ့ပါတယ်။ ဂျေဇီဟာ ဂီတလုပ်ငန်းတင် မကပါဘူး၊ ဖက်ရှင်၊ ရင်းနှီးမြှုပ်နှံမှုနဲ့ အိမ်ရာလုပ်ငန်းတွေမှာလည်း လုပ်ကိုင်ပါတယ်။ ဂျေဇီရဲ့ ကြွယ်ဝချမ်းသာမှုဟာ စုစုပေါင်း ၁ ဘီလီယံရှိတယ်လို့ အမေရိကန်မဂ္ဂဇင်းက ခန့်မှန်းထားပါတယ်။

အဆိုတော် ဘီယွန်စေးနဲ့ လက်ထပ်ထားတဲ့ ဂျေဇီရဲ့ အမည်အရင်းကတော့ ရှောင်ကာတာဖြစ်ပြီးနယူးယောက်မြို့မှာ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ဒေသမှာ ကြီးပြင်းခဲ့သူလည်းဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ ပွဲဦးထွက်အယ်ဘမ် Reasonable Doubt နဲ့ စတင်ကျော်ကြားလာပါတယ်။ ဂျေဇီရဲ့ဇနီးဖြစ်သူအဆိုတော် ဘီယွန်စေးက တင် အမေရိကန်ဒေါ်လာ ၃၃၅ သန်း ကြွယ်ဝချမ်းသာပါတယ်။

အများစုကတော့ ဂီတလုပ်ငန်းနဲ့ ကြော်ငြာလုပ်ငန်းကရတဲ့ ငွေတွေဖြစ်ပြီး သူတို့ဇနီးမောင်နှံနှစ်ဦးရဲ့ဝင်ငွေပေါင်းရင် အမေရိကန်ဒေါ်လာ ၁ဘီလီယံ ကျော်ရှိလာတာ နှစ်အနည်းငယ်ကြာပါပြီ။ နိုင်ငံရေးမှာဆိုရင်လည်း ဂျေဇီဟာ ၂၀၁၆ ခုနှစ်တုန်းက ဟီလာရီကလင်တန်အတွက် မဲဆွယ်စည်းရုံးပေးခဲ့ပါသေးတယ်။

၂၀၁၄ ခုနှစ်တုန်းက ဂီတမှာ ထင်ရှားတဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ Dr.Dre က သူ့ကိုယ်သူဟစ်ဟော့ လောကမှာ ပထမဆုံး ဘီလျံနာပါလို့ ပြောခဲ့ဖူးပါတယ်။ ဒါပေမယ့် Forbes မဂ္ဂဇင်းကတော့ ဒီအဆိုကို လက်မခံခဲ့ပါဘူး။ လွန်ခဲ့တဲ့နှစ်အတွင်းမှာ Dr.Dre ရဲ့ ချမ်းသာကြွယ်ဝမှုဟာ အမေရိကန်ဒေါ်လာသန်း ၇၇၀ ရှိတယ်လို့ ကြေညာခဲ့ပါတယ်။

စီအင်န်အင်န်

အဆိုတော် ဂျေဇီနှင့် ဘီယွန်စေးတို့ဇနီးမောင်နှံ

Godzilla : King of Monsters ဇာတ်ကား ဝင်ငွေကောင်းသော်လည်း ဝေဖန်ခံနေရ

Godzilla :King of Monsters ဇာတ်ကားဟာ ဒစ္စနေးရုပ်ရှင်ဖြစ်တဲ့ အာလာဒင် ဇာတ်ကားရဲ့ဝင်ငွေကို US Box office ဇယားမှာ ဒီတစ်ပတ်အတွင်းမှာပဲ ကျော်တက်သွားပြီ ဖြစ်ပါတယ်။ မြောက်အမေရိကမှာ ပြသရာမှာတော့ တစ်ပတ်အတွင်း Godzilla ဇာတ်ကားရဲ့ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၄၉ သန်းရရှိခဲ့ပါတယ်။

တစ်ကမ္ဘာလုံးအနှံ့ ဝင်ငွေကတော့ ပထမဆုံးသီတင်းပတ်မှာပဲ အမေရိကန်ဒေါ်လာ ၁၇၈ သန်း ဝင်ငွေရရှိခဲ့ပါတယ်။ ဝင်ငွေဇယားမှာ ထိပ်ဆုံးက ဦးဆောင်နေပေမယ့် ရုပ်ရှင်ဝေဖန်သူတွေကတော့ Godzilla ဇာတ်ကားဟာ စိတ်ပျက်စရာတွေရှိတယ်လို့ ဝေဖန်ခဲ့ကြပါတယ်။ ဒီဇာတ်ကားရဲ့ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာသန်း ၂၀၀ နီးပါးလောက်ရှိပြီး ဒီရုပ်ရှင်အတွက် ဝေဖန်ချက်တွေကတော့ မကောင်းလှပါဘူး။

ဒီဇာတ်ကားမှာ ဗီရာဖာမီဂါနဲ့ ခိုင်လီချန်ဒလာက ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ ရုပ်ရှင်ဝေဖန်ရေးသမားတစ်ဦးဖြစ်တဲ့ ကာရန် ကရီဇာနိုဗစ်ချ်ကတော့ ဒီဇာတ်ကားဟာ ဖျော်ဖြေမှုသက်သက်သာဖြစ်ပြီး လူသားတွေရဲ့ဖြစ်စဉ်ကိုတော့ လျစ်လျူရှုထားတယ်လို့ ပြောပါတယ်။

ဒီဇာတ်ကားကို ဒါရိုက်တာမိုက်ကယ်ဒေါ့တီက ရိုက်ကူးပြီး ၂၀၁၄ ခုနှစ်က ထွက်ရှိခဲ့တဲ့ Godzilla ဇာတ်ကားရဲ့နောက်ဆက်တွဲလည်း ဖြစ်ပါတယ်။ Godzilla ဇာတ်ကားတွေထဲမှာတော့ ၃၅ ကားမြောက်လို့ သိရပါတယ်။

ဘီဘီစီ

သိပ္ပံပညာရှင်အဖြစ် သရုပ်ဆောင်ခဲ့သည့် ဗီရာဖာမီဂါ

ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၇၆)

ရှေ့နေတစ်ဦး၏ ဘဝခရီး

ဦးဟန်ညွန့် (ဥပဒေ)

မောင်ပျင်းရိ၏ ပဏာမ

ရှေ့နေရုံးခန်းဝသို့ ကျွန်တော်ရောက်ရောက်ချင်း အလုပ်သင်ရှေ့နေမောင်ပျင်းရိ၏ ပဏာမလက်သံက အောက်ပါအတိုင်း ကျွန်တော့်ကို ကြိုဆိုလေသည်။

"ဆရာ... ဆရာဆောင်းပါးရေးတိုင်း ရေးတိုင်း ကျွန်တော့်နာမည် (မောင်ပျင်းရိ)အကြောင်း ထည့်ထည့်ပြီး ရေးတယ်။ ဆရာ့ဆောင်းပါးမှာ ကျွန်တော်က "ဇာတ်လိုက်" ပဲ။ ကျွန်တော့်အကြောင်းမပါရင် မပြီးဘူး။ ဥပဒေတွေအကြောင်း၊ ပုဒ်ထီးပုဒ်မတွေအကြောင်းထက် ကျွန်တော့်အကြောင်းက ပိုပြီး စိတ်ဝင်စားဖို့ကောင်းနေတယ်။ ဒါ့ကြောင့် ကျွန်တော့်နာမည်ပါသမျှ ဆရာ့ဆောင်းပါးတွေ စာရင်းမှတ်ထားမယ်။ စာမူခ (ဆောင်းပါးခ)တစ်ဝက်စီပေးဖို့ ပြင်ပေရော့။ မပျက်မကွက်နော်... ဆရာ" ဟု ပဏာမ မင်္ဂလာစကားပြောကြားလိုက်လေသည်။

ဥပဒေစကားဝိုင်း

မောင်ပျင်းရိ၏ ဆိုစကားမှာ မှားသည်ဟု မပြောနိုင်သောကြောင့် လစဉ်လုပ်နေကျ ဥပဒေစကားဝိုင်းမှာ "ရုံးခန်းတပည့်တွေ စားချင်တာ မှာစားကြပါ။ မောင်ပျင်းရိကြိုက်သော ဒံပေါက်ထမင်းကိုလည်း စာမူခမရမီ ပဏာမကြေးအဖြစ် ဆရာကျွေးပါမယ်" ဟု ပြောလိုက်ရပါသည်။ မကြာမီ ဥပဒေစကားဝိုင်း စကြပါလေပြီ။

ဥပဒေပညာရှင်ဟူသော အသုံးအနှုန်း

"ဥပဒေသမားတိုင်း ဥပဒေပညာရှင်လား။ ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ဥပဒေပညာရှင် ခေါ်ထိုက်ပါသလဲ" ဟု အလုပ်သင်ရှေ့နေမောင်လေ့လာက စာဖတ်သူပီပီ စတင်မေးခွန်းထုတ်လိုက်ပါသည်။

"ဒါမေးသင့်မေးထိုက်တဲ့ မေးခွန်းပါ။ အကိုးအကား၊ ရည်ညွှန်းချက်နဲ့ ဆရာပြောပါရစေ။ တက္ကသိုလ်ဥပဒေအသင်းက ထုတ်ဝေခဲ့တဲ့ (၁၉၇၇-၁၉၇၈) ဥပဒေမဂ္ဂဇင်းမှာ တရားရေးဝန်ကြီး (၁၉၇၁-၁၉၇၄) ဒေါက်တာမောင်မောင်ရေးတဲ့ "ဥပဒေသမားနှင့် ဥပဒေပညာရှင်" ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ပါ ရှိခဲ့ဖူးတယ်။

ဆောင်းပါးအရှည်ကြီး(အစအဆုံး)တော့ ဆရာလည်း မမှတ်မိတော့ဘူး။ ဒါပေမယ့် **ဥပဒေသမားတိုင်း ဥပဒေပညာရှင်မဟုတ်** ဆိုတဲ့ အနှစ်သာရစာပိုဒ်ကတော့ ဒီနေ့တိုင် ဆရာ့မှတ်စုထဲမှာ ရေးမှတ်ထားဆဲပဲ။ ကောက်နုတ်ချက်အဖြစ် ပြန်လည်ထုတ်နုတ်တင်ပြပါရစေ။

"ဥပဒေသမားတိုင်း ဥပဒေပညာရှင် မဟုတ်။ ဥပဒေပညာတွင် ပြည့်စုံရုံသာမက တရားဖြင့်လည်း ပြည့်ဝသော ပုဂ္ဂိုလ်သည်သာလျှင် ဥပဒေပညာရှင်ဘွဲ့ ခံယူထိုက်ပေလိမ့်မည်။"

"တရားသိရုံဖြင့် မလုံလောက်။ ကိုယ်တွင် တရားရှိဖို့လိုသည်။ တရားဥပဒေကို သိရုံမျှဖြင့် ဥပဒေပညာရှင်မဟုတ်။ သိပြီး တရားရှိဖို့ပါ လိုသေးသည်။"

"ထိုစံချိန်ဖြင့်တိုင်းထွာသော် ကျွန်တော်တို့လည်း ဥပဒေပညာရှင်ဘွဲ့ခံယူရန် အပြည့်အဝထိုက်တန်သည် မဟုတ်သေးပါ။ ပညာပြည့်စုံသည်ထက် ပြည့်စုံအောင် လေ့လာရဆဲ။ ကိုယ်ခံတရား ပိုမိုသန့်ရှင်းခိုင်လုံအောင် လေ့ကျင့်ရဆဲပင် ဖြစ်ပါသေးသည်။ အကြိမ်ကြိမ်တရားစစ်ကာ မိမိကိုယ်မိမိ ဆုံးမရဆဲ။ ဆရာကြီးများ၏ ဆုံးမဩဝါဒကို ခံယူရဆဲဖြစ်ပါသည်" ... တဲ့ခင်ဗျာ။

မောင်ပျင်းရိ၏ စောဒက

"ဒီလိုဆိုရင် ကျွန်တော့်တို့လို ရှေ့နေပေါက်စတွေ ဥပဒေပညာရှင် မဖြစ်နိုင်ဘူးလား။ မဖြစ်တော့ဘူးလား ဆရာ" ဟု မောင်ပျင်းရိက အခန်းထောင့်တစ်နေရာက မေးနေလေသည်။ မောင်ပျင်းရိသိချင်တာတွေ ပါပါတယ်။ ဆက်လက်ဖတ်ပြပါမယ်ဟု ဒေါက်တာမောင်မောင်(ဝန်ကြီး)၏ ဆောင်းပါးအဆက်ကို ကျွန်တော်ဖတ်ပြပါသည်။

အတော်အတန်ပေါ်များ

ဥပဒေသမားတွေ အတော်အတန်ပေါ် များလာပါပြီ။ ဥပဒေစကားလုံးတွေကို ရွတ်ဆိုတတ်သူ၊ ပုဒ်မကြီးငယ်များကို ညွှန်းတတ်သူ၊ ပုံစံကြည့်၍ ကူးတတ်သူ၊ လျှောက်လွှာရေးတတ်သူတွေ များပါသည်။ ဥပဒေ၏ အနှစ်သာရကို ကောင်းစွာသိ၍၊ ပြဿနာကို ခြုံငုံမြင်တတ်၍ ဖြစ်ရပ်နှင့် ဥပဒေဆက်စပ်ကာ အမှန်ကို ရှာတတ်သော၊ အမှန်ဖြစ်စေရန် အထောက်အကူပြုသော ဥပဒေပညာရှင်များကား ရှားပါးတတ်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းအတွက် ပန်းရန်တွေ လိုသည်။ လက်သမားတွေလိုသည်။ ဗိသုကာလိုသည်။ ထို့အတူ ဥပဒေသမားတွေလည်း လိုသည်။ ဥပဒေပညာရှင်ဗိသုကာများလည်း လိုပါသည်။ ဥပဒေသမားသည် ဥပဒေပညာရှင်အဆင့်သို့ တက်လှမ်းရန် အစဉ်ကြိုးပမ်းနေဖို့လည်း လိုပါသည်။

မပြတ်ဆည်းပူး

တက်လှမ်းနိုင်ရန် ပညာကို မပြတ်ဆည်းပူးဖို့ လိုသည်။ ဥပဒေကျမ်းတစ်စောင် နှစ်စောင်ဖတ်ပြီး ဥပဒေစကားလုံးတွေ ရွတ်ဆို တတ်လာလျှင် လျှာတွေ့၍ သာယာသွားတတ်သည်။ ဥပဒေစကားလုံးကြီးကြီး မပါလျှင် စကားမပြောတတ်သလို ဖြစ်လာတတ်သည်။ အတော်အတန်ဖတ်၍ အတော်အတန်တတ်လာသောအခါ ငါတတ်လှပြီထင်လာတတ်သည်။ ပို၍ ဘဝင်မြင့်လာလျှင် ငါသာတတ်သည်၊ အခြားမည်သူမျှမတတ်ဟု ထင်လာတတ်သည်။ ထိုသို့ ထင်လာကြောင်း မျက်နှာအမူအရာတွင် ပြသည်။ အပြောအဆိုမှာ ပြသည်။

ရှင်းတာကိုရှုပ်

ထိုဥပဒေသမားသည် အငြင်းသန်တတ်သည်။ အငြင်းပွားတတ်သည်။ မချေမငံ ပြောဆိုပြုကျင့်တတ်သည်။ လွယ်တာကို ခက်စေတတ်သည်။ ရှင်းတာကို ရှုပ်စေတတ်သည်။ သူ့ပညာဖြင့် အများကို အကျိုးမပြု။ သူ့ကိုယ်သူအားလည်း အကျိုးမဖြစ်ထွန်း။ ကျွန်တော်ဖတ်ပြနေစဉ်...။

နားလည်ပါပြီဆရာ

" ကျွန်တော်သဘောပေါက် နားလည်ပါပြီ ဆရာ"ဟု မောင်ပျင်းရိက အရိုအသေပေး၍ ပြန်ထိုင်သွားပါသည်။

မယဉ်ကျေး၏ မေးခွန်း

" ရှေ့နေပညာထဲမှာ ငြင်းခုံတယ်ဆိုတာ အနုပညာတစ်ရပ် မဟုတ်ပါလား ဆရာကြီး။ တရားခွင်မှာ နှစ်ဖက်လျှောက်လဲချက်ပေးတဲ့အခါ သူမှန်၊ ငါမှန် ငြင်းခုံကြတာမျိုး ရှိတတ်ကြပါတယ်။ ကွဲကွဲပြားပြား ရှင်းပြပါဦးရှင့်။"ဟု အလုပ်သင်ရှေ့နေ မယဉ်ကျေးက မေးခွန်းမေးပါသည်။

"မေးထိုက်သည့် မေးခွန်းပါ။ ဤသို့သော ငြင်းခုံမှုကရှိစမြဲ ရှိမှာပါ။ ရိုးရိုးသားသား၊ ကြိုးကြိုးစားစား၊ လေ့လေ့လာလာ၊ စေတနာနဲ့ လေ့လာငြင်းခုံမှုမျိုးပါ။ မိမိလိုက်ပါတဲ့ အမှုသည်အတွက် အားတက်ဖွယ်ငြင်းခုံမှုမျိုးပါ။ ဘယ်သူ့ဘယ်သူကိုမှ မထိခိုက်ပါ။ တရားမျှတမှုအတွက်ပါ။ ပညာဂုဏ်မောက်မာတာမဟုတ်ရပါ" ဟု မယဉ်ကျေး၏ မေးခွန်းကို ကျွန်တော်ဖြေဆိုပါသည်။

ဘဝမှာလည်း ရယူရသည်

" ဥပဒေပညာသည် ဥပဒေစာအုပ်ကြီးများတွင်သာရှိသည်မဟုတ်။ ဘဝမှာလည်းရယူရသည်။ သမိုင်း၊ စာပေ၊ ကျမ်းဂန်၊ ဝိနည်း၊ သုတ္တန်၊ နိပါတ်တော်များ၌လည်း ရှိသည်။ ဥပဒေသည် လူတွေစောင့်ထိန်းရသည့် စည်းကမ်း၊ ကျင့်ဝတ်၊ သီလတွေဖြစ်သဖြင့် လူ့အကြောင်း လေ့လာခြင်းသည်လည်း ဥပဒေပညာ ဆည်းပူးခြင်းမည်သည်" ဟု တရားရေးဝန်ကြီး ဒေါက်တာမောင်မောင်က ရေးခဲ့၊ သတိပေးခဲ့ပေသည်။

သတင်းထူး

" သာမန်လူတစ်ယောက် ဥပဒေကို ချိုးဖောက်သည်ဟုဆိုလျှင် သတင်းထူးမဟုတ်။ ဖြစ်ရိုးဖြစ်စဉ်ပါ။ အများပြည်သူက လက်ခံကြသည်။ ဥပဒေပညာရှင်တစ်ယောက် ဥပဒေကို ချိုးဖောက်သည်ဆိုလျှင် သတင်းထူးဖြစ်သည်။ မဖြစ်သင့်မဖြစ်ထိုက်တာ ဖြစ်ရသည်ဟု ထင်မြင်ပြောဆိုကြသည်။ ထို့ကြောင့် ဥပဒေပညာရှင်တို့သည် ကိုယ်ကျင့်သိက္ခာမြဲမြံအပ်သည်။ သီလလုံခြုံသင့်သည် " ဟု စသည်များ တင်ပြဆွေးနွေးခဲ့ပါသည်။

ဘာမေးကြဦးမည်လဲ

" ဒီနေ့ဥပဒေစကားဝိုင်းမှာ ဥပဒေပညာရှင်ဆိုတဲ့ ခေါင်းစဉ်နဲ့ပတ်သက်လို့ ဘာမေးခွန်းများမေးကြဦးမည်လဲ " ဟု ကျွန်တော်ကမေးရာ မောင်ပျင်းရိက ထိုင်ရာက ချက်ချင်းထပြီး " အတော်စုံနေပါပြီ။ မေးစရာမရှိကြတော့ဘူး မဟုတ်လား။ ဒံပေါက်နဲ့ စားစရာတွေလည်း သွားဝယ်ရတော့မှာဗျ..."ဟု အဆုံးသတ်ပေးလိုက်လေတော့သည်။

ဥပဒေပညာရှင်ပီသဖို့

ဥပဒေပညာရှင်ပီသဖို့ မည်သို့ကြိုးပမ်းသင့်ကြောင်း ကျွန်တော်တို့ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါသည်။ အတက်အကျ၊ အဆင်းအတက်၊ အခက်အခဲမျိုးစုံကြုံနိုင်ကြပါသည်။ အဆိုးအကောင်း၊ အကျိုးအကြောင်းတွေလည်း တွေ့မြင်နိုင်ကြပါသည်။ ဘဝထဲက အတွေ့အကြုံများကလည်း ထောက်ပြသတိပေးလျက်ရှိပါသည်။ **ဥပဒေသမားတိုင်း ဥပဒေပညာရှင် မဟုတ်သေး** ဟူသော အချက်ကိုမူ မေ့၍မရ။ ထပ်မံကြိုးစားဖို့ လိုသေးသည်ကိုလည်း သတိထားအပ်သည်။

စေတနာ

" ကျွန်တော်တို့လို ရှေ့နေပေါက်စတွေ ဥပဒေပညာရှင် မဖြစ်နိုင်ဘူးလား။ မဖြစ်တော့ဘူးလား" ဟု မျှော်လင့်တကြီးမေးခွန်း မေးခဲ့သူအလုပ်သင်ရှေ့နေ မောင်ပျင်းရိအကြောင်း တွေးခေါ်မိသော ရှေ့နေတစ်ဦး၏ ဘဝခရီးမှ ကျွန်တော်၏ စေတနာဥပဒေအတွေး မျှသာပါ...။ ။

> " ဥပဒေကျမ်းတစ်စောင် နှစ်စောင်ဖတ်ပြီး ဥပဒေစကားလုံးတွေ ရွတ်ဆိုတတ်လာလျှင် လျှာတွေ့၍ သာယာသွားတတ်သည်။ ဥပဒေစကားလုံးကြီးကြီး မပါလျှင် စကားမပြောတတ်သလို ဖြစ်လာတတ်သည်။ အတော်အတန်ဖတ်၍ အတော်အတန်တတ်လာသောအခါ ငါတတ်လှပြီ ထင်လာတတ်သည်။ ပို၍ ဘဝင်မြင့်လာလျှင် ငါသာတတ်သည်၊ အခြားမည်သူမျှမတတ်ဟု ထင်လာတတ်သည် "

ရန်ကုန်-ယူနန် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ဆွေးနွေး

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Ruan Cheng Fa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သံတမန် ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးက နှစ်နိုင်ငံ သက်ဆိုင်ရာ ဌာနများအပါအဝင် စီးပွားရေးအဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအတွက် နှစ်နိုင်ငံ စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုအဖြစ် ကျန်းမာရေး ၊ ပညာရေး ၊ ပို့ဆောင်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ခရီးသွားလာရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရန်ကုန်-ယူနန် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်မျိုးကြည်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **ဆန်းကျော်ဦး(မြန် / ဆက်)**

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

လွိုင်ကော် ဇွန် ၄

ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၂/၂၀၁၉လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက ပြန်လည်စွန့်လွှတ်နိုင်ခြင်းမရှိသည့် ကယားပြည်နယ်အတွင်း တပ်ရင်း၊ တပ်ဖွဲ့ ခုနစ်ခု၏ မြေနေရာများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

လွိုင်ကော်သား

မကွေး၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်ပွဲကျင်းပ

မကွေး ဇွန် ၄

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မကွေး)၏ စီစဉ်ဆောင်ရွက်မှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံးခွဲတို့၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မကွေးမြို့ နန်းထိုက်သူဟိုတယ်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ကမ္ဘာကြီးဟာ အချိန်နှင့်အမျှ အပြောင်းအလဲရှိနေသောကြောင့် လူတိုင်းသည် လုပ်ငန်းတိုင်းတွင် ခေတ်မီသင်ကြားမှု၊ သင်ယူမှုများ လေ့လာသင်ကြားနေရန်လိုအပ်ကြောင်း၊ ဟိုတယ်လုပ်ငန်းတွင်လည်း ဟိုတယ်ဆိုင်ရာပညာရပ်များကို သင်ယူကြရသကဲ့သို့ တစ်ဖက်ကလည်း စာရိတ္တပိုင်းဆိုင်ရာ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုကို အဓိကထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပြီး အချိန်တိုအတွင်း အကျိုးအမြတ်ရနိုင်သည့် လုပ်ငန်းလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှာပါ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် တိုးမြှင့်လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို အမှာစကားပြောကြားစဉ်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၈၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာ သင်ကြားပို့ချမည်ဖြစ်ပြီး တိုင်းဒေသကြီးတွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို မြိုင်မြို့နယ်နှင့် ချောက်မြို့နယ် စလေအုပ်စု မကျည်းကန်ကျေးရွာတွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ယင်းကျေးရွာများအဖြစ် ထီးလင်းမြို့နယ် ထန်းပင်ကုန်းရွာနှင့် ပခုက္ကူမြို့နယ် ကျွန်းကလေးရွာတို့တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးတွင် ဟိုတယ်လုပ်ငန်းကို ၂၀၁၉ မေလအထိ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ အလုံး ၄၀နှင့် အခန်းပေါင်း ၉၉၇ ခန်း ရှိသည့်အပြင် လိုင်စင်လျှောက်ထားဆဲ၊ ဆောက်လုပ်ဆဲ ဟိုတယ်များ ထပ်မံရှိနေသဖြင့် တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ များစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဆုရဘောလုံးအသင်းအား ဆုချီးမြှင့်စဉ်။

ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ဘားအံ ဇွန် ၄

ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၀၁၉ ခုနှစ် တတိယအကြိမ် ပြည်နယ်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဘောလုံးအားကစားများ ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်ပြီး အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ခဲ့ပြီးနောက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က စတင်ကာ ဘားအံမြို့ အောင်သံလွင်အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် လျှပ်စစ်/ စက်မှု/ ပအိုဝ်း အသင်း၊ စိုက်/ မွေး/ ဆည်ဝန်ကြီး ဌာနအသင်း၊ လူမှုရေးဝန်ကြီးဌာနအသင်း၊ ထွေအုပ်ဘောလုံးအသင်း၊ တရားလွှတ်တော်အသင်း၊ လုံ/နယ်ဝန်ကြီး ဌာနအသင်း၊ ဗမာ/ မွန်ဝန်ကြီးဌာန အသင်း၊ သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဌာနအသင်း၊ စီမံ/ဘဏ္ဍာ/စည်ပင်ဝန်ကြီးဌာနအသင်း စုစုပေါင်း အသင်းကိုးသင်းသည် အုပ်စုပတ်လည်ပွဲစဉ်များဖြင့် ယှဉ်ပြိုင်ကစား ကြပြီးနောက် ဗိုလ်လုပွဲစဉ်တွင် လူမှုရေးဝန်ကြီးဌာန အသင်းနှင့် စီမံ/ ဘဏ္ဍာ/ စည်ပင်ဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြရာ လူမှုရေးဝန်ကြီးဌာနအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်တို့က ပထမနှင့် ဒုတိယဆုရရှိ အသင်းတို့အား ဆုကလပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ချုပ် ဦးစောစံလင်းက တတိယဆုရ စိုက်/ မွေး/ဆည်ဝန်ကြီးဌာနအသင်းအား ဆုကလပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ပွဲစဉ်တစ်လျှောက် အသက် ၄၀ နှစ် အထက်နှင့် အောက်တို့တွင် အကောင်း ဆုံး အားကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း အကောင်း ဆုံး အားကစားသမားဆုများ၊ ဂိုးသမား ဆုများကို လည်းကောင်း၊ ပွဲစဉ် တစ်လျှောက် အသန့်ရှင်းဆုံးအသင်း ဆုနှင့် တစ်ဦးချင်းလည်ဆွဲဆုများကို လည်းကောင်း ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

နေမျိုးလွင်(မြန်/ဆက်)

ပန်းချီ၊ ကာတွန်း၊ပိုစတာ၊ကွန်ပျူတာပန်းချီပြိုင်ပွဲ ဟားခါးမြို့၌ ကျင်းပ

ဟားခါး ဇွန် ၄

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်း အမှတ် (၂၂)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့နံနက်က ဟားခါးမြို့ အထက(၁) ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့်အဖွဲ့၊ ခရိုင်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပြိုင်ပွဲဝင်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ၌ အထက်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၃၉ ဦး၊ အလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၄၅ ဦး၊ မူလတန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၅၀ တို့က ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက် ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(မြန်/ဆက်)

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့်အဖွဲ့ ပြိုင်ပွဲဝင်များအား ကြည့်ရှုအားပေးစဉ်။

ဆက်သွယ်စုံစမ်းနိုင်

သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း - ၀၉-၄၄၂၅၅၀၇၆၄
ကြေးမုံ - ၀၉-၂၅၀၁၈၉၂၇၇

တံတားကြီးများ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(ဆ) တံတားကြီးနယ်နိမိတ်အတွင်း အဆောက်အအုံ၊ တာဝါတိုင်၊ မြေအောက်ပိုက်လိုင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းများဆောက်လုပ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဇ) တံတားကြီး၏ ရေဆန်ဘက်နှင့် ရေစုန်ဘက်တွင် သတ်မှတ်ထားသော အကွာ အဝေးအတွင်း တံတား၏ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သော သဲ၊ ကျောက်စရစ် တူးဖော်ခြင်းကို တားမြစ်ခြင်း၊ ရေယာဉ်ဆိပ်ကမ်းအဖြစ် အသုံးပြုခြင်း၊ ဘေးဖြစ် စေတတ်သော ဓာတုဗေဒပစ္စည်းများ၊ စက်သုံးဆီသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဈ) တံတားကြီးဆိုင်ရာကိစ္စရပ်များတွင် ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ အဆင့်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း။

အခန်း(၄)

သက်ဆိုင်ရာဦးစီးဌာန၊ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) တံတားကြီး ဒီဇိုင်းရေးဆွဲခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ အလေးချိန် ကတ္တားတပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ နှစ်တိုနှစ်ရှည် စီမံချက်များ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) တံတားကြီးဆိုင်ရာ စီမံကိန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေး ပြည့်မီစွာ ပြီးစီးရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) တံတားကြီးနယ်နိမိတ်အတွင်းနှင့် တံတားကြီးများပေါ်တွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(င) တံတားကြီးနယ်နိမိတ်ကို အများပြည်သူ သိသာမြင်သာစေရန် အမှတ်အသားတစ်ခုခုဖြင့် အခိုင်အမာစိုက်ထူခြင်း၊

(စ) တံတားကြီး တံတားအသုံးပြုခနှုန်းထားများကို သက်ဆိုင်ရာမှတစ်ဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

(ဆ) တံတားကြီးအင်္ဂါရပ်များကို အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် ဖျက်သိမ်းခြင်းဆောင်ရွက်ခြင်း၊ တံတားကြီးပေါ်၌ ဖြတ်သန်းသွားလာမှုကို လိုအပ်ပါက ယာယီအစီအစဉ်အရ ပိတ်ခြင်း၊ အချိန်ကာလသတ်မှတ်၍ပိတ်ထားခြင်းနှင့် တံတားခေတ္တပိတ်ထားစဉ်တွင် သွားလာရန် လမ်းလွှဲ ပြုလုပ်ပေးခြင်းနှင့် လမ်းလွှဲတံတား ဖောက်လုပ်ခြင်း၊

(ဇ) တံတားကြီးအင်္ဂါရပ်များ သတ်မှတ်ချက်နှင့်အညီ ပြည့်စုံညီညွတ်မှုကို အချိန်ဇယား သတ်မှတ်၍ စိစစ်ခြင်း၊ တံတားကြီးပျက်စီးခြင်းမှ ကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊

(ဈ) တံတားကြီးပေါ်တွင် အများဆုံးမောင်းနှင်ခွင့်ပြုမည့် တံတားခံနိုင်ဝန်နှင့် အများဆုံး ခွင့်ပြုနိုင်သည့် မော်တော်ယာဉ်၊ စက်ယန္တရားနှင့် ရထားများ၏ အတိုင်းအတာကို သတ်မှတ်ကြေညာခြင်း၊

(ည) တံတားကြီးပေါ်တွင် မော်တော်ယာဉ်၊ ရထားနှင့် အခြားယာဉ်များ မောင်းနှင်ရမည့် အမြန်နှုန်းနှင့် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဋ) တံတားကြီးပေါ်၌ မော်တော်ယာဉ်၊ ရထားနှင့်အခြားယာဉ်များ မတော်တဆမှုများ၊ ဒုစရိုက်မှုများလျော့နည်းစေရေး၊ အညစ်အကြေးနှင့် အမှိုက်စွန့်မှုများ မပြုလုပ်ရေး၊ တံတားအစိတ်အပိုင်းများ မဖျက်ဆီးနိုင်ရေးတို့အတွက် အစိုးရဌာနများ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတိပေးခြင်း၊ သတင်းထုတ်ပြန် အသိပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဍ) သဘာဝဘေးအန္တရာယ်နှင့် လူပုဂ္ဂိုလ်တို့၏ ဖျက်ဆီးမှုများမှအပ တံတားကြီး၏ အရည်အသွေးမပြည့်မီမှုကြောင့် ပျက်စီးမှုများပေါ်ပေါက်လာပါက သက်ဆိုင်ရာ တည်ဆောက်သူများနှင့် အရည်အသွေးစစ်ဆေးသူများက တာဝန်ခံနိုင်ရေးအတွက် ကြီးကြပ်ကြပ်မတ် ဆောင်ရွက်ခြင်း။

အခန်း(၅)

စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ

၇။ တံတားကြီးကို အသုံးပြုသူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) တံတားကြီးပေါ်တွင် သတ်မှတ်ထားသော လမ်းညွှန်ဆိုင်းဘုတ်များအတိုင်း ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းသွားလာခြင်း၊

(ခ) တံတားကြီးပေါ်တွင် သတ်မှတ်ချက်များနှင့် ကိုက်ညီသော မော်တော်ယာဉ်နှင့် စက်ယန္တရားအမျိုးအစားများသာ မောင်းနှင်ခြင်း၊ လူများသည် လူသွားစင်္ကြံလမ်းအတိုင်းသာ အသုံးပြုခြင်း၊

(ဂ) တံတားကြီးအောက်ရှိ ရေလမ်းကြောင်းများတွင် ဖြတ်သန်းသွားလာသော ရေယာဉ်များသည် သတ်မှတ်ရေလမ်းကြောင်းများမှ သတ်မှတ်ချက်များအတိုင်း သွားလာခြင်း၊

(ဃ) သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီက အခါအားလျော်စွာထုတ်ပြန်ထားသည့် တံတားကြီးများ အသုံးပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာခြင်း။

၈။ တံတားကြီးများကို အသုံးပြုသော မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနေးယာဉ်များသည် -

(က) သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီက ခွင့်ပြုသည့် ဝန်အလေးချိန်၊ အတိုင်းအတာ၊ သတ်မှတ်အမြန်နှုန်းနှင့် သတ်မှတ်အကွာအဝေးအတိုင်း မောင်းနှင်ရမည်။

(ခ) လိုအပ်သည့် နေရာများ၊ တံတားအကွေ့နေရာများတွင် သတိပေးညွှန်ပြထားသည့်အတိုင်းသာ မောင်းနှင်ရမည်။

(ဂ) ရာသီဥတုဆိုးရွား၍ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ မြင်ကွင်းမကောင်းသည့်အခါများတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့် သတ်မှတ်အမြန်နှုန်းထက် ပိုမမောင်းရ။

(ဃ) တံတားကြီးပေါ်တွင် တာဝန်မှအပ မည်သည့်အကြောင်းကြောင့်မှ ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း မပြုရ။ စက်ချွတ်ယွင်း၍ ရပ်နားရလျှင် အမြန်ဆုံးဖယ်ရှား ပေးရမည်။

(င) သတ်မှတ်ချက်ထက် ကျော်လွန်မှုများရှိပါက အကျိုးအကြောင်းခိုင်လုံစွာဖြင့် ဝန်ကြီးဌာနထံ ကြိုတင်တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

အခန်း(၆)

တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းများ

၉။ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီသည် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် တံတားကြီးနယ်နိမိတ်အတွင်းတွင် -

(က) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းကို တည်ဆောက်ခြင်း၊တည်ဆောက်စေခြင်း ပြုနိုင်သည်။

(ခ) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေး စခန်းများတွင် သိုလှောင်ရုံ၊ အလုပ်ရုံ၊ အုပ်ချုပ်ထောက်ပံ့မှုနှင့် လုံခြုံရေးအတွက် လိုအပ်သည့် အဆောက်အအုံကို တည်ဆောက်ခြင်း၊ တည်ဆောက်ခွင့်ပြုခြင်း၊ ယင်းကို စီမံခန့်ခွဲခြင်း၊ လိုက်နာရမည့်အချက်များ သတ်မှတ်ခြင်းပြုနိုင်သည်။

(ဂ) တံတားတည်ဆောက်ရေးဝန်ထမ်းများ ယာယီနေထိုင်ရန် အထောက်အကူပြု အဆောက်အအုံ ဆောက်လုပ်နိုင်သည်။

အခန်း(၇)

တားမြစ်ချက်များ

၁၀။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တံတားကြီး အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းစသည့် လုပ်ငန်းဆောင်ရွက်နေသော တံတားကြီးများပေါ်တွင် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထား သို့မဟုတ် အနေးယာဉ်ကို ရပ်နားခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းမပြုရ။

၁၁။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ -

(က) တံတားကြီးအင်္ဂါရပ်များကို ရည်ရွယ်ချက်ဖြင့် တမင်ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ပေါ့လျော့မှုကြောင့် ပျက်စီးစေခြင်း၊ တံတားရေရှည် တည်တံ့ခိုင်မြဲမှုကို ထိခိုက်စေမည့် အပြုအမူများ ပြုလုပ်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်နှင့် လူပုဂ္ဂိုလ်တို့၏ ဖျက်ဆီးမှုများမှအပဖြစ်သည့် တံတားကြီး၏ အရည်အသွေး စံချိန်စံညွှန်းလျော့နည်း၍ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အရည်အသွေးစစ်ဆေးရာတွင် သိလျက်နှင့် တမင်ထိမ်ချန် ဆောင်ရွက်ခြင်း၊

(ဂ) တံတားကြီးအင်္ဂါရပ်များကို ဖယ်ရှားခြင်း သို့မဟုတ် မော်တော်ယာဉ်နှင့်လူများ သွားလာမှုကို အဟန့်အတားဖြစ်စေခြင်း၊

(ဃ) တံတားကြီး နယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက် စိုက်ပျိုးခြင်း၊ နေထိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(င) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(စ) တံတားကြီးပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုကြောင်း သတ်မှတ်ထားသည့် မော်တော်ယာဉ်၊ ရထား၊ စက်ယန္တရား၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်၊ သတ်မှတ်ခွင့်ပြုထားသည့် တံတားခံနိုင်ဝန်ထက် ပိုမိုသောယာဉ်များ မောင်းနှင်ခြင်း၊

(ဆ) တံတားကြီး နယ်နိမိတ်အတွင်း၌ ဓာတ်ငွေ့ သို့မဟုတ် စက်သုံးဆီ အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း၊

(ဇ) တံတားကြီးနယ်နိမိတ်အတွင်း ရေယာဉ်ဆိုက်ကပ်ခြင်း၊ ကုန်ပစ္စည်းနှင့် လူ အတင်အချ ပြုလုပ်ခြင်း၊ အခြားနည်းအသုံးပြုခြင်း၊

(ဈ) တံတားကြီးပေါ်တွင် အညစ်အကြေးစွန့်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ တစ်ဦးချင်း သော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း စားသောက်နေထိုင်ခြင်း၊ သောက်စား မူးယစ်ရမ်းကားခြင်း၊

(ည) တံတားကြီးပေါ်တွင် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနေးယာဉ် သွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ဈေးရောင်းခြင်း၊

(ဋ) တံတားကြီးနယ်နိမိတ်အတွင်း သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ လက်ကမ်းကြော်ငြာများကပ်ခြင်း၊

(ဌ) တံတားကြီးကို အသုံးပြုသွားလာနေသည့် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနေးယာဉ် စီးနင်းလိုက်ပါသူများကို အန္တရာယ်ဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဍ) တံတားကြီး အစိတ်အပိုင်းများအပေါ်တွင် ပန်းချီရေးဆွဲခြင်း၊ စာရေးသားခြင်း သို့မဟုတ် ညစ်ပေစေခြင်း၊

(ဎ) တံတားကြီး၏ လူသွားစင်္ကြံကို အသုံးပြုသူများအား နှောင့်ယှက်တားဆီးခြင်း၊ အန္တရာယ်ဖြစ်စေရန် ဆောင်ရွက်ခြင်း။

၁၂။ မည်သူမျှ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) တံတားကြီးပေါ် ဖြတ်သန်း၍ ရေနံနှင့်ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းတစ်စုံတစ်ရာဆောက်လုပ်ခြင်း၊ သွယ်တန်းခြင်း၊

(ခ) တံတားကြီးနယ်နိမိတ်အတွင်း အဆောက်အအုံ၊ တာဝါတိုင်၊ မြေအောက်ပိုက်လိုင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းများ ဆောက်လုပ်ခြင်း၊ သွယ်တန်းခြင်း၊

(ဂ) တံတားကြီး၏ ရေဆန်ဘက်နှင့် ရေစုန်ဘက်တွင် သတ်မှတ်ထားသော အကွာအဝေးအတွင်း သဲ၊ ကျောက်စရစ်တူးဖော်ခြင်း၊ ရေယာဉ်ဆိပ်ကမ်း အဖြစ် အသုံးပြုခြင်း၊ ဘေးဖြစ်စေတတ်သော ဓာတုဗေဒပစ္စည်းများ၊ စက်သုံးဆီသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း။

အခန်း(၈)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၃။ မည်သူမဆို ပုဒ်မ ၁၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို-

(က) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)နှင့် (ခ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက ယင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး၏နှစ်ဆကို ပေးလျော်စေရ မည်။

(ခ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဂ)၊(စ)၊(ဆ)၊(ဌ)နှင့်(ဎ)တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက ယင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

(ဂ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)နှင့် (ဍ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည့်အပြင်တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက ယင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ပါက ယင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို လိုက်နာရန်ပျက် ကွက်လျှင် ထိုပြစ်မှုအတွက် သီးခြားပြစ်ဒဏ် ပြဋ္ဌာန်းထားခြင်းမရှိပါက ထိုသူကို အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ် သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက ယင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆ ကို ပေးလျော်စေရမည်။

အခန်း(၉)

အထွေထွေ

၁၇။ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်နှင့် အရေးပေါ်ကိစ္စရပ်များအတွက် အသုံးပြုသည့်ယာဉ်သည်တံတားပေါ်တွင် အန္တရာယ်မဖြစ်နိုင်သည့် သတ်မှတ်အမြန်နှုန်းဖြင့် မောင်းနှင်ရမည်။

၁၈။ လုံခြုံရေးလိုအပ်ချက်အရ ဆောင်ရွက်ရန်လိုအပ်သော မိုင်းရှင်းခြင်း၊ မိုင်းခင်းခြင်း၊ မိုင်းရှာခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းနှင့် လုံခြုံရေးစခန်းများ ချထားခြင်းအား ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၉။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုသည် မိမိဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ တံတားကြီးကိုဖြတ်သန်း၍ တံတားပေါ်တွင် ရေနံနှင့် ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်း တစ်စုံတစ်ရာ ဆောက်လုပ်ခြင်း၊ သွယ်တန်းခြင်းပြုလုပ်လိုပါက ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၂၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၁။ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် ဤဥပဒေပါ ပြစ်မှုများမဖြစ်ပွားရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပြစ်မှုများဖြစ်ပွားပါက ဥပဒေနှင့်အညီ အရေးယူခြင်းတို့အတွက် ပူးပေါင်းဆောင်ရွက်ရမည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သက်ဆိုင်ရာ ဦးစီးဌာန သို့မဟုတ် ကော်မတီသည် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဃ) ကော်မတီသည် နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီးတွင် လာရောက်ဆေးကုသမှု ခံယူရသော လူနာများအတွက် လိုအပ်သော Consumable for Speciality (FDA အသိအမှတ်ပြုများ)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ** - ၄-၆-၂၀၁၉ရက် (ရုံးချိန်အတွင်း)
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၆-၂၀၁၉ရက် (ညနေ ၄ နာရီ)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ဤဆေးရုံကြီးအုပ်ချုပ်မှုဆောင်(ဘဏ္ဍာရေးဌာန)သို့ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

အရိုးရောဂါအထူးကုဆေးရုံကြီး
ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

အစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းသည် အဓိကပါဝင်နေပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး ရခိုင်ပြည်နယ်ဆောက် လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းနိုင်ရေးအတွက် အစည်းအဝေးတစ်ရပ်ကျင်းပမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အစည်းအဝေးတက်ရောက်ကြပါရန် အောက်ပါ အစီအစဉ် အတိုင်းဖိတ်ကြားအပ်ပါသည်။

(က) **နေရာ** - ခိုင်သဇင်ခန်းမ၊ စစ်တွေမြို့
(ခ) **နေ့ရက်** - ၂၀၁၉ခုနှစ်၊ ဇွန် ၉ရက်
(ဂ) **အချိန်** - နံနက် ၈း၃၀နာရီ

အစည်းအဝေးဖြစ်မြောက်ရေးကော်မတီ
စစ်တွေမြို့

အသိပေးကြေညာအပ်ပါသည်

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ ၂၀၂၀ ခုနှစ် ပြက္ခဒိန်ရိုက်နှိပ်ရေးအတွက် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်း၍ ၁၂-၆-၂၀၁၉ရက် နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။

ပြက္ခဒိန်ရိုက်နှိပ်ရေးစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်ဆန်လှူအသင်းကြီး
အမှတ် ၇၇/၇၉၊ အထက်ကြည့်မြင်တိုင်လမ်း
ကြည့်မြင်တိုင်မြို့နယ်
ဖုန်း-၀၉-၄၂၀၀၂၅၈၅၂

ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ်စဉ်(၄/၂၀၁၈-၂၀၁၉)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများအတွက် Steel Sheet Pile နှင့် အခြားလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

မှတ်ချက်။ လုပ်ငန်းသုံးပစ္စည်းများသတ်မှတ်စံချိန်၊စံညွှန်းပြည့်မီကြောင်း လမ်းဦးစီးဌာန၊ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ၏ စမ်းသပ်ချက်ပါရှိမှသာ တင်ဒါယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၄-၇-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၅-၇-၂၀၁၉ရက် (သောကြာနေ့) နံနက်၁၀နာရီ
တင်ဒါဖွင့်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ဖျာပုံခရိုင်၊(၁၁)ရပ်ကွက်၊(၅)လမ်း၊ ဖျာပုံမြို့နယ်။

၂။ တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၅-၆-၂၀၁၉ရက်မှစ၍ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်တွင်ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖျာပုံခရိုင်၊ လမ်းဦးစီးဌာန
ဖုန်း-၀၄၅-၄၀၄၂၅၊ ၀၉-၂၅၀၂၃၂၆၇၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တွင် ၂၀၁၉-၂၀၂၀ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	အသုံးတူပစ္စည်း	(၁၂)မျိုး
(ခ)	ကျောင်းသုံးပစ္စည်း	(၈)မျိုး
(ဂ)	အဓိကအားကစားပစ္စည်း	(၁၃)မျိုး
(ဃ)	အိပ်ရာအသုံးဆောင်ပစ္စည်း	(၃)မျိုး
(င)	အားကစားနည်း(၂၃)နည်း	

တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၅-၆-၂၀၁၉ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၁-၆-၂၀၁၉ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၄ နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ ကျိုက္ကဆံကွင်း၊ တာမွေမြို့နယ်

၂။ တင်ဒါပုံစံစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိလိုသည့်အချက်အလက်များကို အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျိုက္ကဆံကွင်း၊ တာမွေမြို့နယ်တွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၄၀၀၀၀၆၊ ၀၁-၅၄၀၆၈၄ တို့သို့ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ပြင်ဆင်ဖတ်ရှုပါရန်

၃-၆-၂၀၁၉ရက်ထုတ် စာမျက်နှာ ၂၃ပါ ဒေါက်တာအောင်ထွတ်၏ ပြန်လည်ရုပ်သိမ်းခြင်း ကြော်ငြာတွင် ၂၂-၃-၂၀၁၉ရက်အစား ၂၂-၃-၂၀၁၈ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နယ် အထက(၁) နဝမတန်းမှ မသစ်သစ်၏ဖခင် ဦးဟန်ဇော်ထွန်း (ခ)ဦးသန်းဇော်ထွန်း ၁၀/မလမ(နိုင်)၂၃၄၂၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဟန်ဇော်ထွန်း(ခ)ဦးသန်းဇော်ထွန်း

အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၇)ကွက်၊ ဦးပိုင်အမှတ်(၁၄၄)၊ မြေယာအမှတ် (၁၃၅)ရှိ မြေနှင့်အိမ်အဆောက်အအုံမှာ ကွယ်လွန်သူ ဖခင် ဦးညိုဝင်းအမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဦးညိုဝင်းတွင် ဇနီးနှစ်ဦးရှိပါသည်။ ၎င်းတို့မှ သားသမီး(၁၂)ဦးထွန်းကားခဲ့ရာ(၆)ဦးကွယ်လွန်ပြီး မိဘများကွယ်လွန်သောအခါ ကျန်သားသမီးများနှင့် ကွယ်လွန်သူတို့၏ဇနီး၊ သားသမီးများမှာအမွေဆက်ခံသူများဖြစ်ကြပါသည်။

ကွယ်လွန်သူဦးမောင်မောင်တာ၏ဇနီး ဒေါ်ခင်မာချိုမှ ကျန်အမွေဆိုင်(၁၂)ဦးအပေါ် ပြင်ဦးလွင်ခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၆၇/၁၇ ဖြင့် ပစ္စည်းခွဲဝေပေးစေလိုမှုစွဲဆိုခဲ့ရာ ပြင်ဦးလွင်ခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၂)မှ (၂၃-၅-၂၀၁၈)ရက်တွင် ဒေါ်ခင်မာချို စွဲဆိုသော အမှုကိုပလပ်ကြောင်းအမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်အရကွယ်လွန်သူအမွေရှင် ဦးညိုဝင်းကျန်ခဲ့သော မြေနှင့်နေအိမ်အဆောက်အအုံမှာ အမွေဆက်ခံသူအားလုံး ဆက်လက်ပိုင်ဆိုင်လျက်ရှိနေပါသည်။ ထို့ကြောင့်အမွေဆက်ခံသူများ၏ သဘောတူခွင့်ပြုချက်မရဘဲ မိမိသဘောဖြင့် အစိုးရဘဏ်(သို့မဟုတ်)အခြားပုဂ္ဂလိကဘဏ်တစ်ခုခုသို့ ပေါင်နှံ၊ ရောင်းချ၊ ငှားရမ်း လဲလှယ်၊ စွန့်လွှတ်၊ လှူဒါန်း၊ စာချုပ်တစ်စုံတစ်ရာဖြင့် အပြောင်းအလဲမပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်.

ဒေါ်ခင်ခင်အေး	**ဒေါ်စန်းစန်းမြင့် (LL.B)**	**ဒေါ်သီတာမိုး(LL.B)**
၉/မမန(နိုင်)၀၅၆၃၅၅	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
ဒေါ်သော်တာဝင်း	**(စဉ်-၆၄၄၇/၁၃-၈-၁၉၉၇)**	**(စဉ်-၃၂၆၁၃/**
၉/မမန(နိုင်)၀၁၅၀၉၇	**အမှတ်(၆၆၆)၊ မီးရထားဝင်း၊**	**၁၆-၁၁-၂၀၁၅)**
လွှဲအပ်ညွှန်ကြားသူများ	**ရကက(၇)၊ ပြင်ဦးလွင်မြို့**	**အခန်း(၁၂)၊ ဘူတာတိုက်တန်း**
	ဖုန်း-၀၉-၄၀၂၅၅၉၉၅၇	**ရကက(၇)၊ ပြင်ဦးလွင်မြို့**
		ဖုန်း-၀၉-၆၉၆၈၃၁၃၃၇

ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ)ကျားဘိုကျောင်း သတ္တမတန်းမှ မနန်းဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစန်းဦး ၁၀/ပမန(နိုင်)၀၄၈၀၂၆ ဖြစ်ပါသည်။ **ဦးစန်းဦး**

ဖခင်အမည်မှန်

တမူးမြို့၊ ထန်းတပင်ကျေးရွာနေ မောင်ကောင်းမြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်သန်းဦး ၅/ခပန(နိုင်)၀၀၄၃၉၉ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အမက(ပေါင်-ဘူတာ)ကျောင်းမှ စတုတ္ထတန်း အောင်မြင်သော မအေးမြတ်ပိုင်နှင့် အမက(ပေါင်-ဘူတာ)ကျောင်း စတုတ္ထတန်းမှ မောင်အောင်ချမ်းသာတို့၏ ဖခင်အမည်မှန်မှာ ဦးကောဝါလူး ၁၀/ပမန(ပြု)၀၀၄၆၅၀ ဖြစ်ပါသည်။ **ဦးကောဝါလူး**

မှတ်ပုံတင်အမှန်

တမူးခရိုင်၊ မြို့သစ်မြို့၊ ဖိုင်လင်းကျေးရွာနေ မလမ်းခန့်နွမ်၏မိခင် ဒေါ်နိမ်သင်းကြဲ၏ မှတ်ပုံတင်အမှန်မှာ ၅/မသန(နိုင်) ၀၀၁၈၆၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ ကြည်ကျေးရွာ အထက(ခွဲ)ပဥ္စမတန်းမှ မောင်ချစ်မင်းကို၏ ဖခင်အမည်မှန်မှာ ဦးသောင်းမြင့်အေး ၅/ဒပယ(နိုင်)၀၇၇၆၉၆ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်နှင့် မှတ်ပုံတင်အမှန်

တမူးမြို့နယ်၊ အင်ဒိုင်းကျေးရွာနေ မမေသဇင်ထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ဥမ္မာဌေးဖြစ်ပြီး ၎င်း၏မှတ်ပုံတင် အမှန်မှာ ၅/ တမန(နိုင်)၀၅၈၁၅၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဒီပဲယင်းမြို့၊ စုပန်းမြိုင် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိဇွန်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ကြည် ၅/ဒပယ(နိုင်) ၀၄၅၆၁၈ ဖြစ်ပါကြောင်း။

မှတ်ပုံတင်အမှန်

တမူးမြို့၊ မြို့မ (၁၃)ရပ်ကွက်နေ မရီတားလ်၏ မိခင်ဒေါ်ဂီတာ၏ မှတ်ပုံတင်အမှန်မှာ ၅/တမန(နိုင်)၀၄၀၀၆၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ထိန်ကုန်းကျေးရွာ အထက(ခွဲ)မှ ကျောင်းဝင်အမှတ်(၁၄၀)တက္က သိုလ်ဝင်တန်း မောင်စိုင်းမင်းနောင်၊ ကျောင်းဝင်အမှတ်(၂၁၀၀)၊ မမေသဇင်ဦး၊သတ္တမတန်းနှင့် နန့်ခမ်းဆီကျေးရွာ အမက(ခွဲ)မှ မဖြူဖြူဟန် တတိယတန်းတို့၏ဖခင် ဦးအိုက်ကျော်၏ အမည်မှန်မှာ ဦးကျော်ထွေး ၅/ဟမလ(နိုင်)၀၇၆၃၃၃ ဖြစ်ပါကြောင်း။

ဦးကျော်ထွေး

ဖခင်အမည်မှန်

ရတနာပုံတက္ကသိုလ်၊ တတိယနှစ်၊ အင်္ဂလိပ်စာဌာနမှ မသဥ္ဇာအေး ၉/မဟမ(နိုင်)၀၄၇၃၅၄ နှင့် မဟာအောင်မြေမြို့နယ် အထက (၂၄) ဆဋ္ဌမတန်းမှ မစိမ်းလဲ့သွင် ၉/မဟမ(နိုင်) ၀၇၇၁၂၈တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် ၅/ကဘလ(နိုင်) ၁၁၅၂၁၈ ဖြစ်ပါကြောင်း။

ဦးဝင်းဗိုလ်

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ခေတ္တရာမြို့သစ်၊ (၂)လမ်း၊ အကွက်အမှတ်(၁၅E)၊ ရှမ်းစုအကွက်၊ ဦးပိုင်အမှတ် ၁၅၁၊ မြေဧရိယာ (၀ဒသမ ၀၅၅)ဧကရှိ ဂရန်မြေသည် မူလအမည်ထွက်ရှိသူ ဦးမြင့်သန်းထံမှ ၁၃-၂-၂၀၁၆ ရက်တွင် ကျွန်တော်မင်းထက်လွင်သည် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ယခုအခါ ကျွန်တော်မင်းထက်လွင်အမည်သို့ ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမင်းထက်လွင်
၇/ပမန(နိုင်) ၁၈၀၄၂၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊မြေကွက်အမှတ်(၇၈၇)၊မြေကွက်တည်နေရာအမှတ်(၇၈၇)၊(၁၅၃)ရပ်ကွက်၊ဒဂုံတောင်မြို့နယ်၊ဒေါ်အေး(KMY-၀၂၆၀၂၁)၊အမည်ပေါက်ပါမစ်မြေမြေအားပါမစ်အမည်ပေါက်ဒေါ်အေး(KMY-၀၂၆၀၂၁)ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်(၂-၇-၁၉၉၈)ရက်နေ့တွင်ဒေါ်လတ်လတ်(ခ)ဒေါ်လှရွှေမှ၎င်း၊ဒေါ်လတ်လတ်(ခ)ဒေါ်လှရွှေထံမှ(၂၇-၁၂-၂၀၀၂)ရက်နေ့တွင်ဦးလှထွန်းမှ၎င်း၊ဦးလှထွန်းထံမှ(၇-၃-၂၀၁၅)ရက်နေ့တွင်ဒေါ်လှရွှေ(ခ)ဒေါ်လတ်လတ်မှ၎င်း၊ဒေါ်လတ်လတ်(ခ)ဒေါ်လှရွှေထံမှ(၃၀-၇-၂၀၁၇)ရက်နေ့တွင်ဒေါ်ထားထားနွယ်(၁၂/ဥကတ(နိုင်)၁၃၇၇၂၈)မှအဆင့်ဆင့်ဝယ်ယူခဲ့ပြီး၎င်း၏မြေချပါမစ်မူရင်းမှာသိမ်းဆည်းထားရာမှအထားအသိုမှားယွင်းကာပျောက်ဆုံးသွားပါသဖြင့်မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ်-၃၃၆၆/၁၇-၁၁-၂၀၁၇ဖြင့်မြေချပါမစ်မူရင်းပျောက်ဆုံးသည်မှာမှန်ကန်ကြောင်းနှင့်အခြားမည်သူ့ကိုမျှလွှဲပြောင်း/ရောင်းချ/ပေါင်နှံ/ပေးကမ်း/စွန့်လွှတ်/လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းမရှိကြောင်းနှင့်ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းကျမ်းကျိန်လွှာ၊ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ဌာနတွင်ကိုယ်တိုင်ထုတ်ခံချက်များဖြင့်ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားဆက်စပ်စာချုပ်များမှားယွင်းနေသဖြင့်ရှင်းလင်းရန်အကြောင်းကြားခဲ့ရာစာချုပ်စာတမ်းလွဲမှားနေမှုမှာငွေကြေးချေးငှားမှုကြောင့်၎င်း၊မြေချပါမစ်ပျောက်ဆုံးမှုကြောင့်၎င်း၊အရပ်စာချုပ်များဖြစ်သဖြင့်လွဲမှားနေခြင်းဖြစ်ပြီးလျှောက်ထားသူကိုယ်တိုင်လက်ရောက်ဝယ်ယူပိုင်ဆိုင်နေအိမ်ဆောက်လုပ်ပြီးဖြစ်ကြောင်းတင်ပြလာသဖြင့်မြေပြင်ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်ထရံကာသွပ်မိုးအထပ်သားခင်း(၁၀'×၁၆')အဆောက်အဦ(၁)လုံးရှိပြီးလူမနေသော့ဖွင့်ပြပါသည်။လျှောက်ထားသူမှနေအိမ်တွင်ဖခင်ဖြစ်သူနေထိုင်လျက်ရှိပြီးကွင်းဆင်းစဉ်ဖခင်မှာခရီးသွားနေခြင်းဖြစ်ကြောင်းယခုအခါလျှောက်ထားသူမိသားစုလည်းနေထိုင်လျက်ရှိကြောင်းတင်ပြလာသဖြင့်ပါမစ်ပျောက်ဖြင့်(ဂရန်သစ်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကထုံးတမ်းလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

IGCSE (Edexcel / CIE)
English, Maths, Physics
Secondary I, II (All Subjects)
SAYA PHILLIP Ph : 09 430 43349

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊မြေကွက်အမှတ်(၁၂၅)၊၁၀.၀၂၈ဧကၤမြေကွက်တည်နေရာအမှတ်(၈၁၅)၊ကျောင်းကုန်း(၃)လမ်း၊(၇)ရပ်ကွက်၊အနှစ်(၆၀)မြေငှားဂရန်၊အမည်ပေါက်-ဒေါ်သန်းတင်(၁၂/လမန(နိုင်)၀၅၄၆၁၁)မြေအားအမည်ပေါက်ဒေါ်သန်းတင်(မိခင်)သည်(၁၇-၁-၂၀၀၈)တွင်လည်းကောင်း၊ခင်ပွန်းဖြစ်သူဦးခင်မောင်(ဖခင်)သည်(၁၇-၁၁-၂၀၀၁)တွင်လည်းကောင်းအသီးသီးကွယ်လွန်ခဲ့သဖြင့်ကျန်ရစ်သူသားသမီးများဖြစ်ကြသောဒေါ်မြင့်မြင့်စန်း(၁၂/လမန(နိုင်)၀၅၄၆၁၃)၊ဒေါ်မြင့်မြင့်ရွှေ(၁၂/လမန(နိုင်)၁၅၂၀၃၀)တို့ကမိမိတို့နှစ်ဦးတည်းသာတရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း၊အခြားသောအမွေစားအမွေခံကိုဥမသားသမီးများမွေးစားထားခြင်းမရှိကြောင်း(၁၄-၃-၂၀၁၉)ရက်စွဲကျမ်းကျိန်ဆိုထားသည့်ကျမ်းကျိန်လွှာ(၁)စောင်၊သေစာရင်း(၂)စောင်၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကဒ်ပြား၊သန်းခေါင်စာရင်းတို့ကိုတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြင်ဦးလွင်မြို့နယ်တရားရုံး
၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁

၁။ ဦးမောင်ထွန်း **နှင့်** ၁။ ဦးဖူးဆင်
၂။ ဒေါ်ရင်မေ
(အတူနေလင်မယား)
(တရားလိုများ) **(တရားပြိုင်)**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်း၊ ၂၉×၃၀လမ်းကြား၊ အမှတ် ၃၇၁နေ တရားပြိုင် ဦးဖူးဆင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၉ခုနှစ်၊ ဇွန် ၂၇ရက် (၁၃၈၁ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုများကတရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၉ခုနှစ်၊ ဇွန် ၄ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇေယျာရှိန်း)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ၅၄-ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်-၁၅၃၃ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ် (၅၄)၊ မြေကွက်အမှတ် (၁၅၃၃)၊ ဧရိယာ (၀.၀၅၅) ဧကအကျယ်ရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် ပတ်သက်ဆက်နွယ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင် ဦးသာခွန်းအောင်မြင့် (၇/တငန (နိုင်) ၀၄၀၅၁၆) [၎င်း၏ကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၅၇၉/၂၀၁၉ ရရှိသူ ဒေါ်သဥ္ဇာလင်း (၁၂/ပဇတ (နိုင်) ၀၃၀၄၁၁)] ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးအေးမြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၈)
အမှတ် - ၅၀၊ ပထမထပ်၊ အခန်းအမှတ် (A-1)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၆၄၆၆၇၊

အမည်မှန်

တမူးမြို့၊ မြို့မ(၁၂-ခ)ရပ်ကွက်နေ ဦးပြည့်ဖြိုးဝေ၏သား မောင်သက်သန့်သွေး၏ အမည်မှန်မှာ မောင်ကပ်ဒိတ်လျန် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တမူးမြို့၊ အထက(ခွဲ)သတ္တမတန်း(A)မှ မခင်လေးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဌေးလှိုင် ၉/ခမစ(နိုင်)၀၁၃၃၇၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တမူးခရိုင်၊ မြို့သစ်မြို့၊ လှည်းဆိပ်ကျေးရွာ အလက(ခွဲ)သတ္တမတန်းမှ မောင်မျိုးမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးသောင်းစိန် MKN-၀၅၁၄၁၂ ဖြစ်ပါကြောင်း။

အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ တုံးလှော်ကျေးရွာနေ ဦးတင်သိန်း-ဒေါ်ရေးတို့၏သမီး အမည်မှန်မှာ မစုမွန်ထွန်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဆားလင်းကြီးမြို့၊ အထက နဝမတန်းမှ မမြတ်လေးနွယ်၏ ဖခင်အမည်မှန်မှာ ဦးမြို့ဝင်း ၅/ဆလက(နိုင်)၁၂၁၉၈၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ) အဋ္ဌမတန်းမှ မပိုင်းစုသိန်း၏ ဖခင်အမည်မှန်မှာ ဦးရွှေလုံး ၉/နထက(နိုင်)၁၃၀၀၀၇ဖြစ်ပါကြောင်း။

ဦးရွှေလုံး

အမည်ပြောင်း

လှိုင်ကော်တက္ကသိုလ် စတုတ္ထနှစ် (ဘူမိ)မှ မစိုးမြာ၂/ဒမဆ(နိုင်)၀၆၄၈၀၅ အား မစိုးစိုးထွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မစိုးစိုးထွေး
၂/ဒမဆ(နိုင်)၀၆၄၈၀၅

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ တောပု အထက(ခွဲ)နဝမတန်းမှ မောင်ဇော်မင်းမောင်၏ဖခင် ဦးမိုးဌေး၏ အမည်မှန်မှာ ဦးစိုး ၉/မခန(နိုင်)၂၀၈၁၁၇ ဖြစ်ပါကြောင်း။ **ဦးစိုး**
၉/မခန(နိုင်)၂၀၈၁၁၇

ကန့်ကွက်ခြင်း

နွားထိုးကြီးမြို့နယ်၊ ဖလ်ကုန်းကျေးရွာနေ(အဘ) ဦးဘိုစော၏ ပိုင်းမြေရောင်းချခြင်းအား သားကြီးဖြစ်သူ မောင်စိုးဝင်း ၉/နထက(နိုင်)၁၁၇၀၇၂ မှ ကန့်ကွက်ပါသည်။ **မောင်စိုးဝင်း**
၉/နထက(နိုင်)၁၁၇၀၇၂

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/7328 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

Climate Adaptation in Coastal Communities of Myanmar: Improved Management of Mangrove Forests
Denmark-Myanmar Country Programme 2018-2023

DENMARK

Request for Proposal (RFP): "Development of National Integrated Coastal Management-ICM Program in Myanmar"

Under the Denmark-Myanmar Country Programme 2016-2020, the Forest Department (FD) is currently implementing a five year(2018-2023) project of "**Climate Change Adaptation and Resilience-building through rehabilitation and sustainable management of mangrove forests in coastal areas of Myanmar (The CCA Engagement)**" with the support of Climate Envelop fund mainly in Rakhine State and Tanintharyi Region to rehabilitate the degraded mangroves and to build the resilience of the coastal communities to adapt the climate change.

The Project is requesting a national Service Provider (SP) to submit a proposal with the aim to develop a Myanmar National ICM Program and to facilitate and recommend the concepts for two Regional ICM Programs in Rakhine State and Tanintharyi Region to be followed up next steps down to developing regional level ICM plans.

Duration of Assignment: Approximately 14 months (starting from August 2019 and to be completed by September 2020)

Main Tasks:

1. Develop and finalize an ICM Program Concept Note (in collaboration with CCA Engagement team for national as well as two regional programs in Rakhine and Tanintharyi)
2. Facilitate ICM consultations (cross-sectoral, multi-stakeholder consultations at both national and regional levels)
3. Drafting of ICM Program (based on the outcomes of the consultation process)
4. National Completion workshop on the draft ICM Program
5. Completion of a comprehensive national ICM program and two regional/state ICM programs for Rakhine State and Tanintharyi Region and submission of relevant authorizes

Outputs from the Consultancy

1. ICM Program Concept Note
2. Consultation Minutes / Reports
3. National and Regional ICM Program

Requirements: The SP should be a recognized organization with the following specific competencies:

- Comprehensive experience in ICM development and implementation in Myanmar, and/or Southeast Asia
- Experience with capacity building related to ICM
- Proven experience from working within a multiple stakeholder environment (government, donor civil society, the private sector, local communities);
- Proven reporting, facilitation, and communication skills in both English and Burmese

အထူးဝမ်းနည်းကြေကွဲခြင်း

ဘူးသီးတောင်မြို့နယ်၊ ဒုခရိုင်ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းကျော်သည် ၄-၆-၂၀၁၉ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး**
နှင့်ကျန်းမာရေးဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာတင်ထွန်းလေး

သွားနှင့်ခံတွင်းအထူးကုဆရာဝန်

အသက် (၄၉)နှစ်

ပြည်မြို့ ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီးဝင်း၊ အထူးကုအိမ်ရာနေ (ဦးတင်မောင်လေး)-ဒေါ်ခင်မြင့်တို့၏သား၊ ဒေါ်သန္တာအောင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်သာထက်ဉာဏ်၊ မအိမ့်ကြာဖြူတို့၏ ကျေးဇူးရှင်မွေးသဖခင် ဒေါက်တာတင်ထွန်းလေး (သွားနှင့်ခံတွင်းအထူးကုဆရာဝန်)သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၃၀-၅-၂၀၁၉ ရက် နံနက် ၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆေးရုံကြီးမိသားစု
ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့

အထူးကျေးဇူးတင်ရှိခြင်း
ဒေါ်ဆွေဆွေချစ် (ပြင်ဦးလွင်)
အသက်(၇၀)

၃၀-၅-၂၀၁၉ရက်တွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားသော ဒေါ်ဆွေဆွေချစ် မကျန်းမာစဉ် စင်ကာပူနိုင်ငံ၊ Mt.Elizabeth Hospital ၌တက်ရောက်ကုသစဉ် ဂရုတစိုက်ကြည့်ရှုစောင့်ရှောက်ပေးခဲ့ပါသော အထူးကုဆရာဝန်ကြီးများနှင့် ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ အနီးကပ်ပြုစုစောင့်ရှောက်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများနှင့်တူ/တူမများအားလည်းကောင်း၊ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ရန်ကုန်မြို့ ပင်လုံအထူးကုဆေးရုံကြီး၌ တက်ရောက်ကုသစဉ် အနီးကပ်နွေးထွေးစွာစောင့်ရှောက်ပြုစုကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများနှင့်ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ စာနာနားလည် စိတ်ဖြင့် အားပေးနှစ်သိမ့်ကြသော ဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၅)မှ သူငယ်ချင်းလုပ်ဖော်ကိုင်ဖက်များနှင့်မိသားစုများ အားလည်းကောင်း၊ နာရေးအခမ်းအနားသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ ဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများ၊ ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သက်နိုင်းနှင့်အခြားလှူဖွယ်ပစ္စည်းများ၊ အစားအသောက်များပေးပို့လှူဒါန်းကြသူများအားလုံး၊ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများပေးပို့ကြသူများ၊ ရပ်ဝေးရပ်နီးမှ သတင်းမေးမြန်းကြသူများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အသီးသီးတို့အားလည်းကောင်း အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် တစ်ဦးချင်းဆီသို့ ကျေးဇူးတင်ရှိကြောင်း တုံ့ပြန်မှုမပြုလုပ်နိုင်ခြင်းကို နားလည်ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း၊ ရေကန်ဒါယိကာမကြီး
ဒေါ်မြင့်မြင့်စန်း(တော်တော်)
ကထိက ရုက္ခဗေဒ(ငြိမ်း)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၁၁၁နေ (ဦးချမ်းမောင်ကွန်း-ဒေါ်ခင်တင့်တင့်)တို့၏သမီး၊ ဦးကျော်ပိုင်(ဥက္ကဋ္ဌ၊ ရတနာရောင်စဉ် Finance)၏ဇနီး၊ ကိုချမ်းကျော်ကျော်ပိုင်(CKKP Flim Production)-ဇင်ဇင်ဇော်မြင့်(ခ)မေသဇင်(သရုပ်ဆောင်)၊ ကိုအောင်ဇော်ဇော်ပိုင်(Directon ရတနာရောင်စဉ် Finance)-မငြိမ်းချမ်းမိုးတို့၏မိခင်၊ အောင်ကျော်ကျော်ပိုင်(Year 4, BISY)၊ အေးချမ်းကျော်ကျော်ပိုင်၊ edward paing (ခ) ဈာန်ပိုင်၊ ကောင်းကောင်းတို့၏အဘွား၊ (ဒေါ်မြင့်မြင့်ဆွေ)၊ ဒေါ်ခင်ခင်ဝင်း(ပြည်တွင်းအခွန်ဦးစီးဌာန)၊ ဒေါက်တာမြင့်မြင့်သန်းတို့၏ညီမ၊ ဦးစိုးမိုး-ဒေါ်အေးအေးမြင့်(ရွှေဘဏ်)တို့၏အစ်မ၊ မဝေဖူးအောင်၊ မဝင့်ဖူးအောင်၊ မောင်ချမ်းပြည့်စုံစိုးတို့၏ အဒေါ်သည် ၃-၆-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၅း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

အမှန်ဖတ်ရှုပါရန်

၄-၆-၂၀၁၉ရက်ထုတ် သတင်းစာ၏ စာမျက်နှာ(၃၁)တွင် ဒေါ်မြင့်မြင့်စန်း(တော်တော်)၊ ကထိက ရုက္ခဗေဒ(ငြိမ်း) အသက်(၆၆)နှစ်၏ နာရေးကြော်ငြာတွင် ကိုချမ်းကျော်ကျော်ပိုင်(CKKP Flim Production)၏ဇနီးဟု သတင်းစာတိုက်မှ မှားယွင်းဖော်ပြမိသဖြင့် ပြင်ဆင်လည်း၍ ကိုချမ်းကျော်ကျော်ပိုင်(CKKP Flim Production)-ဇင်ဇင်ဇော်မြင့်(ခ)မေသဇင်(သရုပ်ဆောင်)၏မိခင်ဟု အမှန်ဖတ်ရှုပါရန်။

သာသနာ့ရဟန်းတော်(၃)ပါးတို့၏ခမည်းတော်ကြီး
ဦးသိန်းရ
အသက်(၉၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ငါရဟိုးရွာနေ ဦးလှမှန်း-ဒေါ်အေးမြင့်တို့၏သား၊ (ဒေါ်ခင်ညွန့်)၏ခင်ပွန်း၊ ဒေါနခြံဆရာတော်၊ ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့ ဩဝါဒါစရိယ၊ တိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စေတိယင်္ဂဏပဝရိယတ္တိမဟာမဓမ္မဂုရု လှရတနာဆရာတော်၊ စိန်ရတနာဆရာတော် သာသနာ့(၃)ပါးတို့၏ခမည်းတော်၊ ဦးတင်ညွန့်-ဒေါ်လှသောင်းတို့၏ဖခင်၊ မောင်ဝင်းမြင့်ဇော်-မမြကြည်အောင်၊ မဖြူဖြူနွယ်တို့၏ အဘိုး၊ မြစ်သုံးယောက်တို့၏အဘေးသည် ၃-၆-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် မန္တလေးမြို့၊ ညီမ်ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လှကြည်
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ဂန္ဓမာ(၂)လမ်း၊ B-83/84 နေ (ဦးကျော်ထွန်း-ဦး-ဒေါ်မြမေ)တို့၏သမီး၊ (ဦးချစ်ရင်)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)တင်ထွန်းအောင်-ဒေါ်မြင့်မြင့်ကြီး၊ ဦးတင်ဝင်းအောင်(MCC Group)-ဒေါ်သာယာသန်း၊ ဦးမြင့်သန်း-ဒေါ်မင်္ဂလာသိန်း၊ ဦးမျိုးအောင်-ဒေါ်အေးအေးမြင့်၊ (ဦးကျော်စွာလင်း(ခ)ဦးကျော်တိုင်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးအောင်စိုးလင်း(MCC Group)-ဒေါ်ချောခင်ခင်(MCC Group)၊ ဦးပြည့်စုံ(MCC Group)-ဒေါ်ကျော့ခိုင်ရွှေဝါ၊ ဒေါ်သက်သက်အောင်၊ ဦးကျော်ကျော်ထက်-ဒေါ်စုစုလှိုင် (Max Global)၊ ဦးမျိုးမြင့်အောင်-ဒေါ်ခင်နှင်းဖြူ၊ ဦးဖေယျာလင်း(JTI)-ဒေါ်အိအိမျိုး၊ မဝင့်သီရိအောင်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၃-၆-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ တရားတော်နာပြီး မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၀၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဖောင်းကြွပျောက် ပျောက်ဆုံးခြင်း

ယာဉ်အမှတ် 1J/9956၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကြေညာ၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်တန်တိတ်စီ(ခ)ဒေါ်တင့်စီ (မြိတ်)
အသက်(၈၄)နှစ်

မြိတ်မြို့၊ တပ်ပြင်ရပ်နေ (ဦးကျော်လှိုင်)၏ဇနီးသည် ၃-၆-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ဝင်းကြည် (ပုလောမြို့)၊ အသင်းဝင်အမှတ်-၆၂၀
အသက်(၇၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးလှမြင့်)၏ဇနီးသည် ၃-၆-၂၀၁၉ရက် (တနင်္လာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး-ငြိမ်း) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး ဒေါ်ဆွေဆွေချစ်သည် ၃၀-၅-၂၀၁၉ရက် နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းအုပ်ကြီး၊ ဆရာ/မများ
မိဘဆရာအသင်းနှင့်
ကျောင်းအကျိုးတော်ဆောင်အဖွဲ့
အထက(၆) မော်လမြိုင်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဆွေဆွေချစ်
အသက်(၇၀)

ဦးဝင်းထွန်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၏ချစ်လှစွာသောဇနီးဒေါ်ဆွေဆွေချစ်သည် ၃၀-၅-၂၀၁၉ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

ဦးထွန်းသိန်း (B.Sc Math)

ဘဏ္ဍာရေးဌာန၊ မြေမြို့ရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန(ငြိမ်း)
အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာ၊ ကျောင်းပိုင်း၅/နေ (ဦးသိန်းဖေ-ဒေါ်ညွန့်ရီ)တို့၏သား၊ (ဦးကျော်ရွှေ-ဒေါ်အုန်းရီ)၊ ဦးမြသိန်း-ဒေါ်မြင့်ကြည်၊ ဦးလှထွန်း-ဒေါ်ခနီးရီတို့၏မောင်၊ ဦးသိန်းဝင်း-(ဒေါ်မြမြအေး)၊ ဦးသန်းဝင်း-ဒေါ်လှလှခိုင်တို့၏အစ်ကိုသည် ၄-၆-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာသန်းထွန်းကျော်
(ဒုတိယညွှန်ကြားရေးမှူး-ဘူးသီးတောင်မြို့နယ်
ကျန်းမာရေးဦးစီးဌာနမှူး)
အသက်(၄၉)နှစ်

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းကျော် (ဆမ-၁၅၃၉၃)သည် ၄-၆-၂၀၁၉ ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါ၍ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ
ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ရီ
အသက်(၁၀၀)

ပျဉ်းမနားမြို့၊ ဗိုလ်တောက်ထိန်လမ်း၊ မင်္ဂလာသာဇံရပ်ကွက်၊ အမှတ်(၇/၂၀)နေ ဆရာကြီး ဦးဇာတင်၏ချစ်လှစွာသောဇနီး၊ ဒေါ်မိုင်တင်ရီ(B.Ed)၊ (ဆလိုင်းဉာဏ်တင်)၊ ဦးကိုကိုအောင်-ဒေါ်မိုင်တင်စီ(Sister မျက်စိအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့)၊ ဆလိုင်းဟန်တင်(M.B,B.S, Mdy)တို့၏မိခင်၊ မအေးငြိမ်းမိုး(BE-EC)၏အဘွားသည် ၃-၆-၂၀၁၉ရက် ည ၁၀း၂၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၆-၂၀၁၉ရက်တွင် ကင်းကြီးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်လှသန်း
(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ငြိမ်း)
အသက်(၅၈)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်၊ အကွက်(၄၄)V2၊ သစ်ခွခြံလမ်း၊ သိဒ္ဓိအောင်ခြံနေ (ဦးဘို-ဒေါ်မိမိ)တို့၏သား၊ (ဦးအုန်းကူး-ဒေါ်အေးကြည်)တို့၏သားသမက်၊ (ဒေါ်ခင်တုတ်)၊ ဒေါ်ခင်နုတို့၏မောင်၊ ဒေါ်ခင်သန်းသန်း၏ခင်ပွန်း၊ ဦးလှဝင်း၊ ဦးတင်ဝင်း၊ ဦးအောင်ဇေတို့၏အစ်ကို၊ (ဒေါ်တင်တင်ကြည်)၏ ခင်ပွန်း၊ ဦးဇော်ဇော်ဘို-ဒေါ်မေသန်းဦး၊ ဦးအောင်အောင် ဘို-ဒေါ်အေးနှင်းဦး၊ ဒေါ်နီနီလွင်၊ ဦးကျော်ကျော်ဘိုတို့၏ဖခင်၊ မောင်ထက်သူရလင်း၏အဘိုးသည် ၄-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အထက်ပါ မန္တလေးမြို့နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစိုးကိုကို (လက်ထောက်ညွှန်ကြားရေးမှူး)
လျှပ်စစ်မှုကြီးကြပ်ရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(ရန်ကုန်)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅ရလမ်း၊ အမှတ် ၃၆နေ ဦးညွန့်စိန်-ဒေါ်ခင်မြင့်သိန်းတို့၏သား၊ ဦးတင်ကိုကို၊ ဦးဝင်းကိုကို-ဒေါ်ခင်မမရွှေ၊ ဦးမြင့်ဦး-ဒေါ်ခင်သီတာစိန်၊ ဒေါ်နီလာစိန်၊ ဦးမြတ်ကိုကို-ဒေါ်သော်တာဝင်းတို့၏ညီ/မောင်၊ ဒေါ်တင်တင် ဌေး၏ခင်ပွန်း၊ မောင်ဆွေမျိုးထက်၏ဖခင်၊ ဗိုလ်ကြီးစိုးစိုးသော်ဦး၏ဦးလေးသည် ၄-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၉ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါက်တာသန်းထွန်းကျော်
ဒုတိယညွှန်ကြားရေးမှူး(ဒု-ခရိုင်ကုသရေးဦးစီးဌာနမှူး)
WDAB နယကကြီး(ဘူးသီးတောင်ဆေးရုံအုပ်)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မဓုဝိဟာရလမ်း၊ အမှတ် ၁၀၈နေ (ဦးဦးကျော်-ဒေါ်စောဦးတို့၏သား၊ ဦးကျော်လှိုင်-ဒေါ်မြခိုင်တို့၏သားသမက်၊ ဒေါ်ဆွေဆွေလှိုင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်သူရိန်အောင်၊ ခန့်သူရိန်ကျော်နှင့် ထက်ငြိမ်းလင်းထွန်းတို့၏ချစ်လှစွာသောဖခင် ဒေါက်တာသန်းထွန်းကျော်သည် ၄-၆-၂၀၁၉ရက် (အင်္ဂါနေ့)နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၉ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာသန်းထွန်းကျော်
ဒုတိယညွှန်ကြားရေးမှူး(ဒု-ခရိုင်ကုသရေးဦးစီးဌာနမှူး)
WDAB နယကကြီး(ဘူးသီးတောင်ဆေးရုံအုပ်)
အသက်(၄၉)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိဝိရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၁၀၉နေ (ဦးဦးကျော်ခဲ)-ဒေါ်စောဦးတို့၏သား၊ ရီရီကျော်၊ ဒေါက်တာကျော်ကျော်လွင်၊ အောင်အောင်လွင်တို့၏ချစ်ခင်လေးစားရပါသောအစ်ကိုကြီး၊ (ဦးစံသိန်း)-ဒေါ်အုံးမေတို့၏သား/တူ၊ စောနန္ဒာနွယ်၊ စောကေသီနွယ်၊ စောနန်းနွယ်၊ မျိုးဆန်းလင်းနေမျိုးလင်းတို့၏အစ်ကိုကြီးသည် ၄-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၉ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Ruan Chengfa ဦးဆောင်သောအဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

နေပြည်တော် ဇွန် ၄

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Ruan Chengfa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများ၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား စီးပွားရေး၊ နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်း ဆောင်ရွက်သွားနိုင်မည့်ကဏ္ဍများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား နယ်စပ်စီးပွားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေးအတွက် ဘဏ္ဍာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံ၊ လျှပ်စစ်၊ သတ္တု၊ နည်းပညာ၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

မြန်မာနှင့် ဗီယက်နမ် ယူ-၂၂ အသင်း ဇွန် ၇ ရက်တွင် ခြေစမ်းပွဲကစားမည်

ရန်ကုန် ဇွန် ၄

အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် မြန်မာ ယူ-၂၂ အသင်းနှင့် ဗီယက်နမ် ယူ-၂၂ အသင်းသည် ဇွန် ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းမှုအရ ယင်းခြေစမ်းပွဲကို ဗီယက်နမ်နိုင်ငံ၌ ကျင်းပခြင်းဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်းမှာ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းပြီး ဒုတိယမြောက်ယှဉ်ပြိုင်ကစားသည့် ခြေစမ်းပွဲလည်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် မေ ၂၁ ရက်က စတင်လေ့ကျင့်ခဲ့ပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် မေ ၃၀ ရက်က တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၂၂ အသင်း စတင်လေ့ကျင့်သည့်ကာလမှာ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကျင်းပသည့်ကာလဖြစ်နေသောကြောင့် ကစားသမားအစုံအလင် လေ့ကျင့်နိုင်သည့်ရက်နည်းပါးခဲ့ပြီး ဆီမီးဖိုင်နယ် ဒုတိယအကျော့ပြီးဆုံးသည့် ဇွန် ၃ ရက်မှ လူစုံပြန်လည်လေ့ကျင့်နိုင်ခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် ဇွန် ၅ ရက် **(ယနေ့)** ထွက်ခွာမည်ဖြစ်ပြီး အကျိုးရှိသည့် ခြေစမ်းပွဲတစ်ပွဲဖြစ်လာမည်ဖြစ်သည်။ ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစမ်းပွဲအတွက်

စာမျက်နှာ ၁၂ ကော်လံ ၅ ❍

မြန်မာ ယူ-၂၂ အသင်း ဇွန် ၄ ရက်က လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်း စာ » ၉

မြေပုံမြို့နယ် ရန်ကုန်-စစ်တွေသွားကားလမ်း၌ AA အဖွဲ့ထောင်ထားသည့် မိုင်းခုနစ်လုံး ပေါက်ကွဲမှုဖြစ်ပွား စာ » ၁၃

မြန်မာကလပ် ရန်ကုန်အသင်းနှင့် ထိုင်းကလပ် Port အသင်းတို့ မိတ်ဖက်ပြုလုပ်ရန် ဆွေးနွေး

ရန်ကုန် ဇွန် ၄

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်အသင်းနှင့် ထိုင်းလိဂ်-ကလပ် Port အသင်းတို့ မိတ်ဖက်ပြုလုပ်ရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ Port အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံသို့ လာရောက်ကာ မိတ်ဖက်ပြုလုပ်ရန် ဆွေးနွေးနေခြင်းဖြစ်သည်။

Port အသင်းဥက္ကဋ္ဌ နျူရယ်လမ်ဆမ်နှင့် တာဝန်ရှိသူများသည် ရန်ကုန်ယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇနှင့် လာရောက်တွေ့ဆုံခဲ့ပြီး ဇွန် ၂ ရက်က ရန်ကုန်ယူနိုက်တက်အသင်း အိမ်ကွင်းဖြစ်သော YUSC ကွင်း၌ ကျင်းပသည့် ရန်ကုန်အသင်းနှင့် စစ်ကိုင်းအသင်းတို့၏ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲကို ကြည့်ရှုအားပေးခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✽

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
၂၀၁၉ ခုနှစ်၊ ဇွန် ၅ ရက်၊ ဗုဒ္ဓဟူးနေ့

ရန်ကုန်လေထုသန့်စင်ရေး လေထုညစ်ညမ်းမှုကို တိုက်ဖျက်ပေး

ရှင်နော်၊ ဓာတ်ပုံ - အာကာစိုး

ရန်ကုန်မြို့ကို နိုင်ငံတကာအဆင့်မီမြို့ကြီးတစ်မြို့အဖြစ် ဘက်ပေါင်းစုံမှ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ လေထုညစ်ညမ်းမှုများ မဖြစ်ပွားစေရေးနှင့် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှစ်စဉ်ဇွန် ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်နေ့အဖြစ် သတ်မှတ်ထားရာ ၂၀၁၉ ခုနှစ်အတွက် လေထုညစ်ညမ်းမှုနှင့် ပတ်သက်၍ ထုတ်ပြန်မည့် ဆောင်ပုဒ်မှာ လေထုညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ (Beat Air Pollution) ဟူ၍ ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်ကြီးတွင် ဖြစ်ပွားလျက်ရှိသော လေထုညစ်ညမ်းမှုဖြစ်ပေါ်ရာ နေရာများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်နေမှုများနှင့် အနာဂတ်အတွက် အစီအမံများ ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်မော်အား မြန်မာ့အလင်းမှ သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

လေထုညစ်ညမ်းစေတဲ့အမှုန်တွေ ထုတ်လွှတ်

လေထုညစ်ညမ်းမှုမှာ Point Source နှင့် Non-Point Source ဆိုပြီးရှိပါတယ်။ Point Source မှာတော့ သစ်ပင်တွေ ကားလမ်းတွေ စက်ရုံတွေ မီးစက်တွေ၊ Non-Point Source တွေကတော့ အမှိုက်ပုံ၊ ရေမြောင်း၊ ကားလမ်းခင်းနေတာတွေ၊ အဆောက်အဦးဆောက်နေတာတွေ စသည်ဖြင့်ပေါ့။ ဒီလေထုကို ညစ်ညမ်းစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်တို့၊ ကာဗွန်မိုနိုအောက်ဆိုက်တို့၊ နိုက်ထရိုဂျင် ဒိုင်အောက်ဆိုက်တို့၊ ဆာလဖာဒိုင်အောက်ဆိုက်တို့ ထုတ်လွှတ်နေတဲ့အပြင် အမှုန်လေးတွေကို လေထဲကိုထုတ်လွှတ်နေတဲ့အရာ မှန်သမျှသည် Point Source ဆိုပြီး နေရာကနေ ထွက်တဲ့ဟာတွေဖြစ်တယ်။

လေထုညစ်ညမ်းမှုမှာက တချို့အမှုန်တွေဆိုရင် မြင်ရတာပေါ့။ နှင်းလိုမျိုးတွေကတော့ မြင်ရတာပေါ့။ ကျန်တဲ့လေထုညစ်ညမ်းစေတဲ့ အရာတွေဟာ မျက်လုံးနဲ့ မမြင်နိုင်တဲ့အရာတွေ ဖြစ်တယ်။ စက်နဲ့တိုင်းမှသာ တိုင်းတာလို့ရတဲ့အရာတွေဖြစ်တယ်။ ဒါတွေကို တိုက်ဖျက်ဖို့ဆိုတာက ဘယ်ကထွက်နေလဲဆိုတာကို အရင်သိဖို့လိုတယ်။ နိုင်ငံတကာမှာဆိုလည်း စံချိန်စံညွှန်းသတ်မှတ်ချက် တွေရှိတယ်။ အာဆီယံမှာဆိုလည်း လေထုနဲ့ ပတ်သက်ပြီး သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေရှိတယ်။ မြန်မာနိုင်ငံမှာဆိုလည်း သတ်မှတ်ထားတာတွေရှိတယ်။ ဒါတွေကို ကျွန်တော်တို့က လိုက်နာရမယ်။

လေထုညစ်ညမ်းမှုကို လျှော့ချ

ညစ်ညမ်းပြီဆိုတာက နိုင်ငံတကာ စံချိန်စံညွှန်းသတ်မှတ်ချက်ကျော်သွားပြီ။ အာဆီယံ သတ်မှတ်ချက်ထက် ကျော်သွားပြီ။ မြန်မာနိုင်ငံမှာ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းထက် ကျော်သွားပြီဆိုရင် ညစ်ညမ်းတယ်ပေါ့။ သူ့အောက်မှာ ရှိနေသေးတယ်ဆိုရင်တော့ မညစ်ညမ်းသေးဘူးပေါ့။ ဒါမျိုးခွဲခြားထားတာပါ။ လေထဲမှာ ရှိတဲ့ဟာတွေကို ပျောက်အောင်လုပ်ဖို့ဆိုတာက မလွယ်ဘူး။ လေထဲမှာ အမှုန်တစ်ခုနဲ့ တစ်ခုပေါင်းမယ်။ အပေါ်ကို ရောက်သွားမယ်။ လေထဲမှာ မျောပြီးတော့မှ ခိုစီးနေတဲ့ဟာတွေရှိမယ်။ နောက်တစ်ခါ တစ်ခုနဲ့တစ်ခုပေါင်းပြီး မြေကြီးပေါ် ပြန်ကျတဲ့ဟာတွေလည်း ရှိတယ်။ အမျိုးမျိုးပေါ့။ နည်းမျိုးစုံနဲ့ လေထဲမှာ ရောက်နေတာတွေက ဖျက်ဆီးလို့ မရနိုင်တော့ဘူး။ ဒါပေမယ့် ကျွန်တော်တို့ လျှော့ပါးအောင်လုပ်မယ်ဆိုရင် Source နှစ်ခုက ထွက်တဲ့ဟာတွေကို ထိန်းချုပ်နိုင်မယ်ဆိုရင် လေထဲကို ထပ်မရောက်နိုင်တော့ဘူးပေါ့။ ထပ်မရောက်တော့တာသည် လေထုညစ်ညမ်းမှုကို လျှော့ချခြင်းတစ်မျိုးပဲ ဖြစ်တယ်။

အဲဒီတော့ Source တွေကို လေ့လာလိုက်တဲ့အခါမှာ အမှိုက်ပုံတွေမှာ အမှိုက်တွေပုံတယ်။ အမှိုက်တွေ စည်းကမ်းမဲ့ပစ်တယ်။ နောက်ဖေးလမ်းကြားတွေမှာပစ်တယ်။ ပစ်တဲ့အတွက်ကြောင့်မို့လို့ မီသိန်းဓာတ်ငွေ့တွေ ထွက်တယ်။ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ ထွက်တယ်၊ ဆာလဖာဒိုင်အောက်ဆိုက်တွေ ထွက်တယ်။ အမှုန်တွေ ထွက်တယ်။ ဒါကြောင့်လည်း လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေတယ်။ နောက်တစ်ခါ ယာဉ်ကြောပိတ်တာတွေပေါ့။ ကျွန်တော်တို့ ရန်ကုန်မှာဆိုရင် ကားအရေအတွက် ရှစ်သိန်းလောက်ရှိတယ်။ ဒီရှစ်သိန်းလောက်က အမြဲတမ်းသွားလာနေတယ်။ ဒီကားအိတ်ဇောတွေက ထွက်တဲ့အမှုန်တွေက လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေတယ်။ အဲဒီအပြင် လမ်းတွေဖြစ်တဲ့ မြေနီလမ်း၊ သဲလမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း စသည်ဖြင့် လမ်းတွေရဲ့ပလက်ဖောင်းတွေမှာ အပြည့်အစုံမပြီးသေးဘဲ ယာဉ်တွေသွားလာတဲ့အခါမှာ လမ်းတွေကနေ အမှုန်အမွှားတွေ ထွက်နေတာတွေရှိတယ်။

အချပ်ပို (ဃ) သို့

အချပ်ပို (ခ)

အနာဂတ်စီမံကိန်းတွေ စည်ဝေနေတဲ့ ရန်ကုန်မြို့

အချပ်ပို (ဂ)

အွန်လိုင်းပေါ်မှ ထင်ထင်ရှားရှား ပြည်သူ့ဝန်ထမ်းကောင်းများ

အနာဂတ်စီမံကိန်းတွေ စည်ဝေနေတဲ့ ရန်ကုန်မြို့

ဇင်လင်းမြင့်

ကုန်းလမ်း၊ ရေလမ်းနဲ့ လေကြောင်းခရီးတွေနဲ့ပါ အလွယ်တကူ သွားလာလို့ရတဲ့အပြင် ကုန်စည်ပို့ဆောင်နိုင်မှုကဏ္ဍမှာ ပြည်တွင်းသာမက ပြည်ပနိုင်ငံတွေနဲ့လည်း အပြန်အလှန်သွားလို့ ရနေတဲ့ ရန်ကုန်မြို့က မြန်မာနိုင်ငံမှာတော့ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အများဆုံးတည်ရှိရာ မြို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့က စီမံကိန်းတွေ အများအပြား ချထားပြီး အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားနေမှုကြောင့် မြန်မာနိုင်ငံမှာတော့ စီးပွားရေးမြို့တော်အဖြစ် ဖွံ့ဖြိုးတိုးတက်မှုတွေကို မြင်တွေ့နေရတာပဲဖြစ်ပါတယ်။

စီမံကိန်းပေါင်း ၈၀

ရန်ကုန်မြို့ကို အဘက်ဘက်က အရှိန်အဟုန်နဲ့ တိုးတက်စေရန် ဆောင်ရွက်ဖို့အတွက် မဟာဗျူဟာကျကျလုပ်ကိုင်လိုတဲ့ စီမံကိန်းအရေအတွက် ၈၀ ကို ပြီးခဲ့တဲ့ မေလက ရန်ကုန်မြို့မှာ ကျင်းပခဲ့တဲ့ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှာ ထုတ်ဖော်ချပြခဲ့တာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အဲဒီ စီမံကိန်း ၈၀ ကို စီမံကိန်းဘဏ်မှာလည်း ထည့်သွင်းထားပြီး ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေကို မိတ်ဆက်ခဲ့တာလည်း ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် အဲဒီစီမံကိန်းတွေကတော့ မြို့သစ်စီမံကိန်း၊ အိမ်ရာစီမံကိန်း၊ စက်မှုဇုန်သစ်တွေ ဖော်ဆောင်မယ့် စီမံကိန်းတွေ၊ ရန်ကုန်ဆိပ်ကမ်းသစ်တွေ၊ ငါးလုပ်ငန်း၊ စိုက်ပျိုးရေးနဲ့ ပညာရေးဆိုင်ရာ စီမံကိန်းတွေ ၁၆ ခု ပါဝင်ပြီး အဲဒီစီမံကိန်းတွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုဆိုရင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းမှာရှိတဲ့ ရေိယာမှာ ရန်ကုန်မြို့သစ်စီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားနေပါတယ်။ အဲဒီမြို့သစ်စီမံကိန်းဟာ ကြီးမားတဲ့အပြင် ရင်းနှီးမြှုပ်နှံမှု များပြားလာဖို့ ပြည်သူတွေကို ပွင့်လင်းမြင်သာစွာ ချပြလျက်ရှိပါတယ်။

ဒါ့အပြင် အိမ်ရာစီမံကိန်းတွေအနေနဲ့ လှိုင်သာယာမြို့နယ်မှာ တန်ဖိုးသင့်၊ တန်ဖိုးမျှတတဲ့ အိမ်ရာစီမံကိန်းသစ်တွေ ထွက်ပေါ်လာအောင်လည်း ကြိုးစားနေသလို တိုက်ခန်းပေါင်း သိန်းချီထွက်ပေါ်လာနိုင်တဲ့ အိမ်ရာစီမံကိန်းမျိုးတွေလည်း ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးနေပါတယ်။ အထူးသဖြင့် ကျူးကျော်တွေကို အိမ်ရာတိုက်ခန်းတွေပေးနိုင်ဖို့ တတ်စွမ်းသမျှ ကြိုးစားအားထုတ်နေပါတယ်။

စက်မှုဇုန်အသစ်တွေ ဖော်ထုတ်

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လက်ရှိစက်မှုဇုန်တွေဖြစ်တဲ့ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ စတဲ့ လည်ပတ်နေပြီဖြစ်တဲ့ စက်မှုဇုန်တွေအပြင် စက်မှုဇုန်အသစ်တွေ ဖော်ထုတ်နိုင်ရေးအတွက်လည်း ကြိုးစားနေပါတယ်။ ရန်ကုန်မြို့ဆင်ခြေဖုံးပတ်လည်မှာ ဧက ၁၀၀၀ အကျယ်အဝန်းရှိမယ့် စက်မှုဇုန်တွေ ထွက်ပေါ်လာဖို့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို ရှာဖွေနေတယ်လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြီးခဲ့တဲ့ မေလက ကျင်းပခဲ့တဲ့ ရန်ကုန်စီးပွားရေးဖိုရမ်မှာ ပြောပြခဲ့ပါတယ်။

ရန်ကုန်ဆိပ်ကမ်းတွေ အဆင့်မြှင့်တင်ဖို့နဲ့ ပြည်ပကုန်တင်သင်္ဘောကြီးတွေပါ ဆိုက်ကပ်ရပ်နားပြီး ကုန်တင်ကုန်ချနိုင်မယ့် ဆိပ်ကမ်းသစ်တွေ တည်ဆောက်ဖို့အတွက်လည်း ကြိုးစားဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့ မေ ၂၃ ရက်က အိန္ဒိယနိုင်ငံမှ APSEZ ကုမ္ပဏီက ရန်ကုန်မြို့မှာ ကုန်တင်ကုန်ချဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတားတစ်ခုကို တည်ဆောက်ရေးသဘောတူလက်မှတ်ရေးထိုးပြီးပြီလို့ သတင်းတွေထွက်ပေါ်လာပါတယ်။ ပထမအဆင့် အမေရိကန်ဒေါ်လာ သန်း ၃၂၀၊ ဒုတိယအဆင့် အမေရိကန်ဒေါ်လာ သန်း ၆၀ အကုန်ကျခံတည်ဆောက်မယ့် အဲဒီ ဆိပ်ခံတံတားစီမံကိန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုထားပြီးဖြစ်လို့ အကောင်အထည်ပေါ်လာဖို့ ရှိနေပြီဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ အကောင်အထည်ဖော်မယ့် စီမံကိန်းတွေထဲမှာ ရန်ကုန်မြို့ရဲ့ စည်ပင်သာယာပန်းခြံတွေနဲ့ ဈေးတွေ အဆင့်မြှင့်တင်ဖို့ ပါဝင်သလို ရေလုပ်ငန်းဆိုင်ရာ စီမံကိန်းအပါအဝင် စီမံကိန်း ၁၁ ခုလည်း ရှိနေပါတယ်။ အဲဒီစီမံကိန်းတွေဟာ ရန်ကုန်မြို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ရှိနေတဲ့ အရာတွေဖြစ်ပြီး ရန်ကုန်မြို့နေပြည်သူတွေအတွက် လိုအပ်နေတဲ့ လုပ်ငန်းစီမံကိန်းတွေပဲ ဖြစ်ပါတယ်။

ဘူတာရုံတွေအဆင့်မြှင့်တင်

ရန်ကုန်မြို့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့လမ်း၊ အိမ်ရာနဲ့ စက်မှုဇုန်စီမံကိန်းတွေ ရှိနေပြီး ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ရန်ကုန်မြို့ ရထားပို့ဆောင်ရေးစီမံကိန်း၊ ဘူတာရုံတွေ အဆင့်မြှင့်တင်ရေးစီမံကိန်းအပါအဝင် စီမံကိန်းပေါင်း ၁၁ ခုကို လုပ်ကိုင်အကောင်အထည်ဖော်ဖို့ ရှိနေပါတယ်။

"အဲဒီစီမံကိန်းတွေထဲမှာ မြန်မြန်ပြီးချင်တဲ့၊ အမြန်ဆုံး ဆောင်ရွက်ချင်တဲ့အရာတွေကတော့ အိမ်ရာစီမံကိန်းတွေကို သယ်ယူပို့ဆောင်ရေးကဏ္ဍတွေနဲ့ ချိတ်ဆက်ပြီး မြို့ပြစီမံကိန်း ပီပြင်အောင် အကောင်အထည်ဖော်လိုခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားနေပါတယ်။ ဒီလို မြန်မြန်ဆောင်ရွက်နိုင်ခဲ့ရင်တော့ ရန်ကုန်မြို့မှာ နေထိုင်တဲ့ ပြည်သူတွေအတွက် နေအိမ်ရော ခရီးသွားလာရေးပါ အဆင်ပြေသွားစေမှာ ဖြစ်ပါတယ်။

တကယ်တော့ ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ်ထဲမှာ ပါရှိတဲ့ မြေဧက ၃၈ ဧကပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ကုန်ကျမယ့် ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ တန်ဖိုးရှိတဲ့ ရန်ကုန်မြို့သစ်စီမံကိန်း၊ လှည်းကူးမြို့နယ်ရဲ့ မြေဧက ၁၅၀၀ ပေါ်မှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကုန်ကျမယ့် Eco Green City စီမံကိန်း၊ အမေရိကန်ဒေါ်လာ သန်း ၉၀၀ ခန့် တန်ဖိုးရှိတဲ့ ရန်ကုန်မိုးပျံအမြန်ကားလမ်းစီမံကိန်း၊ အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိတဲ့ ရန်ကုန်မိုးပျံရထားလမ်း စတဲ့ စီမံကိန်းတွေနဲ့အတူ ရန်ကုန်မြို့ဟာ စည်ဝေနေတာတော့ အမှန်ပါပဲ။

အဲဒီစီမံကိန်းတွေ အကောင်အထည်ဖော်နိုင်ရင်တော့ ရန်ကုန်မြို့ဟာ နိုင်ငံတကာမြို့တော်ကြီးတွေကို ရင်ပေါင်တန်းပြီး မြန်မာနိုင်ငံရဲ့စီးပွားရေးမြို့တော်အဖြစ် နိုင်ငံတကာအလယ်မှာ ထည်ဝါနိုင်မှာ သေချာပါတယ်။ ။

အွန်လိုင်းပေါ်မှ ထင်ထင်ရှားရှား ပြည်သူ့ဝန်ထမ်းကောင်းများ

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး

"သူက ဝန်ထမ်းပဲကွာ ဝန်ထမ်းလိုပဲလုပ်မှာပေါ့"၊ "မလုပ်မရှုပ် မပြုတ်"ဆိုသော စကားများသည် တစ်ခေတ်တစ်ခါက ဝန်ထမ်းလောကတွင် တွင်တွင်ကျယ်ကျယ် အသုံးများ၊ အကြားများခဲ့ရသော စကားစုများဖြစ်သည်။

မမှန်ဘူးလားဆိုတော့ မှန်ခဲ့ပါသည်။ ကျယ်ဝန်းသော ဝန်ထမ်းလောကတွင် အဆိုးနှင့် အကောင်းများ များပြားစွာရှိပါသည်။ အဆိုးများ၏ အကောင်းအချို့သည် ပေါ်လွင်ထင်ရှားခဲ့ခြင်း မရှိနိုင်ခဲ့ပေ။

အထူးသဖြင့် အောက်ခြေဝန်ထမ်းလောကတွင် မိမိကျရာနေရာ၊ မိမိတာဝန်ယူရာ လုပ်ငန်းအပေါ် ဂုဏ်ယူတတ်စွာ ဆောင်ရွက်နိုင်မှု၊ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ပေးနိုင်မှု၊ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ပေးရမှုအပေါ် စေတနာဖြူစင်စွာ စိတ်ရောကိုယ်ပါ တင်းပြည့်ကျပ်ပြည့် ဆောင်ရွက်ပေးနိုင်သူတို့မှာ ရှာရခက်ခဲသော ရတနာတစ်ခုသဖွယ် ဖြစ်ခဲ့ရသည်။ ရှိတော့ရှိသည် ရှားပါသည်ဆိုသည့်နှယ်....။

ယနေ့ကာလသည် "ကမ္ဘာကြီးက ရွာကြီးပမာ"၊ ရွာကြီးက အိမ်လေးတစ်အိမ်မျှသာ စက္ကန့်ပိုင်းအတွင်း မြင်နိုင်ကြားနိုင်၊ သိလာနိုင်ပြီဖြစ်သည်။ ကောင်းသော လုပ်ဆောင်မှု၊ မကောင်းသော လုပ်ဆောင်မှုများကို လက်ကိုင်ဖုန်းလေးတစ်ချက်နှိပ်ရုံ၊ ပွတ်ရုံမျှဖြင့် ထင်ထင်ရှားရှား ပေါ်ထွက်လာပြီဖြစ်သည်။

ပုဂ္ဂိုလ်ရေးအရ မဟုတ်ပါ။ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသာလျှင်ဖြစ်သည်။ ထိုထိုသော အွန်လိုင်းစာမျက်နှာများထဲက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့မှာ ထင်ထင်ရှားရှားဖြစ်ခဲ့သော ပြည်သူတို့ အမှတ်ပေးများခဲ့သော ပြည်သူ့ဝန်ထမ်းကောင်းအချို့အား ပုံနှိပ်စာမျက်နှာထက်သို့ တင်၍ ဂုဏ်ပြုဖော်ပြလိုက်ပါသည်။

စမ်းချောင်းမြို့နယ်

စမ်းချောင်းမြို့နယ်သည် အလွန်ကျယ်ဝန်းသော မြို့နယ်တစ်ခုဖြစ်သည်။ ရေစီးရေလာအတွက် အဓိကကျောရိုးမှာ အောင်ချမ်းသာမြောင်းကြီးဖြစ်သည်။ မိုးတွင်းအခါ အောင်ချမ်းသာမြောင်းကြီးဆီသို့ ကမာရွတ်၊ ဗဟန်း၊ ဒဂုံမြို့နယ်တို့ဆီမှ ရေများက ဒလဟောစီးဝင်လေ့ရှိတတ်သည်။ မိုးသည်းသည့်အခါ ကျောင်းကြီးဘေးနားရှိ အောင်ချမ်းသာရပ်ကွက်မှာ နှစ်စဉ်ရေကြီးရေလျှံ၊ ရေဝင်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ထို့အတွက် မြေညီအောက်ထပ်အခန်းများရှေ့တွင် ရေကာတုတ်(ရေတား)များ ပြုလုပ်ထားကြရသည်။

ထို့အတူ ဗားကရာလမ်းနှင့် ဗဟိုလမ်း (ရှမ်းလမ်း)ထောင့်ဆုံတွင် မိုးလေးနည်းနည်းသည်းလိုက်သည်နှင့် ရေပင်လယ်ကြီးဖြစ်ပြီး ယာဉ်အသွားအလာ၊ လူအသွားအလာတို့မှာ ခက်ခက်ခဲခဲဖြစ်ခဲ့ရသည်။

လမ်းဘေးတစ်လျှောက် ရေနုတ်မြောင်းများကို မိုးမတိုင်မီ နှစ်စဉ်ရှင်းလင်းသော်လည်း ရေလျှံခြင်းဒုက္ခကို အနီးအနားဝန်းကျင်ရပ်ကွက်များက ခံစားရမြဲဖြစ်သည်။

ဤတွင် စမ်းချောင်း(မြောက်)ရပ်ကွက် မင်္ဂလာလမ်းနေ မြို့နယ်စည်ပင်သာယာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမြလှိုင်က ဗဟိုလမ်း(ရှမ်းလမ်း) အောက်တစ်လျှောက်တွင် အင်္ဂလိပ်လက်ထက်က တူးခဲ့သော ရေမြောင်းကြီးတစ်ခု ရှိခဲ့ကြောင်း ၎င်းမြောင်းကြီးအား ရှင်းလင်းမှုမရှိခဲ့သည်မှာ နှစ်ပေါင်း ၂၀ ဝန်းကျင်ရှိပြီး ဗဟိုလမ်းအဖြစ် ပြန်ခင်းစဉ်က ရေဝင်ပေါက်နေရာများကို ပိတ်ဆို့ထားခဲ့မှုနှင့် မြောင်းကြီးအတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်သည့် နေရာများကို လိုက်လံပြသခဲ့သည်။

သို့အတွက် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မိုးနှင့် တာဝန်ရှိသူများက မေ ၁၁ ရက်တွင် စတင်လေ့လာမှုများ ပြုခဲ့ကြရသည်။

မြောင်းအရှည်မှာ ဗားကရာလမ်းဆုံမှသည် အောင်ချမ်းသာမြောင်းကြီးဆီသို့ ပေ ၁၆၀၀ ရှည်လျားပြီး ဂငယ်ပုံသဏ္ဍာန် အကျယ်ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ဗားကရာရေးဟောင်းမြောင်းကြီးတစ်ခုအဖြစ် တွေ့ရသည်။ ဗားကရာလမ်းထိပ်ဘက်အခြမ်းတွင် ကျယ်ဝန်းသော်လည်း အောင်ချမ်းသာသို့ အထွက်တွင်မူ လူတစ်ကိုယ် အဝင်ထွက်နိုင်ရုံမျှသာ ရှိသည်ကို တွေ့ရသည်။

မေ ၁၄ ရက်တွင် စီမံရေးရာဌာန (ရေစီးရေလာတာဝန်ခံ) ဦးအောင်ကိုမင်း ဦးဆောင်၍ မြောင်းရှင်းလုပ်သား ၁၀ ဦးတို့ဖြင့် ရှင်းလင်းမှုကို စတင်ခဲ့သည်။

ထင်ထားသည်ထက် ပိုမိုအခက်အခဲများ ရှိလာခဲ့သည်။ မြောင်းကြီးတစ်လျှောက် အမှိုက်ထုမှာ လေးပေခန့်ရှိပြီး အမှိုက်မှဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များနှင့်အတူ ကြီးမားသော ကင်းမလက်မည်းကြီးများကြောင့် စိုးရိမ်စရာအခြေအနေများနှင့် ကြုံတွေ့လာခဲ့ရသည်ဟု မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မိုးက ပြောကြားမှုရှိခဲ့သည်။

မြောင်းရှင်းခေါင်းဆောင် ဦးအောင်ကိုမင်းက

စမ်းချောင်းမြို့နယ်မှ မြောင်းရှင်းအဖွဲ့ခေါင်းဆောင် ဦးအောင်ကိုမင်းအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

"အောက်ခြေဝန်ထမ်းလောကတွင် မိမိကျရာနေရာ၊ မိမိတာဝန်ယူရာ လုပ်ငန်းအပေါ် ဂုဏ်ယူတတ်စွာ ဆောင်ရွက်နိုင်မှု၊ အများပြည်သူ အကျိုးအတွက် ဆောင်ရွက်ပေးနိုင်မှု၊ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ပေးရမှု အပေါ် စေတနာဖြူစင်စွာ စိတ်ရောကိုယ်ပါ တင်းပြည့်ကျပ်ပြည့် ဆောင်ရွက်ပေးနိုင်သူတို့မှာ ရှာရခက်ခဲသော ရတနာတစ်ခုသဖွယ်ဖြစ်ခဲ့"

"အထဲမှာ အမှိုက်တွေပေါ်က စီးဆင်းနေတဲ့ ရေဆိုးတွေ၊ အောက်ခြေက အနိမ့်အမြင့် မညီညာတဲ့ အမှိုက်ထု၊ ခေါင်းပေါ်က မီးဆလိုက်အားလေးနဲ့ပဲ အရဲတိုး ဆောင်ရွက်ခဲ့ရတာပါ။ ဒီကြားထဲ လက်မလောက်ရှိတဲ့ ကင်းမလက်မည်းကြီးတွေက အမှိုက်တွေကြားထဲက ထွက်ထွက်လာတတ်တယ်။ အဆိုးဆုံးကတော့ အဲဒီအထဲမှာဖြစ်နေတဲ့ အငွေ့က အသက်ရှူရတာ တစ်ခါတစ်ခါ ကျပ်ကျပ်လာတတ်ပါတယ်"ဟု ကြုံတွေ့မှုကို ပြောပြ၍ သိခဲ့ရသည်။

သို့အတွက် မေ ၁၅ ရက်တွင် မြို့နယ်မီးသတ်အဖွဲ့၏ အကူအညီယူ၍ Blower (လေမှုတ်စက်)ဖြင့် မြောင်းအတွင်းသို့ လေသွင်းပြီး အန္တရာယ် ရှိမရှိ၊ ဆက်လက်၍ ဆောင်ရွက်နိုင်ခြေ ရှိ မရှိ ထပ်မံစမ်းသပ်လေ့လာမှုများ ပြုလုပ်ခဲ့ရသည်ဟု သိရသည်။ လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရာ အထဲတွင် အောက်ဆီဂျင်မပြတ်စေရေးအတွက် လေမှုတ်စက် ဆက်တိုက်ဖွင့် ဆောင်ရွက်ခဲ့ကြရသည်။

မြောင်းကြီးအတွင်း၌ စည်းကမ်းမဲ့သူတို့ အနှစ်နှစ် အလလက စွန့်ပစ်ထားသော ပလတ်စတစ်အိတ်များ၊ ရေသန့်ဘူးများ၊ ဖော့ဘူးများ၊ အချိုရည်ပုလင်း၊ အရက်ဘီယာ ပုလင်းဘူးခွံများ၊ ပလတ်စတစ်ဘောလုံးများက ထုနှင့်ထည်နှင့် တည်ရှိနေသည်။

မေ ၁၄ ရက်မှ မေ ၂၄ ရက်အထိ သယ်ထုတ်ခဲ့ရပြီး လေးတန်ယာဉ်ငယ်အစီး ၃၀ စာမျှ ရှိခဲ့သည်ဟု လက်ထောက်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းနိုင်ထံမှ ကြားသိခဲ့ရသည်။

စွန့်စွန့်စားစား မြွေမကြောက်၊ ကင်းမကြောက်၊ အသက်အန္တရာယ်နဲ့ပင် နီးကပ်စွာ ဆောင်ရွက်မှုတို့က အွန်လိုင်းစာမျက်နှာမှတစ်ဆင့် ပြည်သူများ၏ ရင်ဘတ်အတွင်းသို့ ထိမှန်စေခဲ့သည်။ ပြည်သူ့အကျိုးပြုလုပ်ငန်းကို တာဝန်ကျေရုံ၊ လူကြီးကျေနပ်ရုံဖြင့် လုပ်ဆောင်ခြင်းမဟုတ်ခဲ့သည်မှာ လုပ်ငန်းက သက်သေပြခဲ့ပြီဖြစ်သည်။

မေ ၃၁ ရက်က ရွာသွန်းခဲ့သော မိုးများသည်းခဲ့သော်လည်း ရေတင်ခြင်း၊ ရေလျှံခြင်း မရှိခဲ့သည်ကို တွေ့လာရသည်။ ကျန်ရှိနေသော ရေဆင်းပေါက် နှစ်ခုကိုသာ ထပ်မံဖွင့်လှစ်နိုင်ပါက ပိုမိုစိတ်ချရသော အခြေအနေအထိ ဖြစ်လာနိုင်မည်ဟု ဦးမြလှိုင်ကပင် မှတ်ချက်ပေးခဲ့သည်။

သို့အတွက်ကြောင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ စည်ပင်အရာရှိများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနမှ အုပ်ချုပ်ရေးမှူးနှင့်တကွ မြို့မိ မြို့ဖများ၊ ရပ်ကွက်ပြည်သူများက ဇွန် ၁ ရက်တွင် မြောင်းရှင်းလုပ်သားများကို အထူးဂုဏ်ပြုပွဲဖြင့် ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ကမာရွတ်မြို့နယ်

ထို့အတူ အွန်လိုင်းစာမျက်နှာထက်တွင် ပြည်သူက အမှတ်ပေးများခဲ့သူ တစ်ဦးကို ကမာရွတ်မြို့နယ်အတွင်း သွားရောက်ရှာဖွေခဲ့သည်။

ဇွန် ၁ ရက် နံနက် ၆ နာရီခန့်တွင် သူမကို လှည်းတန်းဈေးအနီးတွင် တွေ့ဆုံခွင့်ရခဲ့သည်။ သူမ၏ အမည်က ဒေါ်ဖြူဖြူဝင်းဟု သိခဲ့ရသည်။ အသက်အားဖြင့် ၅၀ ဝန်းကျင်ခန့်ရှိမည်။

လာရောက်ရှာဖွေတွေ့ဆုံရခြင်း အကြောင်းကို စတင်ပြောပြခဲ့ရာ နှစ်လိုဖွယ်သော အပြုံးဖြင့် "ကျွန်မကတော့ ကျွန်မအလုပ်ကို ကျွန်မလုပ်နေတာပါ။ ဘယ်သူရိုက်လိုက်တယ် မသိဘူး။ လိုင်းပေါ်မှာ ပေါ်လာတော့ သူများတွေပြလို့ သိရတာပါ" ဟု ဆိုသည်။

သူမ သန့်ရှင်းရေးတာဝန်ယူခဲ့ရသော နေရာမှာ လှည်းတန်းဈေးရှေ့ဝန်းကျင် ကားလမ်းမတစ်လျှောက်ဖြစ်သည်။ အမှိုက်ပုံးကြီး ၁၄ ပုံးဖြစ်သည်။ သုံးနေရာခွဲခြားချထားပြီး စွန့်ပစ်လာသော အမှိုက်များကို ရှင်းလင်းရခြင်းဖြစ်သည်။ ထူးခြားသည်မှာ ၎င်းတာဝန်ယူရာ အမှိုက်ပုံးများမှာ ညစ်ပတ်နေမှု လုံးဝမရှိ။ ဝင်းဝါသော ဆေးသားတို့က ပကတိသွင် ရှိနေခြင်းပင်ဖြစ်သည်။

သူမက "ကျွန်မက မနက် ၅ နာရီဆို အလုပ်ကို လာတယ်။ အမှိုက်လှည်းတဲ့ လမ်းကြောင်းက ၆ နာရီစတယ်။ လမ်းကြောင်းပြီးတာနဲ့ ကျွန်မတာဝန်ယူထားရတဲ့ အမှိုက်ပုံးတွေကို သူ့အလှည့်နဲ့သူ အတွင်းရော အပြင်ပါ ဆေးကြောတယ်။ ကျွန်မက ဒီအလုပ်သာလုပ်တာ အသန့်ကြိုက်တယ်။ အမှိုက်ပုံးဆိုပေမယ့် ညစ်ပတ်ပေရေနေရင် အနားမကပ်ချင်ကြဘူး။ အဝေးကပဲ လှမ်းပစ်တတ်ကြတယ်။ အချို့အမှိုက်ထုပ်တွေက ပုံးထဲတည့်တည့် မကျဘဲ လမ်းပေါ်မှာ ပြန့်ကျဲနေတတ်ပါတယ်။ အဲဒီတော့ ပတ်ဝန်းကျင်မှာ အညစ်အကြေးတွေနဲ့ ကျန်းမာရေးကိုလည်း ထိခိုက်စေပါတယ်။ အခုလို အမှိုက်ပုံးက သန့်နေတော့ အနီးအထိလာပြီး ထည့်ကြမယ်။ **အချပ်ပို(ဃ)သို့**

မြောင်းအတွင်း၌ ဦးခေါင်းပေါ်ရုံသာ နေရာများ၌ အမှိုက်များကို ခက်ခက်ခဲခဲ ရှင်းလင်းဆောင်ရွက်ခဲ့ရစဉ်။

မြောင်းအတွင်း၌ အမှိုက်များ ရှင်းလင်းပြီးနောက် တွေ့ရစဉ်။

အချပ်ပို(ဂ)မှ

ပတ်ဝန်းကျင်မှာပါ သန့်ရှင်းမှုတွေ ရှိလာမယ်။ လမ်းသွားလမ်းလာတွေအတွက်နဲ့ အနီးပတ်ဝန်းကျင်ပါ ကောင်းလာနိုင်မယ်လို့ ကျွန်မယုံကြည်ချက်နဲ့ ကျွန်မလုပ်တာပါ။ ဒီလိုကောင်းတဲ့မှတ်ချက်တွေနဲ့ ဖြစ်လာတဲ့အတွက် ကျွန်မတင်မက ကျွန်မဌာနကပါ ဝမ်းသာကြပါတယ်။ အနိမ့်ဆုံးဘဝနဲ့ အနိမ့်ဆုံးအလုပ်ကို လုပ်ရပေမယ့် အများအတွက် လုပ်ရတာဖြစ်တဲ့အတွက် ကျွန်မအလုပ်ကို ကျွန်မဂုဏ်ယူပါတယ်။ စိတ်ထားကောင်းရင် အလုပ်လည်းကောင်းသွားမှာပါ''ဟု ဆိုခဲ့သည်။

ဗဟန်းမြို့နယ်

ဓမ္မစေတီလမ်းနှင့် လင့်လမ်း လမ်းဆုံတွင် မီးပွိုင့်မရှိပေ။ လမ်းသုံးဘက်မှလာသော ကားများက စက္ကန့်မလပ် ဖြတ်သန်းမောင်းနှင်နေကြသည်။ များပြားသောယာဉ်များကို အဆင်ပြေ ချောမွေ့စွာသွားလာနိုင်ရေးအတွက် ယာဉ်ထိန်းရဲငယ်တစ်ဦးက ခရာမှုတ်၊ လက်ပြ၍ ထိန်းကျောင်းပေးနေသည်ကို ထိုနေရာမှ ဖြတ်သွားမိတိုင်း အမြဲလိုလို တွေ့မြင်နေခဲ့ရသည်။ လိုင်းကားမောင်းသူတစ်ဦးက ''ဒီလမ်းဆုံက ဒီရဲလေးရှိရင် အဆင်ပြေတယ်။ မီးပွိုင့်ထားတာထက် ပိုကောင်းတယ်''ဟု မှတ်ချက်ပေးဖူးသည်။

သူ့အမည်က ခင်မောင်မြင့်ဖြစ်သည်။ သူ့ကို အွန်လိုင်းမှာတင်မက မော်တော်ယာဉ်မောင်းသူတိုင်းက ချီးမွမ်းစကားဆိုခဲ့ကြသည်။ ''အသားမည်းသော်လည်း အသည်းဖြူသူ''ဟု အမွှမ်းတင်ကြသည်။ ဘယ်သောအခါမှ သစ်ပင်အကွယ်မှ ချောင်းနေခြင်းမရှိ။ ယာဉ်မောင်းသူများကို အပြစ်ရှာ စောင့်ကြည့်ခြင်းမရှိခဲ့ပေ။ အမှတ်မထင် ယာဉ်လမ်းကြောင်းမှားလာလျှင် ခွင့်လွှတ်အပြုံးဖြင့် လက်ပြ၍ လမ်းကြောင်းမှန်သို့ရောက်ရန်

ဓမ္မစေတီလမ်းနှင့် လင့်လမ်း လမ်းဆုံ၌ တာဝန်ထမ်းဆောင်နေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။

အကူအညီပေးသူဟု ကိုယ်တွေ့ကြုံခဲ့သူ စမ်းချောင်းမှ ဒေါ်မြမြမိုးက မှတ်ချက်ပေးဖူးသည်။

သူသည် နေရာသို့ရောက်လာခဲ့သည်မှာ ၂၀၁၀ ခုနှစ်လောက်ကဟု မှတ်ထင်မိသည်။ ရောက်စက လက်မောင်းတွင် တစ်ရစ်မှမပါပေ။

စေတနာသည် အစဉ်ရောင်ပြန်ဟပ်စမြဲဟု ဆိုကြသည်။ ခရီးသွားယာဉ်မောင်းသူများအပေါ် တာဝန်ဝတ္တရားအပြင် စေတနာဖြင့် စောင့်ရှောက်သူအဖို့မှာ လုပသော ရောင်စဉ်များက ပြန်လာမြဲပင် ဖြစ်သည်။

လမ်းကြောင်းမှန်ဖို့ အကူအညီပေး

တစ်ခါက လမ်းကြုံ၍ စကားပြောဖူးရာတွင် ''ကျွန်တော်က ကားတစ်စီးလာရင် ဖမ်းဖို့ ဘာမှားလာသလဲလို့ အကြည့်နဲ့ကြည့်လေ့ မရှိခဲ့ပါဘူး။ အန္တရာယ်မရှိနိုင်တဲ့ အမှားမျိုး ဖြစ်လာရင်တောင် လမ်းကြောင်းမှန်ဖို့ အကူအညီပေးခဲ့ပါတယ်။ မော်တော်ယာဉ်မောင်းသူတွေကလည်း ကျွန်တော် လမ်းဆုံမှာရှိရင် သူ့အလိုလို စည်းကမ်းတိုင်း မောင်းနှင်သွားတတ်ကြတော့ ဒီနေရာမှာ ပြဿနာ ကြီးကြီးမားမား မရှိခဲ့ဘူး''ဟု ပြောကြားပေးမှုကို ကြားထားဖူးခဲ့ရသည်။

သူ့အတွက် ဤနေရာသည် မေတ္တာပေး၍ မေတ္တာပြန်ရသော နယ်မြေဖြစ်သည်။ ပြည်သူက မေတ္တာဖြင့်ပေးသော အရာခပ်သိမ်းသည် သူ့အတွက် အင်အားများဖြစ်စေခဲ့သည်။ ပြည့်စုံလုံလောက်စေခဲ့သည်။

အွန်လိုင်းစာမျက်နှာများမှတစ်ဆင့်၊ ပုံနှိပ်မီဒီယာများမှတစ်ဆင့် ထင်ထင်ရှားရှားရှိသောသူသည် ယခုအခါ ဌာနဆိုင်ရာကပေးသော အဆင့်၊ သုံးရစ်ဟူသော ရာထူးအပြင် ပြည်သူကပေးသော ပြည်သူ့ဝန်ထမ်းကောင်းတစ်ဦးအဖြစ် သက်တမ်းရှည်စွာ ဤနေရာ ဤနယ်မြေတွင် ပြည်သူနှင့် တစ်သားတည်း ဖြစ်နေဦးမည်သာဟု ပြည်သူကပေးသော ပြည်သူ့ဝန်ထမ်းကောင်းများကို စုစည်းဖော်ညွှန်း တင်ပြလိုက်ပါသည်။ ။

အမှိုက်ပုံးများ သန့်ရှင်းနေစေရန်အတွက် နေ့စဉ် ဤသို့ဆောင်ရွက်သည်။

အချပ်ပို(က)မှ

နောက်တစ်ခါ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်တယ်။ အထပ်အမြင့်ကြီးတွေ ဆောက်တဲ့အခါမှာ တချို့က အကာအရံရှိတယ်။ တချို့က အကာအရံမရှိဘူး။ အကာအရံရှိသော်လည်း ကာထားတဲ့အရာတွေက ကျဲတဲ့အတွက် ထွက်တဲ့ အမှုန်တွေက လေထုညစ်ညမ်းမှုကို ဖြစ်စေနိုင်တယ်။ နောက်တစ်ခါ စက်မှုဇုန်တွေပေါ့။ ကုန်ထုတ်လုပ်ငန်းတွေလုပ်တဲ့အခါမှာ မီးခိုးခေါင်းတိုင်တွေ သုံးတယ်။ နောက်တစ်ခါ မီးလောင်တဲ့ကိစ္စတွေကို သုံးတယ်။ နောက်တစ်ခါ အအေးခန်းတွေသုံးတယ်။ ဒါတွေကနေ ညစ်ညမ်းတဲ့ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နဲ့ ဆာလဖာဒိုင်အောက်ဆိုက် ဓာတ်ငွေ့တွေ၊ အမှုန်တွေ ထွက်နေတာတွေ့ရတယ်။ အဲဒီအပြင် နွေရာသီမှာ လှိုင်မြစ်ရဲ့တစ်ဖက်ခြမ်းမှာ ဒလ၊ ဆိပ်ကြီးခနောင်တိုနဲ့ ကြည့်မြင်တိုင်တစ်ဖက်ကမ်းရွာတွေရှိတယ်။ အဲဒီရွာတွေမှာ စပါးခင်းတွေ ရှိတယ်။ ရွှေပြည်သာ ဘက်မှာလည်းရှိတယ်။ စပါးစိုက်ပြီးတော့ ရိုးပြတ်တွေ မီးရှို့တယ်၊ ကိုင်းတောတွေ မီးရှို့တယ်။ မီးရှို့တဲ့အခါမှာ အမှုန်တွေက ဒီဘက်ကို လာတယ်။ အဲဒီလိုနဲ့ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေတယ်။

ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူမှုနည်းလာ

သစ်ပင်တွေက ကာဗွန်ဒိုင်အောက်ဆိုက်ကို သူက စုပ်လိုက်တယ်။ စုပ်လိုက်ပြီးတော့မှ အောက်ဆီဂျင်ကို ပြန်ပေးတယ်။ အခုအခါမှာ သစ်ပင်တွေက နည်းလာတယ်။ နည်းလာတဲ့အတွက်ကြောင့်မို့လို့ ကာဗွန်ဒိုင်အောက်ဆိုက်များများ မစုပ်နိုင်တော့ဘူး။ မစုပ်နိုင်တဲ့အတွက်ကြောင့် ဒီကာဗွန်ဒိုင်အောက်ဆိုက်တွေက လေထဲသွားပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေတယ်။ ဒါက လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေတဲ့အကြောင်းအရင်းတွေပါ။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ နောက်ဖေးလမ်းကြားအမှိုက်တွေကို သိမ်းပေးနေတယ်။ နောက်ဖေးလမ်းကြားတစ်ခုလုံး ညစ်ပတ်ပြီးတော့မှ မီသိန်းဂက်စ်တွေ

မင်္ဂလာဒုံရှိ တန် ၆၀ အမှိုက်မီးရှို့စက်ရုံ။

ထွက်နေတယ်။ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ ထွက်တယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ ထွက်နေတယ်။ အမှိုက်တွေသိမ်းပေးတဲ့အတွက်ကြောင့် ဒီဂက်စ်တွေ လျော့ကျစေတယ်ပေါ့။ နောက်တစ်ခု ရေမြောင်းတွေပေါ့။ ရေမြောင်းတွေသည် ရေပဲရှိရမယ်။ ဒါပေမယ့် အမှိုက်တွေရှိနေတယ်။ အမှိုက်နဲ့ ရေနဲ့ ဓာတ်ပြုပြီးတော့မှ မီသိန်းဓာတ်ငွေ့တို့၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တို့ ထွက်နေတယ်။ ကျွန်တော်တို့က ရေမြောင်းထဲက အမှိုက်တွေကို သိမ်းပေးတဲ့အတွက်ကြောင့်မို့လို့ ကာဗွန်ဒိုင်အောက်ဆိုက်တွေက လျော့ကျသွားတယ်ပေါ့။ ဒါက လျှော့ချတဲ့အစီအစဉ် လုပ်နေတာတွေပါ။

လေထုညစ်ညမ်းမှုအတွက် ပညာပေး

ရန်ကုန်မြို့ရဲ့ လေထုအနေနဲ့က ၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိလည်း ဆက်တိုက်တိုင်းနေပါတယ်။ ဒီတိုင်းတာမှု အချက်အလက်တွေအရဆိုရင် မိုးရာသီမှာ ဓာတ်ငွေ့တွေနဲ့ အမှုန့်တွေက စံချိန်စံညွှန်းအောက်မှာရှိတယ်။ နွေရာသီမှာတော့ စံချိန်စံညွှန်းအထက်မှာ ရှိနေတာကို လေ့လာတွေ့ရှိရတယ်။ အဲဒီအပြင် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ဖို့အတွက် ကျောင်းသားတွေ၊ ပြည်သူတွေကို ပညာပေးတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေတယ်။ သူတို့ကနေ ဆင့်ပွားသိပြီးတော့မှ အမှိုက်တွေ၊ သစ်ရွက်တွေကို မီးမရှို့ရဘူး။ မြောင်းထဲကို အမှိုက်မပစ်ရဘူး။ နောက်ဖေးလမ်းကြားကို အမှိုက်မပစ်ရဘူး စသည်ဖြင့် သူတို့သိသွားတဲ့အချိန်မှာ ခုနကပြောတဲ့ ဂက်စ်တွေဟာ မထွက်တော့ဘူး။ ဒါဆိုရင် လေထုညစ်ညမ်းမှုကို လျှော့ချစေနိုင်တယ်။

မင်္ဂလာဒုံမှာဆိုရင် တန် ၆၀ အမှိုက်မီးရှို့တဲ့စက်ကို တည်ဆောက်တယ်။ ၂၀၁၅ ခုနှစ်မှာ စတည်တယ်။ ၂၀၁၇ ခုနှစ်မှာစပြီး လည်ပတ်တယ်ပေါ့။ အဲဒီစက်ရုံက တစ်နှစ်ကို ကာဗွန်ဒိုင်အောက်ဆိုက်တန်ချိန် ၄၀၀၀ ကျော်လောက်ကို ကျွန်တော်တို့ လျှော့ချနိုင်တယ်။ ဒါက လေထုညစ်ညမ်းမှုကို လျှော့ချနိုင်တဲ့ အခြေအနေဖြစ်တယ်။ နောက်တစ်ခါ ထိန်ပင်မှာ တစ်ရက်ကို တန် ၁၀၀ စွန့်ပစ်နိုင်တဲ့ ဂျပန်နည်းပညာသုံးစက်ရုံတည်တယ်။ သူက တစ်နှစ်ကို ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ တန်ချိန် ၆၇၀၀ လျှော့ချနိုင်မှာ ဖြစ်တယ်။ ဒါက ရန်ကုန်မြို့မှာ လေထုညစ်ညမ်းမှု လျှော့ချနိုင်တဲ့ အခြေအနေတွေပေါ့။

ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရန်

နောက်ပိုင်းမှာဆိုရင် ထိန်ပင်မှာ Bio Gas ထုတ်တဲ့ နည်းစနစ်လုပ်မယ်။ Bio Gas ကို တန်တစ်ထောင်ထုတ်မယ်။ တန်တစ်ထောင်ဆိုရင် ကာဗွန်ဒိုင်အောက်ဆိုက် အများကြီး လျှော့ချနိုင်မယ်။ နောက်တစ်ခါ မြေဆွေးလုပ်မယ်။ အမှိုက်ထဲကနေ အော်ဂဲနစ်တွေကိုယူပြီး မီသိန်းဓာတ်ငွေ့ ပြန်လည်ထုတ်နိုင်တဲ့အတွက်ကြောင့်မို့လို့ လေထုညစ်ညမ်းမှုကို လျှော့ချစေနိုင်တယ်။ နောက်တစ်ခါ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ UN Habitat နဲ့ ပေါင်းပြီး မနှစ်က မီးလောင်တဲ့နေရာတွေမှာရှိတဲ့ အမှိုက်တွေကို ပြန်ပြီးပြင်ဆင်တယ်။ အဲဒါတွေက လေထဲကို မီသိန်းဓာတ်ငွေ့တွေ နေ့တိုင်းထွက်နေတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ နေ့တိုင်းထွက်နေတယ်။ အခုပြန်ပြီးပြင်ဆင်လိုက်တဲ့အခါမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ လေထဲကို ထွက်ရှိမှုဟာ အလွန်ကို နည်းသွားမယ်။ အဲဒါကြောင့်မို့လို့ လေထုညစ်ညမ်းမှု လျှော့ချနိုင်တယ်။ ထားဝယ်ချောင်ဘက်မှာလည်း တန်ချိန်တစ်ထောင်လောက် အမှိုက်ပုံနေတယ်။ အဲဒါကြောင့် နေ့စဉ် မီသိန်းဓာတ်ငွေ့တွေ လေထဲကိုအများကြီးရောက်နေတယ်။ အဲဒါကိုလည်း ကျွန်တော်တို့က မီးရှို့တဲ့စက်တည်တာပဲဖြစ်ဖြစ်၊ ဘိုင်အိုဂက်စ်ထုတ်တဲ့စက်ရုံတည်ဆောက်တာပဲဖြစ်ဖြစ် လုပ်လိုက်မယ်ဆိုရင် ကာဗွန်ဒိုင်အောက်ဆိုက်တွေ အများကြီးလျှော့ချနိုင်တယ်။ မီသိန်းဓာတ်ငွေ့တွေ အများကြီးလျှော့ချနိုင်တဲ့အတွက်ကြောင့်မို့လို့ ဒါလည်း လေထုညစ်ညမ်းမှုကို လျှော့ချနိုင်မယ်။

ရန်ကုန်မြို့မှာ smoke free zone ဆိုပြီး လုပ်ထားတာရှိတယ်။ လူတွေက နေရာတိုင်းမှာ ဆေးလိပ်သောက်နေတယ်။ ဒါကြောင့်မို့လို့ ဆေးလိပ်မသောက်ရနယ်မြေတွေ လုပ်ထားတာရှိတယ်။ အဲဒီနယ်မြေတွေဟာ လေထုညစ်ညမ်းမှုကို လျော့ပါးစေနိုင်ပါတယ်။ ဒီ့အပြင် ရန်ကုန်မှာ သစ်ပင်တွေ စိုက်ထားတာရှိတယ်။ သစ်ပင်တွေကနေ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူတယ်။ အောက်ဆီဂျင်ကို ပြန်ပေးတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်မြို့ရဲ့ အစိမ်းရောင်ဇရိယာတွေမှာ သစ်ပင်များများ စိုက်ပျိုးနိုင်မယ်ဆိုရင် ကာဗွန်ဒိုင်အောက်ဆိုက်ကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ။